မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၇၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၂၄ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဟနွိုင်းမြို့ရှိ စက်မှုဇုန်နှင့် မြို့သစ်စီမံကိန်းတို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၃

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မတ် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ဟိုချီမင်းပြတိုက်သို့ရောက်ရှိပြီး ပြတိုက်အတွင်း ဗီယက်နမ် အမျိုးသားတော်လှန်ရေးခေါင်းဆောင် ဟိုချီမင်း၏ နိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု သမိုင်း မှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည် ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် Dong Anh ခရိုင် အတွင်း ဗီယက်နမ်-ဂျပန် အကျိုးတူပူးပေါင်းဆောင်ရွက် နေသည့် Thang Long Industrial Park ကို သွားရောက် လေ့လာရာ စက်မှုဇုန် Techno Center ၌ စက်မှုဇုန် ညွှန်ကြားရေးမှူးချုပ် Mr. Tomoyasu Shimizu နှင့် တာဝန်ရှိသူများက စက်မှုဇုန်အား အဆင့်လိုက် အကောင် အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် စက်မှုဇုန်အတွင်း အသေးစား၊ အလတ်စားနှင့် အကြီးစား စက်မှုလုပ်ငန်းများ အား နေရာချထားပေးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ဆောင်ရွက်နေမှုနှင့် Apartment Factory များ ဖွင့်လှစ် ထားမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု သည်။

Thang Long Industrial Park ကို ဗီယက်နမ်-ဂျပန် နှစ်နိုင်ငံ အကျိုးတူပူးပေါင်း၍ ၁၉၉၈ ခုနှစ်တွင် ဗီယက်နမ် နိုင်ငံ မြို့တော်ဟနွိုင်းနှင့် နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်အကြားရှိ မြေဧရိယာစုစုပေါင်း ၂၇၄ ဟက်တာ တွင် အဆင့်(၃)ဆင့်ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်၌ စက်မှုဇုန်ဖော်ထုတ်မှုလုပ်ငန်းများပြီးစီး၍ ပြည်တွင်း ပြည်ပမှ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ASEAN Chamber of Commerce and Industry (ASEAN CCI) နှင့် Vietnam Chamber of Commerce and Industry(VCCI) ၏ ဥက္ကဋ္ဌဖြစ်သူ Dr.VU TIEN LOC နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ Daewoo International Corp မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သည်လည်းကောင်း ခေတ္တတည်းခိုသည့် Melia Hanoi ဟိုတယ် Bussiness Center ၌ အသီးသီး လာရောက် တွေ့ဆုံကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟနွိုင်းမြို့အနောက် ဘက်တွင် VINACONEX မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် An Khanh(Splendora) မြို့သစ် စီမံကိန်းကို သွားရောက် ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာ တာဝန်ရှိသူများက မြို့သစ်ဖော်ထုတ်ပြီးစီးမှု၊ အဆောက် အအုံများ တည်ဆောက်နေမှုတို့ကို လိုက်လံ ရှင်းလင်းပြသ ကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ ▲

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဟနွိုင်းမြို့အနောက် ဘက်တွင် VINACONEX မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် An Khanh(Splendora) မြို့သစ်စီမံကိန်းကို သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ခွန်အားပြည့်ဖြိုးစေသည့် အချိုရည်များသောက်သုံးလျှင် နှလုံးရောဂါနှင့်သွေးတိုးရောဂါများ ဖြစ်ပွားနိုင်

မောင်သစ္စာ-ရေးသားသည်

ခွန်အားပြည့် အချိုရည်များကို သောက်သုံးလေ့ရှိသူများသည် သွေး ပေါင်ချိန်မြင့်တက်မှုနှင့် နှလုံး ရောဂါများဖြစ်ပွားမှုကို တိုးမြင့်စေနိုင် ကြောင်း အမေရိကန်ကျန်းမာရေး သုတေသနပညာရှင်များက ပြောကြား သည်။

ခွန်အားပြည့်ဖြိုးစေသည့် အချို ရည်များသောက်သုံးခြင်းသည် ခန္ဓာ ကိုယ်အတွင်း သွေးလည်ပတ်စီးဆင်း မှုဖြစ်စဉ်နှင့်နှလုံး၏ ပုံမှန်လုပ်ငန်း များကို ထိခိုက်စေကြောင်း အမေရိကန် နှလုံးအဖွဲ့၏ ၂၀၁၃ ခုနှစ်ဆွေးနွေးပွဲ တစ်ရပ်၌ သုတေသနပညာရှင်များက ပြောကြားသည်။

ဖော်ပြထား

ထိုသို့ သုတေသနပြုလုပ်ခဲ့ရာတွင် ခွန်အားပြည့်ဖြိုးစေသည့် အချိုရည် များကို သောက်သုံးသည့် လူသုံးဦး လျှင် တစ်ဦးမှာ သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့ ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ကြသည်ဟု ၎င်းတို့၏ သုတေ သနပြုချက်၌ ဖော်ပြထားသည်။

အင်အားပြည့်ဖြိုးစေသည့် အချို ရည်များကို သောက်သုံးပြီး စက္ကန့်ပိုင်း အကြာ၌ပင် သွေးလည်ပတ်စီးဆင်းမှု ထူးခြားစွာပြောင်းလဲသွားသည့်အပြင် နှလုံးသွေးကြောများလည်း ထိခိုက်မှု ဖြစ်စေသည်ကို တွေ့ရှိခဲ့ရသည်ဟု သုတေသနပညာရှင်က ပြောကြား သည်။

အင်အားပြည့်ဖြိုးစေသည့် အချို ရည်များသောက်သုံးလေ့ရှိသူများ၏ နှလုံးပျက်စီးမှုရှိမရှိကိုမူ ဆက်လက် သုတေသနပြုသွားရမည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ က ပြောကြားသည်။ **(ဆင်ဟွာ)**

သ တင်း မာ တိ ကာ

လူတို့အတွက် အထောက်အပံ့များစွာဖြစ်သည့် သစ်တောသစ်ပင်များ တစ်နှစ်ထက်တစ်နှစ် တိုးပွားအောင် စိုက်ပျိုးထိန်းသိမ်းသွားအပ် *ခေါင်းကြီး* စာ - ၂

အိပ်ပျက်ခြင်းက အဝလွန်စေနိုင်သည်ဟုဆို စာ - ၅

ပေါ်တူဂီတို့ သရေပွဲဖြစ်ခဲ့တဲ့ ဥရောပဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲ စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ထာဝရ သယံဇာတ

လူတို့အနေဖြင့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနှင့် တွင်းထွက်ပစ္စည်းများကို သယံဇာတများအဖြစ် ထုတ်ယူသုံးစွဲခဲ့ကြသည်။ စင်စစ် ထိုသယံဇာတများသာမက ဤသတ္တလောကကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော လူအများစုကြီးအတွက် များစွာအထောက်အပံ့ဖြစ်စေသော သယံဇာတများကို ရှာဖွေစဉ်းစားကြည့်ပါသော် သစ်တောသစ်ပင်များသည်လည်း လူသားထုတစ်ရပ်လုံးအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်သည်ကို ယုံမှားဖွယ်မရှိ တွေ့မြင်နိုင်ပေသည်။ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့သည် လှပတင့်တယ်ခြင်း၊ ဂုဏ်ရှိခြင်းတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်သကဲ့သို့ သစ်တော သစ်ပင်တို့သည်လည်း လူသားတို့အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေနိုင်သည့် အဓိကမဏ္ဍိုင်ကြီးပင်ဖြစ်ပါသည်။ ထို့အပြင် တစ်ဝ သစ်တောသစ်ပင်တို့သည် ရေမြေရာသီ ဥတုနှင့် သဘာဝဝန်းကျင်တည်တံ့ညီညွတ်ရေး၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ်တည်တံ့ရေးတို့အတွက် များစွာအထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

ကျောက်သံပတ္တမြားနှင့် စိန်၊ ရွှေ၊ ငွေ တွင်းထွက်ပစ္စည်းတို့မည်သည် လူတို့ ထုတ်ယူသုံးစွဲမှုများပါလျှင် ကုန်ဆုံးနိုင်ဖွယ်သာရှိ၏။ သစ်တောသစ်ပင်တို့သည်ကား ကုန်နိုင်ခန်းနိုင်ဖွယ်မရှိချေ။ အကြောင်းသည်ကား "သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသည့်ဆောင်ပုဒ်အတိုင်း နှစ်စဉ်နှစ်တိုင်း သစ်ပင်များ စိုက်ပျိုးနေကြမည်၊ ရှိပြီးသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ကြမည်ဆိုပါက ထာဝစဉ်ထုတ်ယူသုံးစွဲသွားနိုင်မည်ဖြစ်ခြင်းကြောင့်ပေတည်း။ သစ်တောသစ်ပင်တို့ကို လူတို့၏ လိုအပ်ချက်အရ ခုတ်ယူသုံးစွဲနေကြလင့်ကစား အလွန်အကျွံ မထုတ်ယူသမျှ ကုန်ခန်းသွားလိမ့်မည်မဟုတ်ချေ။ သစ်တောသစ်ပင်များရှိရာတွင် သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သည့်အပင်များကိုသာ ခုတ်ယူသုံးစွဲသောစနစ်အစား ယခုအခါ သစ်တောသစ်ပင်များကို စိုက်ပျိုးပြုစုပျိုးထောင်၍ သုံးစွဲသောစနစ်သို့ ပြောင်းလဲနေကြပြီဖြစ်သည်။

လာမည့် ၂၀၁၃ ခုနှစ် မိုးရာသီတွင် သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် စီးပွားရေးစိုက်ခင်း ၁၃၃၂၅ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၇၅ ဧကနှင့် ကျေးရွာသုံးစိုက်ခင်းဧက ၁၁၀၀ စိုက်ပျိုးသွားရန် လျာထားလျက်ရှိကြောင်း သိရပေသည်။ စီးပွားရေးစိုက်ခင်းများတွင် ကျွန်း၊ ပျဉ်းကတိုးကဲ့သို့ သစ်မာအဖိုးတန်သစ်များကို စိုက်ပျိုးစေခြင်းဖြစ်သည်။ ရေဝေရေလဲသစ်တောများမှာမူ ရာသီဥတုကောင်းမွန်ရေးအတွက် အဓိကစိုက်ပျိုးသော သစ်တောများဖြစ်သည်။ ကျေးလက်သုံးစိုက်ခင်းများဟူသည် အကြီးမြန်စေသည့် ထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းပင်ဖြစ်၏။ ထို့အပြင် ကျေးလက်စိုက်ခင်းများသည် လယ်ယာလုပ်ငန်းခွင်သုံးအပြင် နေအိမ်ဆောက်လုပ်မှုအတွက်လည်း သုံးနိုင်သော စိုက်ခင်းများဖြစ်သည်။

ထို့ကြောင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့သည်ကား လူတို့ထုတ်ယူပါများသော် ကုန်နိုင်ခန်းနိုင်၏။ သစ်တောသစ်ပင်တို့မှာမူ နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးနေကြမည်ဆိုပါက ကုန်ခန်းမသွားနိုင်။ သို့ဖြစ်၍ သစ်တောသစ်ပင်တို့သည် ထာဝရသယံဇာတများဟု မှတ်ယူကြကုန်လျက် လူတို့အတွက် အထောက်အပံ့များစွာဖြစ်သည့် သစ်တောသစ်ပင်များ တစ်နှစ်ထက်တစ်နှစ် တိုးပွားအောင် စိုက်ပျိုးထိန်းသိမ်းသွားအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် မတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး H.E.Mr. Pascal CANFIN သည် မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အလားအလာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုပြင်ရန်လိုအပ်ချက်များကို တည့်မတ်ပြုပြင်ဆောင်ရွက်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ အရ/အသုံးစာရင်းများကို စစ်ဆေးရာတွင် အရ/အသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု/မပြု စစ်ဆေးဆောင်ရွက်လျက်ရှိရာ စစ်ဆေးတွေ့ရှိချက်များမှန်ကန်မှု၊ ခိုင်မာမှု၊ ပီပြင်မှု၊ မျှတမှုရှိရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အပြုသဘောဆောင်ပြီး စေတနာဖြင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုပြင်ရန်လိုအပ်ချက်များကို တည့်မတ်ပြုပြင်ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ စာရင်းစစ်များအားလုံးသည် ဝန်ထမ်းစည်းကမ်းနှင့်အညီ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြရန်လိုကြောင်း၊ မတ် ၃၁ ရက်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကုန်ဆုံးမည်ဖြစ်၍ ဧပြီ ၁ ရက်မှစပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အရ/အသုံးစာရင်းများကို စတင်စစ်ဆေးပေးရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ စာရင်းစစ်ဆေးမှုများကို မှန်ကန်စွာ၊ တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များ၊ ညွှန်ကြားရေးမှူးများမှ ညှိနှိုင်းဆွေးနွေးကြခြင်းသာမက အလုပ်ရုံဆွေးနွေးခြင်းပါ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က မတ် ၂၁ ရက် နံနက် ၉ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာရင်းစစ်ချုပ်များ၊ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ မတ် ၂၂ ရက် နံနက် ၉ နာရီက ဒုတိယနေ့ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အန္တရာယ်ရှိသည့်ဓာတ်တိုင် လဲလှယ်ရန်လိုအပ်

ထင်သာမြင်သာ ပြုပြင်စရာ

စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ ကျောင်းကြီးလမ်း (ဗုဒ္ဓပြတိုက်နောက်ဘက်လမ်း) တစ်လျှောက်ရှိ လျှပ်စစ်တိုင်များသည် သစ်သားတိုင်များဖြစ်သည်။ နှစ်ကာလကြာလာပြီဖြစ်၍ ယခုယိုင်လဲနေကြပြီ။ တချို့ဆိုယခုဓာတ်ပုံပါကဲ့သို့ ကြိုးဖြင့်တုပ်ကာ အပင်များနှင့် ချည်နှောင်ထားရသည်။ (ဓာတ်ပုံပါတိုင်မှာ ကွမ်းသီးပင်နှင့် ချည်နှောင်ထားခြင်း ဖြစ်သည်။) စစ်တွေမြို့တွင် လျှပ်စစ်မီး ၂၄ နာရီ ပတ်လုံး ပေးနေသည်။ မတော်တဆ တိုင်လဲကျပါက အချိန်မရွေးလျှပ်စစ်အန္တရာယ်ရှိနိုင်သည်။ ဤလမ်းဘေးတွင် အလက(၈)နှင့် ပုံကျဈေးလည်း ရှိသည်။ လူသွားလူလာများသည်။

ရပ်ကွက်တာဝန်ရှိသူများက သက်ဆိုင်ရာသို့ တင်ပြပြီးဖြစ်သည်။ စစ်တွေမြို့တွင် အခြားလမ်းများ၌ ကွန်ကရစ်တိုင်များ တပ်ဆင်ပြီးဖြစ်သည်။

သို့သော် ဤလမ်းမှတိုင်များက ယခင်အတိုင်း သစ်သားတိုင်ဘဝမှ မပြောင်းလဲနိုင်သေး။ မကြာမီ မိုးရာသီကြို နွေမိုးများရွာတော့မည်။ ပြီးနောက် မိုးကျတော့မည်။ ပို၍ပို၍ အန္တရာယ်ရှိလာပြီ။ သို့ဖြစ်ပါ၍ ခရီးသွားများအား "လျှပ်စစ်တိုင်လဲနိုင်သည် သတိထားကြ"ဟု ထင်သာမြင်သာကဏ္ဍမှ အသိပေးလိုက်ပါသည်။

စောလွင် (စစ်တွေ)

သစ်ခွဲသားများ လွတ်လပ်စွာ ဝယ်ယူသယ်ပို့နိုင်

တောင်ကြီး မတ် ၂၃

၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ရောင်း/စက် အရောင်းဆိုင်များတွင် သစ်ခွဲသားများကို မည်သူမဆို လွတ်လပ်စွာ ဝယ်ယူခွင့်ရရှိပြီး မိမိသယ်ယူသွားလိုသည့် ပြည်တွင်း မည်သည့်ဒေသမဆို သယ်ယူသွားနိုင်ကြောင်း မတ် ၂၁ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ် မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာက ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ထွန်း (TGI)

ကျောက်တော်မြို့၌ စက်မှုလယ်ယာ ဧက ၁၀၀ ဖော်ထုတ်

ကျောက်တော် မတ် ၂၃

နိုင်ငံတော်မှ ထောက်ပံ့ငွေဖြင့် စက်မှုလယ်ယာ စနစ်တကျလယ်မြေဧက ၁၀၀ ဖော်ထုတ်နေသည့် ကျောက်တော်မြို့နယ် တောင်ထောင်အုပ်စု ဂါပုကျေးရွာရှိ တောင်သူဦးမောင်ထွေး၏ လယ်မြေသို့ မတ် ၈ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးသာလူချေ၊ ကျောက်တော်မြို့နယ်အမှတ်(၁)မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှကျော်တို့ လာရောက်ကြည့်ရှုအားပေးကာ ပြီးစီးမှုအခြေအနေကို သွားရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါ လယ်မြေဧက ၁၀၀ ဖော်ထုတ်စစ်ဆေးသည့်နေရာသို့ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၂၀ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးများနှင့် တောင်သူများက လယ်ကွင်းအတွင်း လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ပါတီအတွင်းရေးမှူးတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မတ် ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဟိုချီမင်းမြို့ရှိ ပြည်သူ့ကော်မတီရုံး၌ ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာလီဟွမ်ကွမ်းအားလည်းကောင်း၊ ညနေပိုင်းတွင် ဟိုချီမင်းမြို့ ပြန်လည် စည်းလုံးညီညွတ်ရေးနန်းတော် (Reunification Palace) ၌ ဟိုချီမင်းမြို့ ပါတီအတွင်းရေးမှူး မစ္စတာလီသန်ဟိုင်အား လည်းကောင်း လက်ခံတွေ့ဆုံသည်။

ပြန်လည်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် အစဉ်အလာအရ ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများရှိသည့်အပြင် ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့တို့ကို ညီအစ်ကိုမြို့များအဖြစ် ၂၀၁၁ခုနှစ် စတုတ္ထအကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံ ခေါင်းဆောင်များက သတ်မှတ်ခဲ့ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်လည်ပတ်မှုနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းလာကြောင်း၊ နှစ်နိုင်ငံ အစိုးရအဖွဲ့များသာမက မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးဖော်ဆောင်မှုအရ အောင်မြင်မှုများရရှိ လာပြီဖြစ်သော်လည်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ရန် များစွာကျန်ရှိနေဆဲ ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်များ ပြဋ္ဌာန်းပြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားရာ ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ဟိုချီမင်းမြို့ ပါတီအတွင်းရေးမှူးတို့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ တစ်ဆင့် နှစ်နိုင်ငံပြည်သူများအတွက် ကောင်းမွန်ပြည့်စုံသည့်အနာဂတ်များ ဖန်တီးပေးနိုင်မှာဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဟိုချီမင်းမြို့ရှိ ပြည်သူ့ကော်မတီရုံး၌ ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာလီဟွမ်ကွမ်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဟိုချီမင်းမြို့ ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ဟိုချီမင်းမြို့ ပြဇာတ်ရုံ၌ ရိုးရာယဉ်ကျေးမှုအနုပညာဖျော်ဖြေတင်ဆက်မှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မလိုလားအပ်သော ပဋိပက္ခအတားအဆီးမျိုးစုံသည် အသွင်ပေါင်းစုံဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လျက်ရှိရာ ပြည်သူလူထုအနေဖြင့်

ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ခြင်းမပြုဘဲ အသိ၊ သတိဖြင့် တားဆီးရန် မေတ္တာရပ်ခံ

နေပြည်တော် မတ် ၂၃

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က မတ် ၂၀ ရက်တွင် မိတ္ထီလာမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ သဘောထားကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(ဘာသာအသီးသီးမှ ဘာသာဝင်များသို့ မေတ္တာရပ်ခံခြင်းနှင့် ဘာသာပေါင်းစုံမှ သာသနာ့ခေါင်းဆောင်များ၏ သဘောထားကြေညာချက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင် မတ်လ ၂၀ ရက်နေ့က ဖြစ်ပွားခဲ့သော အရောင်းအဝယ်အငြင်းပွားမှုမှ အစပြုကာ ဘာသာရေးအဓိကရုဏ်းအသွင်ကျယ်ပြန့်သွားသည့် အရေးကိစ္စအပေါ်၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သာသနာခေါင်းဆောင်များမှ ဆုံးရှုံးထိခိုက်နစ်နာသွားသူများအပေါ် များစွာထောက်ထား၊ စာနာ၊ ကရုဏာထား၍ ဤသဘောထားကြေညာချက်ကို အတူတကွ ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ယခုအခါ မိတ္ထီလာမြို့တွင် ဘာသာရေး ပဋိပက္ခအသွင်ဖြစ်နေသော အရေးကိစ္စကို ပြေလည်ပြေပျောက် ငြိမ်းချမ်းသွားစေရန် မေတ္တာရှေ့ထား၍ ကာကွယ်တားဆီးပဲ့ပြင်ဆုံးမသြဝါဒများချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။ တပည့်တော်တို့ဘက်၌လည်း အမှားများရှိပါက ကျောသားရင်သားမခွဲခြားဘဲ ခွင့်လွှတ်ပေးတော်မူပါရန် ရိုသေစွာဖြင့် လျှောက်ထားအပ်ပါသည် ဘုရား။

၂။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှလည်း လုံလောက်သော လုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးကြပါရန်နှင့် ဒုက္ခရောက်နေကြသော နှစ်ဖက်ပြည်သူများကို လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးကြပါရန်၊ ဥပဒေကြောင်းမှ လိုအပ်သလို စစ်ဆေးအရေးယူ ဆောင်ရွက်ပေးကြပါရန်နှင့် အဆိုပါကိစ္စများကို ဆောလျင်စွာ ဆောင်ရွက်ပေးကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ဘာသာကြီး(၄)ပါးအပါအဝင် ဘာသာဝင်အသီးသီးမှ မိမိတို့ဘာသာဝင်အသီးသီးကို ဥပဒေနှင့်အညီ နေထိုင်ကြဖို့ ဆုံးမစကားများကို ပြောကြားပေးပါရန်၊ မေတ္တာကို အခြေခံ၍ ငြိမ်းချမ်းစွာ နေထိုင်ကြပါရန်နှင့် မလိုလားအပ်သော ပဋိပက္ခများတွင် ပါဝင်ပတ်သက်မှု မရှိရေးစောင့်ထိန်းပေးကြရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ သတင်းမီဒီယာများ၊ စာနယ်ဇင်းများမှလည်း ပြည်သူတို့ သိသင့်သော မှန်ကန်သည့် သတင်းများကိုသာ ထုတ်ပြန်ပေးသကဲ့သို့ ပဋိပက္ခဖြစ်စေနိုင်သော ကောလာဟလသတင်းများကို တားဆီးပေးပါရန် မေတ္တာရပ်ခံပါသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ခြင်းလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ မလိုလားအပ်သော ပဋိပက္ခအတားအဆီးမျိုးစုံသည် အသွင်ပေါင်းစုံဖြင့် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်လျက်ရှိရာ၊ ပြည်သူလူထုအနေဖြင့် ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ခြင်းမပြုလုပ်ဘဲ ကောင်းစွာသော အသိ၊ သတိများဖြင့် ညီညွတ်စွာ တားဆီးကြဖို့ရန် မေတ္တာရပ်ခံပါသည်။



ဦးဓမ္မ (ဟိန္ဒူဘာသာ) နာယက

ဦးစိန်ခင်မောင် (ဗုဒ္ဓဘာသာ) ဥက္ကဋ္ဌ

ဦးညွန့်မောင်ရှိန် (အစ္စလာမ်ဘာသာ) ဒုတိယဥက္ကဋ္ဌ

ဒေါက်တာသာဒေါင် (ခရစ်ယာန်ဘာသာ) အတွင်းရေးမှူး

သီတဂူအာရောဂျဒါနဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသ

နေပြည်တော် မတ် ၂၃

မတ်၁၉ ရက် နံနက် ၁၁ နာရီက ထားဝယ်မြို့ ကြက်စားပြင် ရပ်ကွက် သီတဂူအာရောဂျဒါန ဆေးရုံသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် သွားရောက်၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသနေမှုကို ကြည့်ရှုအားပေးကာ ငွေကျပ် ငါးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီက ပါဝါမျက်မှန် ၅၀၀ ကျော်တို့ကို ပေးအပ်လှူဒါန်းကြသည်။

သီတဂူဆေးရုံအထောက်အကူပြုအဖွဲ့နှင့် ဘယ်လ်ဂျီယံအထူးကုဆရာဝန်အဖွဲ့တို့ ပူးပေါင်းကာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မျက်စိဝေဒနာရှင်များအား မတ် ၁၉ရက်မှစ၍ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တမအကြိမ်မြောက် ဘုရင့်နောင်မိသားစု ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၃

ဘုရင့်နောင်ပွဲရုံမိသားစု (B.G.G)အသင်း၏ သတ္တမအကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီမှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဂေါက်ကွင်း(မြကန်သာကွင်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ (B.G.G)ဂေါက်သီးရိုက်ပြိုင်ပွဲသို့ အသင်းဝင်များ မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ရန်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၂၉ ရက် နောက်ဆုံးထား၍ (B.G.G)အသင်းဥက္ကဋ္ဌ ဦးခင်ဟန် ဖုန်း-၀၉-၅၁၁၄၇၀၀၊ ဦးခင်မောင်ဇင် (အတွင်းရေးမှူး ဖုန်း-၀၉-၇၃၂၂၄၆၁၄နှင့် ဦးနေလင်း(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၀၉-၇၃၀၁၇၄၆၆ တို့သို့ ပြိုင်ပွဲဝင် အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မောင်ကျော်)

နိုင်ငံတကာသတင်း

အိမ်ရာဆောက်မှုမရပ်တန့်က အစ္စရေးနှင့်ဆွေးနွေးမည်မဟုတ်ဟု ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်ပြောကြား

ရာမာလတ် မတ် ၂၃

အခြေချနေအိမ်ဆောက်လုပ်မှုကို ရပ်တန့်မှုမရှိဘဲ အစ္စရေးနှင့်ဆွေးနွေးလိမ့်မည်မဟုတ်ကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က အလည်အပတ်ရောက်ရှိနေသော သမ္မတဘားရက်အိုဘားမားအား ပြောကြားခဲ့သည်။

အစ္စရေးနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှု ပြန်လည်စတင်ရန် အိုဘားမားက ပါလက်စတိုင်းအား တိုက်တွန်းခဲ့ပြီးနောက် အဘတ်စ်က မတ် ၂၁ ရက်တွင် အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးမှုများ ပြန်လည်စတင်ရန်အတွက် ကြိုတင်သတ်မှတ်ချက် တစ်ရပ်အနေဖြင့် အသိမ်းပိုက်ခံနယ်မြေများတွင် အစ္စရေးတို့အခြေချနေအိမ်ဆောက်လုပ်ခြင်းကို ရပ်တန့်ရန်အတွက် ၎င်းတို့၏တောင်းဆိုမှုများကို ရုပ်သိမ်းရန် ပါလက်စတိုင်းတို့ကိုလည်း အမေရိကန်သမ္မတက မေတ္တာရပ်ခံလိုက်သည်။

အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်တို့တွင် အစ္စရေးတို့ အခြေချနေထိုင်ခြင်းရပ်တန့်မှုတစ်ခုမရှိဘဲ စေ့စပ်ဆွေးနွေးမှုများ ပြန်လည်စတင်ရန်မဖြစ်နိုင်ကြောင်း အနောက်ဘက်ကမ်း ရာမာလာမြို့တွင် အဘတ်စ်၏ နိုင်ငံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နီမာဟာမက်က အိုဘားမားအား ပြောကြားခဲ့သည်။

ပါလက်စတိုင်းနိုင်ငံ ထူထောင်ရန် ၎င်းအနေဖြင့် အလေးအနက်အာမခံခဲ့ပြီး အစ္စရေးတို့၏ အနောက်ဘက်ကမ်းသိမ်းပိုက်မှုကိုလည်း အဆုံးသတ်ရမည်ဟု အဘတ်စ်နှင့်တွေ့ဆုံပြီးနောက် ပူးပေါင်းသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အိုဘားမားက ပြောကြားခဲ့သည်။ မတ် ၂၁ ရက် နှောင်းပိုင်းတွင် ဂျေရုဆလင်ရှိ အစ္စရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများအား မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် အနောက်ဘက်ကမ်း၌နေထိုင်သူ ပါလက်စတိုင်းတို့အား ခြိမ်းခြောက်မှုအပေါ် အိုဘားမားက အစ္စရေးကို ပြစ်တင်ဝေဖန်ခဲ့သည်။ **(ဆင်ဟွာ)**

နပိုလီယံနှင့်ဂျိုစဖင်းတို့၏ စေ့စပ်လက်စွပ် လေလံတင်မည်

ပါရီ မတ် ၂၃

နပိုလီယံဘိုနာပတ်က သူ၏ ပထမဆုံး ဇနီးသည်ဖြစ်သည့် ဂျိုစဖင်းအား ပေးခဲ့သည့် စိန်နှင့်နီလာတို့ ဖြင့်ပြုလုပ်ထားသည့် ရိုးစင်းသော စေ့စပ်ရွှေလက်စွပ်တစ်ကွင်းကို ပြင်သစ်နိုင်ငံ ပါရီမြို့အနီးလေလံပွဲတွင် လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း အေပီသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ခန့်မှန်းထား

သစ်တော်သီးပုံသဏ္ဍာန်ရှိသော အဆိုပါ ရွှေလက်စွပ်ကလေးကို အဖိုးတန်ကျောက်မျက်များဖြင့် ဖုံးအုပ်စီချယ်ထားပြီး ပါရီမြို့တောင်ပိုင်း ဖောင်တိန်ဘလူးတွင် မတ် ၂၄ ရက် လေလံပွဲတစ်ခု၌ ယူရိုငွေ ၁၂၀၀၀ ကျော်အမေရိကန်ဒေါ်လာ ၁၅၅၃၂ ဒေါ်လာဈေးရရှိမည်ဟု ခန့်မှန်းထားကြသည်။

"အဲဒီအချိန်က နပိုလီယံမှာ ငွေကြေး အလွန်နည်းပါးခဲ့ပါတယ်။ နောက်ပြီး ဒီလက်စွပ်ကလေးက သိပ်ကိုထူးခြားမှုတစ်ခု ဖြစ်ပါတယ်" ဟု သမိုင်းဝင်ပစ္စည်းများဆိုင်ရာ ဌာနရှိ လေလံပြပွဲခေါင်းဆောင် ဂျန်ခရစ္စဖီချာတိန်နီယာက ပြောကြားခဲ့သည်။

နပိုလီယံသည် ၎င်းတို့၏ စေ့စပ်ကြောင်းလမ်းမှုကို လူသိရှင်ကြားကြေညာခဲ့ပြီး ရက်အတန်ကြာ ၁၇၉၆ခုနှစ် မတ် ၉ ရက်တွင် ပြင်သစ် မင်းမျိုးမင်းနွယ်ဝင် မုဆိုးမတစ်ဦးဖြစ်သူ ဂျိုစဖင်းကို ထိမ်းမြားလက်ထပ်ခဲ့သည်။

ကလေးနှစ်ယောက်နှင့် အသက်အရွယ်ကြီးရင့်သော မုဆိုးမတစ်ဦးကို သူ့အနေဖြင့် ထိမ်းမြားလက်ထပ်ခဲ့မှုအား တုန်လှုပ်အံ့သြသွားသော နပိုလီယံ၏ မိသားစုဝင်များက ကောင်းစွာ အသိအမှတ်မပြုခဲ့ပေ။

လက်ထပ်ပြီး နှစ်ရက်အကြာတွင် နပိုလီယံသည် အီတလီနိုင်ငံရှိ ပြင်သစ်တပ်ဖွဲ့ကို ဦးဆောင်ရန် ထွက်ခွာခဲ့သည်။

နပိုလီယံသည် ဂျိုစဖင်း၏ ကလေးများကို တာဝန်ယူရန် မတတ်နိုင်သောကြောင့် ၁၈၁၀ ခုနှစ်တွင် ၎င်းတို့နှစ်ဦး တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြသည်။ နောက်အိမ်ထောင်ပြုမှုနှင့်ပြည်နှင်ဒဏ်ခံရမှု စသော ကိစ္စရေးရာများ ရှိနေခဲ့သော်လည်း နပိုလီယံသည် သူ၏ ဘဝနောက်ဆုံးအချိန်အထိ သူမကို ဘယ်တော့မှမေ့မရခဲ့ကြောင်း သူသေဆုံးသွားသည့် ခုတင်အနီးတွင် ကျန်ရစ်နေခဲ့သည့် "ပြင်သစ်၊ စစ်တပ်၊ စစ်တပ်ခေါင်းဆောင်၊ ဂျိုစဖင်း" ဟု ရေးသားထားချက်များက သက်သေပြလျက်ရှိသည်။ **(အေပီ)**

တင်မောင်လွင် စုစည်းသည်

ဆီးရီးယားပြဿနာများ အီရတ်သို့ ရိုက်ခတ်မှုရှိနေ

ဘဂ္ဂဒက် မတ် ၂၃

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခနှင့် တိုက်ခိုက်နေမှု အကျိုးဆက်များသည် အီရတ်နိုင်ငံအထိ ပျံ့နှံ့ရိုက်ခတ်မှုများ ရှိနေကြောင်း၊ အီရတ်သည် ဆီးရီးယားပြဿနာအပါအဝင် နိုင်ငံအတွင်း အခက်အခဲများနှင့်လည်း ရင်ဆိုင်နေရကြောင်း အီရတ်ဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အထူးကိုယ်စားလှယ် မာတင်ကိုဘီလာက မတ် ၂၃ ရက်၌ ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ၏ မငြိမ်မသက်မှုများက ဆယ်စုနှစ်ကာလအတွင်း အီရတ်တိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို ခြိမ်းခြောက်လျက်ရှိကြောင်း အီရတ်နိုင်ငံဆိုင်ရာ ဆွေးနွေးပွဲ၌ ၎င်းက ပြောကြားခဲ့သည်။ အီရတ်နိုင်ငံတွင် လောလောဆယ် ဆီးရီးယားဒုက္ခသည် ၁၂၀၀၀ ခန့်ကို လက်ခံထားနေရသည်။

ဆီးရီးယားဒုက္ခသည်များသည် အီရတ်နိုင်ငံ ကာ့ဒ်ဒေသအတွင်း၌ လောလောဆယ် ခိုလှုံနေထိုင်ကြပြီး နေ့စဉ် ဆီးရီးယားပြည်သူ ၈၀၀ ခန့် နယ်စပ်ဖြတ်ကျော်ကာ အီရတ်နိုင်ငံအတွင်း ဝင်ရောက်လျက် ရှိနေသည်။ အီရတ်တို့ကလည်း လူသားချင်း စာနာထောက်ထားမှုအရ လက်ခံထားလျက်ရှိသည်။

(ဆင်ဟွာ)

အိန္ဒိယရေငုပ်သင်္ဘောမှ အသံထက်မြန်သောဒုံးကျည် စမ်းသပ်ပစ်လွှတ်

နယူးဒေလီ မတ် ၂၃

အိန္ဒိယနိုင်ငံသည် ရေငုပ်သင်္ဘောမှနေ၍ အသံထက်မြန်သောခရုဇ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း၊ အဆိုပါခရုဇ်ဒုံးကျည်ကို ဗစ်ဆာခါပက်နမ်မြို့ဆိပ်ကမ်းတောင်ဘက်ကမ်းလွန် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ရေငုပ်သင်္ဘောတစ်စင်းမှ စမ်းသပ်ပစ်လွှတ် ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယအရာရှိများက မတ် ၂၃ ရက်၌ ထုတ်ဖော်ပြောကြားသည်။ အဆိုပါ အသံထက်မြန်သော ခရုဇ်ဒုံးကျည်ကို ဘရက်မို့စ်ဟု အမည်ပေးထားပြီးပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဒုံးကျည်သည် ကီလိုမီတာ ၂၉၀ အထိ ပစ်ခတ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ရေအောက်မှ အသံထက်မြန်သော ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခြင်းကြောင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ရေအောက်မှ အသံထက်မြန်သော ဒုံးကျည်ကို ပစ်ခတ်နိုင်သည့် ပထမဆုံးနိုင်ငံဖြစ်လာသည်။ **(ဆင်ဟွာ)**

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

နေ့စဉ် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်သို့ ကျောင်းကားဖြင့်အသွားအပြန်ကျောင်းတက်ရသော ကျွန်မမှာ ရာသီဥတုပူပြင်းခြင်း၊ ကားကြပ်ခြင်း၊ ကျောင်းသို့ အချိန်မီပြေးလွှားသွားလာရခြင်းများကြောင့် ချွေးထွက်များခြင်း၊ ချွေးနံ့နံခြင်း၊ မိတ်ပေါက်ခြင်းများဖြစ်လာပါသည်။ အထူးသဖြင့် ကျောင်းပြန်ချိန်ဆိုပိုဆိုးပါသည်။ မည်သည့် **Roll On** သုံးသုံးလုံးဝထူးခြားမလာပါ။ တိုင်းရင်းဆေးကျောင်းသူဖြစ်တော့ ကုံကော်ဝတ်ဆံ၏ ချွေးနံ့ပျောက်၊ ကိုယ်နံ့ကောင်းစေသော အာနိသင်ကိုသိရှိသော်လည်း မသုံးစွဲဖြစ်ခဲ့ပါ။ တစ်နေ့ မိခင်လိမ်းနေသော **ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါး**ကို ကျောင်းသို့လိမ်းသွားရာမှ ထိုနေ့တစ်နေ့လုံး ချွေးနံ့မနံခြင်း၊ မိတ်မကိုက်ခြင်းကိုသိသိသာသာခံစားရပါသည်။ **ထိုနေ့မှစ၍ ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို စွဲမြဲစွာသုံးစွဲလာသောကျွန်မမှာ ရာသီဥတုမည်မျှပြင်းပူပူလုံးဝ မိတ်မပေါက်ပါ။** ကျောင်းပြီး၍ တိုင်းရင်းဆေးဆရာမအဖြစ်ကုသနေသည့်တိုင် ယခုကဲ့သို့ ပူပြင်းသောနွေရာသီအချိန်များတွင် ကလေး၊ လူကြီးမရွေး ခံစားရမြဲဖြစ်သော ချွေးထွက်လွန်ခြင်း၊ ကိုယ်နံ့မကောင်းခြင်း၊ မိတ်ထွက်ခြင်းဝေဒနာများကို **ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါး**လိမ်းရန် လမ်းညွှန်ရင်း ရွှေပြည်နန်းကိုအမြဲပင်ကျေးဇူးတင်မိနေပါတော့တယ်။

မဝင်းစန္ဒာအောင် (B.M.T.M)၊ နဝရတ်သမားတော် တိုင်းရင်းဆေးတိုက်၊ ချောက်ကုန်းရပ်၊ စစ်ကိုင်းမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မဝင်းစန္ဒာအောင်၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မခင်ရွှေစင်အောင်၊ အမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံခြားဆက်သွယ်ရေး၊ နေပြည်တော်။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ကမ္ဘာ့လက်နက်တင်ပို့ရောင်းဝယ်မှု အခြေအနေ

မောင်မဟာ

ကမ္ဘာ့လက်နက်ရောင်းချတဲ့ အခြေအနေကို စောင့်ကြည့်လေ့လာနေတဲ့ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အခြေစိုက်နိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသန သိပ္ပံက မတ် ၁၈ ရက်မှာ ထုတ်ပြန်လိုက်တဲ့ အစီရင်ခံစာအရ တရုတ်နိုင်ငံရဲ့ လက်နက်ရောင်းချမှုဟာ ကမ္ဘာ့အဆင့်ပဉ္စမနေရာကို ရောက်ရှိလာပြီလို့ ဖော်ပြလိုက်ပါတယ်။

တရုတ်နိုင်ငံရဲ့ ပြည်ပကို လက်နက်တင်ပို့ရောင်းချမှုဟာ ပြီးခဲ့တဲ့ငါးနှစ်အတွင်းမှာ ၁၆၂ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ပြီး အဓိကလက်နက်တင်ပို့ရောင်းချခဲ့တဲ့ နိုင်ငံကတော့ ပါကစ္စတန်နိုင်ငံပဲ ဖြစ်တယ်လို့ဆိုပါတယ်။ ပါကစ္စတန်နိုင်ငံဟာ တရုတ်လက်နက်တွေကို အဓိကထားဝယ်ယူခဲ့တဲ့နိုင်ငံဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၇ ရာခိုင်နှုန်း ဝယ်ယူခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒါ့အပြင် ဗင်နီဇွဲလား၊ အယ်လ်ဂျီးရီးယားနဲ့ မော်ရိုကိုနိုင်ငံတွေကလည်း တရုတ်နိုင်ငံထုတ် စစ်ရေယာဉ်၊ တိုက်လေယာဉ်နဲ့ စစ်သုံးမော်တော်ယာဉ်တွေကို အများအပြားဝယ်ယူခဲ့တယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် လက်နက်တင်ပို့ရောင်းချ မှုကိုကြည့်ရင် ၂၀၀၃-၂၀၀၈ ခုနှစ်ကာလနဲ့ ၂၀၀၈-၂၀၁၂ ခုနှစ်ကာလအတွင်းမှာ လက်နက်တင်ပို့ရောင်းချမှုဟာ ၁၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာတယ်လို့ နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနသိပ္ပံရဲ့ လက်နက်တင်ပို့ရေးဆိုင်ရာအစီအစဉ်ရဲ့ ဒါရိုက်တာပေါလ်ဟိုလ်တန်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့လက်နက်အများဆုံးတင်ပို့တဲ့ နိုင်ငံတွေစာရင်းကိုကြည့်ရင် ထိပ်ဆုံးမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ဒုတိယနေရာမှာတော့ ရုရှားနိုင်ငံက ရပ်တည်နေပါတယ်။ တတိယက ဂျာမနီ၊ စတုတ္ထကပြင်သစ်ဖြစ်ပြီး ပဉ္စမနေရာကို တရုတ်နိုင်ငံက ရောက်ရှိလာတာ ဖြစ်ပါတယ်။ အရင်က ပဉ္စမနေရာမှာ ရပ်တည်နေခဲ့တဲ့ ဗြိတိန်နိုင်ငံကတော့ ဆဋ္ဌမနေရာမှာရှိနေပြီး သတ္တမနေရာမှာ အီတလီ၊ အဋ္ဌမနေရာမှာ အစ္စရေး၊ နဝမနေရာမှာ ဆွီဒင်၊ ဒသမနေရာမှာ ယူကရိန်းတို့ရှိနေကာ စပိန်၊ ဆွစ်ဇာလန်၊ ကနေဒါနဲ့ တောင်ကိုရီးယားနိုင်ငံတို့က အစဉ်အလိုက်ရပ်တည်နေပါတယ်။၂၀၀၈ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်ကာလအတွင်းမှာ ကမ္ဘာတစ်ဝန်းလက်နက်ရောင်းချခဲ့မှုအခြေအနေကိုကြည့်ရင် အမေရိကန်က ကမ္ဘာ့လက်နက်တင်ပို့ရောင်းချမှုရဲ့ ၃၀ ရာခိုင်နှုန်းရှိပြီး ရုရှားက ၂၆ရာခိုင်နှုန်း၊ ဂျာမနီက ၇ရာခိုင်နှုန်း၊ ပြင်သစ်က ၆ ရာခိုင်နှုန်းနဲ့ တရုတ်နိုင်ငံက ၅ ရာခိုင်နှုန်းစီ အသီးသီးရှိခဲ့တယ်လို့ ဆိုပါတယ်။

၁၉၅၀ခုနှစ်ကတည်းက ကမ္ဘာ့လက်နက်ရောင်းချမှု ထိပ်တန်းငါးနိုင်ငံဝင်ဖြစ်လာခဲ့တဲ့ ဗြိတိန်နိုင်ငံဟာ ၂၀၁၂ခုနှစ်မှာတော့ ပထမဆုံးအကြိမ်အဖြစ် ဆဋ္ဌမနေရာကို ရောက်ရှိသွားခဲ့ပြီး တရုတ်နိုင်ငံက ပထမဆုံးအကြိမ် ထိပ်တန်းငါးနိုင်ငံစာရင်း ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံဟာ ၂၀၀၈ ခုနှစ်မှာ ကမ္ဘာ့လက်နက်ထုတ်လုပ်တင်ပို့မှုကို ဗြိတိန်နိုင်ငံရဲ့ လက်နက်ထုတ်လုပ်တဲ့ ဘီအေအီးကုမ္ပဏီကြောင့် ထိပ်တန်းလက်နက်ရောင်းချတဲ့နိုင်ငံအဖြစ် ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါကလည်း အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်နဲ့ စာချုပ်ချုပ်ဆိုမှုအရ အီရတ်နဲ့အာဖဂန်နစ္စတန်နိုင်ငံတွေရဲ့ စစ်မြေပြင်မှာ အသုံးပြုနိုင်ဖို့ မိုင်းဒဏ်ခံနိုင်တဲ့ စစ်သုံးယာဉ်တွေ အမြောက်အမြားထုတ်လုပ်တင်ပို့နိုင်ခဲ့လို့ ဖြစ်တယ်လို့ဆိုပါတယ်။ ဗြိတိန်နိုင်ငံဟာ ဆော်ဒီအာရေဗျနိုင်ငံက မှာယူထားတဲ့ ယူရိုဖိုက်တာတိုင်ဖွန်း ဂျက်လေယာဉ်တွေ အများအပြားထုတ်လုပ်ရောင်းချပေးဖို့ ရှိနေတာမို့ လက်နက်တင်ပို့ရောင်းချမှု တိုးတက်မြင့်မားလာဖို့ ရှိနေပါတယ်။

ကမ္ဘာ့လက်နက်ထုတ်လုပ်တင်ပို့ရောင်းချတဲ့နိုင်ငံတွေထံမှ လက်နက်တွေဝယ်ယူတင်သွင်းတဲ့ နိုင်ငံတွေရဲ့အနေအထားကို ကြည့်ရင် ၂၀၀၀ပြည့်နှစ်မှ ၂၀၁၀ခုနှစ်ကာလအတွင်း အိန္ဒိယနိုင်ငံက ထိပ်ဆုံးမှာ ရပ်တည်နေပြီး ဒုတိယက ဩစတြေးလျနိုင်ငံရှိကာ တတိယနေရာမှာတော့ တောင်ကိုရီးယားတို့က ရပ်တည်နေကြပါတယ်။

လက်နက်တင်သွင်းတဲ့ နိုင်ငံတွေရဲ့ အစဉ်လိုက်အနေအထားကို ဆက်လက်ကြည့်ရင် စင်ကာပူ၊ အမေရိကန်၊ အယ်လ်ဂျီးရီးယား၊ ဆော်ဒီအာရေဗျ၊ ဂရိ၊ တရုတ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ပါကစ္စတန်၊ တူရကီ၊ မလေးရှား၊ နော်ဝေနဲ့ အင်ဒိုနီးရှားနိုင်ငံတွေဖြစ်ကြောင်း နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ သုတေသနသိပ္ပံရဲ့ စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့နိုင်ငံတွေထဲမှာ ကာကွယ်ရေးအသုံးစရိတ် အများဆုံးသုံးစွဲခဲ့တဲ့ နိုင်ငံတွေကတော့ ၂၀၁၁ ခုနှစ်မှာ အမေရိကန်က အမေရိကန်ဒေါ်လာ ၇၁၁ ဘီလီယံ၊ တရုတ်က အမေရိကန်ဒေါ်လာ ၁၄၃ ဘီလီယံ၊ ရုရှားက အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံ၊ ဗြိတိန်က အမေရိကန် ဒေါ်လာ ၆၂ ဒသမ ၇ ဘီလီယံ၊ ပြင်သစ်က အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၅ ဘီလီယံ၊ ဂျပန်က ၅၉ ဒသမ ၃ ဘီလီယံ၊ အိန္ဒိယက အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၉ ဘီလီယံ၊ ဆော်ဒီအာရေဗျက အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံ၊ ဂျာမနီက အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇ ဘီလီယံနဲ့ ဘရာဇီးက အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၄ ဘီလီယံတို့ အသီးသီးရှိခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။

ဒါကြောင့် ကမ္ဘာ့လက်နက်တင်ပို့ရောင်းဝယ်မှုတွေနဲ့ ကာကွယ်ရေးအသုံးစရိတ်သတ်မှတ်မှုတွေဟာ ကမ္ဘာတစ်ဝန်းမှာ တဖြည်းဖြည်းမြင့်တက်လာနေဆဲဖြစ်ပါတယ်။ ။

နိုင်ငံတကာသတင်း

တရုတ်သမ္မတ ပထမဆုံးပြည်ပခရီးထွက်

တရုတ်သမ္မတရှီကျင့်ဖျင်သည် တရုတ်သမ္မတဖြစ်လာပြီးနောက် ပထမဆုံးပင်လယ်ရပ်ခြား ခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့ ရောက်ရှိလာသည်။ မစ္စတာရှီကျင့်ဖျင်သည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့်တွေ့ဆုံပြီး စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စများ ဆွေးနွေးမည်ဟုဆိုသည်။ နှစ်နိုင်ငံသည် အရေးအကြီးဆုံး မဟာဗျူဟာမိတ်ဘက်များပင်ဖြစ်ကြကြောင်း မစ္စတာရှီက ခရီးမထွက်ခွာမီ ပြောကြားလိုက်သည်။ ၄င်းသည် မတ် ၃၀ ရက်တိုင်အောင် တန်ဇန်းနီးယား၊ တောင်အာဖရိကနှင့် ကွန်ဂိုနိုင်ငံများသို့ ဆက်လက်သွားရောက်မည်။

ဆာကိုဇီအား စုံစမ်းစစ်ဆေးမည်

ပြင်သစ်သမ္မတဟောင်း ဆာကိုဇီအား ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် ပြင်သစ်နိုင်ငံ၏အချမ်းသာဆုံး အမျိုးသမီးတစ်ဦးထံမှ တရားမဝင်လှူဒါန်းငွေများလက်ခံခဲ့မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးသွားမည်ဟုဆိုသည်။

ဆာကိုဇီသည် ဒတိုရယ်၏ အမွေဆက်ခံသူ လီလိန်းဘက်တန်ကောက်ထံမှ ယူရိုငွေ ထောင်ပေါင်းများစွာ လက်ခံရခဲ့သည်ဟု စွပ်စွဲခံနေရသည်။ သို့သော် ယင်းကိစ္စကို ဆာကိုဇီက ငြင်းဆိုထားသည်။

မြင့်မောင်စိုး-စုစည်းသည်

အိပ်ပျက်ခြင်းက အဝလွန်စေနိုင်သည်ဟုဆို

ကျန်းမာကောင်းမွန်သည့် ကိုယ်အလေးချိန်ရရှိရန် အကောင်းဆုံးသောနည်းလမ်းမှာ သင့်တင့်မျှတသော ညအိပ်ချိန်များရှိရန်လိုကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က တင်ပြသည်။ ကော်လိုရာဒိုတက္ကသိုလ်မှ အိပ်စက်ခြင်းဆိုင်ရာ သုတေသနပညာရှင်တို့၏ သုတေသနပြုချက်အရ အိပ်စက်ချိန်နည်းနည်းဖြင့် ညစဉ်အိပ်ရေးပျက်ခံပါက ချက်ချင်းလက်ငင်းနီးပါး အဆီတက်လာနိုင်သည်ဟု ဆိုသည်။

အဆိုပါပညာရှင်တို့သည် ကျန်းမာရေးကောင်းမွန်သူ ယောကျ်ားမိန်းမ ၁၆ ဦးကို အထူးခန်းအတွင်းထားကာ သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သုတေသနအထူးခန်းအတွင်း စောင့်ကြည့်ခံများကို နှစ်ပတ်ကြာထားရှိပြီး ၄င်းတို့၏ အိပ်စက်ခြင်း၊ မီတာဘိုလစ်ဇင်းခေါ် ဇီဝတွင်းဖြစ်ပျက်မှု (ကိုယ်တွင်းအစာခြေဖျက်မှု၊ ကြီးထွားမှုစွန့်ထုတ်မှုစသည့်ဓာတုဖြစ်စဉ်အစု)၊ အစားအစာ စားသောက်မှုစသည်တို့ကို တစ်ချက်တစ်လေမှ မလစ်ဟင်းစေရဘဲ ခြေရာကောက်စိစစ်ခဲ့သည်။

သုတေသနအစပိုင်း သီတင်းပတ်တစ်ပတ်အတွင်း စောင့်ကြည့်ခံများကိုအစုနှစ်စုခွဲကာ အိပ်ချိန်သတ်မှတ်အိပ်စက်စေသည်။ စောင့်ကြည့်ခံသူများမှလူဦးရေတစ်ဝက်ကို ကိုးနာရီ အိပ်စက်ခွင့်ပေးပြီး ကျန်တစ်ဝက်ကို ညသန်းခေါင်ချိန်ရောက်မှ အိပ်စက်စေကာ အိပ်ချိန်ငါးနာရီကျော်သာ ခွင့်ပြုပေးသည်။ အဆိုပါစောင့်ကြည့်သူအားလုံးအား အစားအစာကို စိတ်ကြိုက်စားခွင့်ပေးထားသည်။

ဒုတိယသီတင်းပတ်တွင် ကိုးနာရီအိပ်စက်ရသူများကို အိပ်ချိန်လျှော့ချပြီး တစ်နေ့ ငါးနာရီသာ ခွင့်ပြုသည်။ ငါးနာရီကျော် အိပ်ခွင့်ပေးထားသည့် အစုကို လေးနာရီထက် မကျော်စေဘဲ အလွန်ဆုံးအိပ်စက်စေသည်။

ထိုအခါတစ်နေ့ ငါးနာရီအိပ်စက်သူများသည် ဇီဝတွင်းဖြစ်ပျက်မှု တိုးပွားလာသည်ကို တွေ့ရသည်ဟုဆိုသည်။ အိပ်ချိန်ကန့်သတ်လိုက်ခြင်းသည် တစ်နေ့ကယ်လိုရီ ၁၀၀ ကျော်လောင်ကျွမ်းစေခဲ့သည်ကို အမှန်တကယ်ပင်တွေ့ရကြောင်း ဂျာနယ်အတွင်း ရေးသားဖော်ပြထားသည်။

သို့သော် နိုးထမှုရှိချိန်များတွင် ကယ်လိုရီများ ပိုမိုလောင်ကျွမ်းစေသည်မှာမှန်သော်လည်း အိပ်ရေးပျက်ခြင်းသည် အဆီကျစေခြင်းအတွက် အကောင်းဆုံးနည်းလမ်းတစ်ရပ်မဟုတ်ကြောင်း၊ သုတေသနနောက်ပိုင်းတွေ့ရှိချက်အရ အိပ်ချိန်လျှော့ချကန့်သတ်ခံရသူများတွင် အိပ်ချိန်နည်းလာ၍ အစားပိုစားလာကြောင်း၊ အိပ်ချိန် ကန့်သတ်လိုက်ပြီး တစ်ပတ်အကြာတွင် ၄င်းတို့၏ ကိုယ်အလေးချိန်နှစ်ပေါင်အထိ တက်လာသည်ကို တွေ့ရကြောင်း ပညာရှင်အဖွဲ့က ပြောကြားခဲ့သည်။

ယခုသုတေသနကို စာမေးပွဲနီး၍အိပ်ပျက်ခံ စာကျက်သူ ကျောင်းသား ကျောင်းသူများနှင့်သတ်မှတ်ချိန်အမီအလုပ်ပြီးအောင် အိပ်ပျက်ခံလုပ်ကြသူများ၏ ကျန်းမာရေးရလဒ် မည်သို့ရှိသည်ကို ဦးတည်ကာ စမ်းသပ်သုတေသနပြုခဲ့ခြင်းဖြစ်သည်။

မောင်သံဆင့်
ရေးသားသည်

သတင်းဆောင်းပါး

နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းကြ

သတင်းဆောင်းပါး–ပညာသိရီ (ကသစ်မြေ)

နောင်စိုင်းရေ. . .

အစ်ကိုကြီးစာရေးလိုက်တယ်နော်။ အစ်ကိုကြီးက ရှမ်းလူမျိုးဆိုတော့ “ညီလေး”ကို ရှမ်းလို နောင်စိုင်းလို့ ခေါ်တာပါ၊ အစ်ကိုကြီးက ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) ယခု(စစ်ကိုင်း)မှာ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်ကဆင်းတဲ့ AGTI အင်ဂျင်နီယာနောင်တော်ကြီးပေ့ါ၊ ခုတော့ ME ပြီးသွားပြီ၊ AE ရာထူးနဲ့ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှာ တာဝန်ကျနေတယ်လေ၊ နယ်စပ်ဒေသတွေမှာ တံတားတွေဆောက်၊ လမ်းတွေဖောက်နဲ့ မအားမလပ်ဖြစ်နေလို့ စာရေးမယ်၊ ရေးမယ်နဲ့ ခုမှပဲရေးဖြစ်တော့တယ်၊ အချိန်တွေကလည်း တရွေ့ရွေ့သွားနေလိုက်တာ နောင်စိုင်းတို့တောင် AGTI ပြီးလို့ အလုပ်တာဝန်ခန့်အပ်လွှာတွေရပြီး ဝန်ထမ်းတစ်ပိုင်း ကျောင်းသားတစ်ပိုင်း B. Tech ကျောင်းသားကြီးတောင် ဖြစ်လို့နေပါလား၊ ကြိုးစား နောင်စိုင်းရေ၊ အစ်ကိုကြီးတို့ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နောင်စိုင်းတို့လို အင်ဂျင်နီယာတွေ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ အသိပညာ၊ အတတ်ပညာရှင်တွေ အများကြီး လိုအပ်တယ်၊ အခု စာမေးပွဲတွေနီးလို့ နောင်စိုင်းတို့တစ်တွေ ဖိပြီးကြိုးစားနေကြမှာပေ့ါ။

အစ်ကိုကြီးမှာချင်တာက နောင်စိုင်းတို့တစ်တွေဟာ အမိကျောင်းတော်ကြီးတွေမှာ နိုင်ငံတော်က အစစအရာရာ တာဝန်ယူပြီး နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသားလေးတွေ လူ့စွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတာတွေကို အမြဲအမှတ်ရပါ။ ပညာတတ်ဘွဲ့ရရုံတင်မကဘူး၊ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှာ အလုပ်တာဝန်တွေ ခန့်ထားပေးအပ်တာတွေ၊ ဉာဏ်ရည်ထက်မြက်ပြီး ကြိုးစားကြလို့ အဆင့်မီတဲ့သူတွေကို B. Tech မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ၊ အို . . . နောက်ဆုံးပညာရေးမှာ အမြင့်ဆုံးဖြစ်တဲ့ ပါရဂူဘွဲ့ရဖို့တောင် မြေတောင်မြှောက်ပေးခဲ့ကြတဲ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ စေတနာတွေကို တန်ဖိုးထားလေးစားကြရမယ်နော်၊ နောက်ကျေးဇူး ဆပ်ဖို့လည်း မမေ့ကြနဲ့၊ တာဝန်ကျရာ နယ်စပ်ဒေသအသီးသီးမှာ အစ်ကိုကြီးတို့ နောင်တော်ကြီးတွေလို မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊ တိုင်းရင်းသားညီအစ်ကိုတွေ စွမ်းရည်ပိုမိုထက်မြက်အောင် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် အားသစ်လောင်းရင်း ကျေးဇူးဆပ်ကြရမယ်၊ ဒါဟာ မင်္ဂလာတရားတော်နဲ့လည်း ညီပါတယ်၊ ကျေးဇူးမဆပ်နိုင်သေးရင်တောင် ကျေးဇူးကန်းတဲ့အပြုအမူ၊ အပြောအဆို၊ အကြံအစည်မှန်သမျှ ရှောင်ရှားကြဖို့လည်းလိုပါတယ်။

အစ်ကိုကြီးတို့ ကျောင်းတက်တုန်းကဆိုရင်လေ အလွန်ပျော်ခဲ့ကြတယ်၊ နောင်စိုင်းတို့လည်း ပျော်ကြမှာပါပဲ။ အစ်ကိုကြီးတို့တုန်းကလေ တိုင်းရင်းသားတွေအစုံပဲ၊ အမျိုးနွယ်ပေါင်း ၄၀ တောင်ပါတာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ခမီ၊ ဂိုန်းဖော၊ ဆလုံ၊ တောင်ရိုး၊ ဒိုင်းနက်၊ ဓနု၊ နာဂ၊ ပလောင်၊ ပအိုးဝ်၊ ပဒေါင်၊ မွန်၊ မြောင်ဇီး၊ ရခိုင်၊ ရဝမ်၊ ရှမ်း၊ လားဟူ၊ လီရှော၊ ဝ၊ အာခါ၊ အို . . . စုံလို့ပါပဲ။ အမိနိုင်ငံတော်အတွင်းမှာ တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၃၅ မျိုးစုစည်းနေထိုင်ကြလို့ ပန်းပေါင်းစုံပွင့်နေတဲ့ ပြည်ထောင်စုဥယျာဉ်ကြီးလိုပါပဲ၊ တို့ ဒီဂရီကောလိပ်အတွင်းမှာလည်း တိုင်းရင်းသားပေါင်းစုံတည်ရှိနေလို့ ပြည်ထောင်စုကြီးအတွင်းက ပြည်ထောင်စုငယ်လေး ဖြစ်နေတာနော်၊ အင်မတန် ရတောင့်ရခဲအခွင့်အရေး ရကြတာလေ၊ နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသားတွေ၊ ကြည့်စမ်း၊ ဒီမှာ လာပေါင်းစုံနေမိကြတာ၊ ပြည်ထောင်စုနေ့လိုမျိုး ကချင်၊ ကယား၊ ကရင်၊ ချင်းစတဲ့ ပြည်နယ်နေ့လိုမျိုး. . . ဆိုရင် သက်ဆိုင်ရာတိုင်းရင်းသား ဝတ်စုံတွေနဲ့၊ ရောင်စုံပန်းခင်းကြီးထဲ ရောက်နေသလိုမျိုးပေ့ါ၊ ပြည်ထောင်စုပန်းခင်းပေ့ါ၊ အဲဒီလို နေ့မျိုးတွေဆိုရင် ပိုပျော်ဖို့ကောင်းတယ်၊ သက်ဆိုင်ရာ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံတွေကို ရှင်းပြလိုက်ကြ၊ ရိုးရာဓလေ့အစားအစာတွေ တည်ခင်းဧည့်ခံကျွေးမွေးလိုက်ကြ၊ စလိုက်နောက်လိုက် ရယ်မောလိုက်ကြ၊ သီချင်းတွေဆိုပြီး ကခုန်လိုက်ကြနဲ့ မောရမှန်းတောင်မသိပါဘူး၊ အခုအချိန်ထိ တစ်နေရာစီ တာဝန်ကျသွားကြပေမယ့် ဖုန်းတွေဆက်ကြ၊ လူကြုံရှိရင်လည်း ဒေသထွက်အစားအစာတွေပို့ကြနဲ့ ချစ်ကြည်ရင်းနှီးမှုတွေပိုလို့ ခိုင်မြဲလာကြတာ နောင်စိုင်းရေ။

အစ်ကိုကြီးတို့နေခဲ့ကြတဲ့၊ ဒီဂရီကောလိပ်ကြီးလည်း (မန္တလေး)ကနေ (စစ်ကိုင်း) ပြောင်းရတယ်တဲ့၊ အို. . . ပိုတောင်ကောင်းသွားတာပေ့ါနော်၊ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကြီးရယ်၊ စစ်ကိုင်းတက္ကသိုလ်ကြီးရယ် ဆိုတော့ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေ ပိုပြီးစုစည်း မိသွားပြီပေ့ါ၊ အားရစရာကြီးဟော့၊ မြေနေရာသစ်မှာ အဆောက်အအုံသစ်တွေနဲ့ ဝင့်ဝင့်ကြွားကြွားပေါ်လာတော့မှာပေ့ါ၊ အစ်ကိုကြီးတို့၊ နောင်စိုင်းတို့တော့ မမီတော့ဘူးဟေ၊ နောင်လာမယ့် နောင်စိုင်းလေးတွေအတွက် ပိုကောင်းသွားတာပေ့ါ. . . ဒီဂရီကောလိပ်(ရန်ကုန်)လည်း ရန်ကုန်မြို့လယ်(လှိုင်နယ်မြေ)ကနေ ဒဂုံဆိပ်ကမ်းမြို့နယ် ပြောင်းရွှေ့သွားတော့ နယ်မြေကျယ်ကျယ်ဝန်းဝန်းမှာ လေကောင်းလေသန့်တွေ ရှူကြရ၊ သစ်ပင်တွေစိုက်ပျိုးကြနဲ့ ပျော်နေကြတာပဲ၊ အခုလည်းအကြီးအကဲတွေက အမြော်အမြင်ကြီးမားစွာနဲ့ စီမံဆောင်ရွက်ပေးတာကို ဒို့တစ်တွေဝမ်းမြောက်ဝမ်းသာနဲ့ ကျေးဇူးတင်ကြရမယ်နော့။

နောင်စိုင်းရေ၊ လောကမှာ အကာနဲ့အနှစ်ကို ခွဲခြားတတ်ဖို့လိုတယ်၊ နေရာထိုင်ခင်းဆိုတာ အကာပါပဲ၊ ပညာတွေထူးချွန်ထက်မြက်ဖို့၊ ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ထက်မြက်ဖို့၊ ကျောင်းစည်းကမ်း၊ လေ့ကျင့်ရေးစည်းကမ်း၊ ဝန်ထမ်းစည်းကမ်းတွေ သိရှိနားလည်လိုက်နာဖို့၊ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံတော်ကို ကျေးဇူးဆပ်ဖို့ဆိုတာတွေဟာ အနှစ်တွေပဲပေ့ါ၊ နောင်စိုင်းရေ၊ အစ်ကိုကြီးတို့ နောင်စိုင်းတို့တစ်တွေဟာ သမိုင်းပေးတာဝန်တွေကို ထမ်းဆောင်ကြရမယ့် မျိုးဆက်သစ်လူငယ်တွေပါ၊ ဘယ်တုန်းကမှ မရဖူးခဲ့ကြတဲ့၊ တိုင်းရင်းသားတွေအပေါ် နိုင်ငံတော်က ထားခဲ့တဲ့ စေတနာတွေကိုလည်း ခံစားနေကြရပါတယ်၊ ဒါ့ကြောင့် နောင်စိုင်းတို့တစ်တွေ ပညာကိုပဲ ပြင်းပြင်းထန်ထန်ကြိုးစားကြပါ၊ နောင်စိုင်းတို့တစ်တွေဟာ ရိုးသားပွင့်လင်းကြတဲ့ တိုင်းရင်းသားလူငယ်တွေပါ၊ အင်မတန်ဖြူစင်ကြပါတယ်၊ ဒီလိုရိုးသားဖြူစင်တဲ့ တိုင်းရင်းသားလူငယ်လေးတွေကို အသက်ငယ်ငယ်နှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် ဒီဂရီကောလိပ်တွေက လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးလိုက်ခြင်းဟာ အနာဂတ်ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားတို့ရဲ့ နယ်စပ်ဒေသအသီးသီးကို တာဝန်ယူခေါင်းဆောင်သွားနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာသင်စဉ်ကာလမှာ နိုင်ငံတော်ရဲ့စေတနာကို တန်ဖိုးထားပြီး လုံ့လဝီရိယကြီးပြင်းစွာနဲ့ ကြိုးစားသွားကြစေလိုပါတယ်။

နောင်စိုင်းရေ၊ အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာနေတာကို တို့တစ်တွေ မျက်ဝါးထင်ထင် မြင်တွေ့နေရပြီလေ၊ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေပါတယ်၊ ဒီလိုတည်ဆောက်ရာမှာ ပန်းခင်းလမ်းချည်း လျှောက်လှမ်းနေကြရတာ မဟုတ်ပါဘူး၊ ဆူးခင်းလမ်းလည်း နင်းနေရပါတယ်၊ ကျောက်တောင်ချောက်ကမ်းပါးတွေကိုလည်း ဖြတ်ကျော်နေရပါတယ်၊ လေပြင်းလေထန်တွေရဲ့ တိုက်ခတ်မှုကိုလည်း ခံနေရပါတယ်၊ ဒါတွေကို တို့တစ်တွေ သိထားရမယ်လေ၊ ကာကွယ်သွားကြရမယ်လေ၊ သတိကြီးကြီးထားပြီးတော့ ပြည်တွင်းပြည်ပ အဖျက်အမှောင့်တွေကိုလည်း ခိုင်ခိုင်မြဲမြဲလက်တွဲပြီး ဖယ်ရှားကြရမယ်လေ၊ တို့တစ်တွေဟာ ကျောင်းသားလည်းဟုတ်၊ ဝန်ထမ်းလည်းဖြစ်မို့ အရာရာကို သတိထားကြရမယ်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲဖို့ သမိုင်းပေးတဲ့ ပခုံးပြောင်းတာဝန်ကို ရဲရဲဝံ့ဝံ့ထမ်းဆောင်ကြရမယ့် ပြည်ထောင်စုဖွား တိုင်းရင်းသားတွေမဟုတ်လား၊ ကဲ. . . ကဲ. . . စာလည်းရှည်သွားပြီ၊ နောင်စိုင်းတို့တစ်တွေ စာကြိုးစားပြီး အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြမယ့် လူတော်လူကောင်းလေးတွေ ဖြစ်ကြပါစေ။

AIR KBZ မှ လေယာဉ်သစ်အကြောင်း ရှင်းလင်း

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာလှည့်ခရီးသွားများ သွားလာရလွယ်ကူစေရန်အတွက် AIR KBZ လေကြောင်းလိုင်းသည် နိုင်ငံတကာအဆင့်မီ လေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိပြီး အသစ်ဝယ်ယူထားသော ATR 72-600 လေယာဉ်သစ်အား မိတ်ဆက်ရှင်းလင်းပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် AIR KBZ Ltd မှ Deputy Managing Director ဦးခင်မောင်မြင့်က အသစ်ရောက်ရှိလာသည့် ATR 72-600 လေယာဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ တက်ရောက်လာသော စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းကြရာ AIR KBZ Ltd မှ Deputy Managing Director ဦးခင်မောင်မြင့်၊ CEO ဦးဥက္ကာထွန်းနှင့် General Manager Commercial ဦးမြတ်သူတို့က ပြန်လည်ရှင်းလင်းပြောကြားကြသည်။

AIR KBZ လေကြောင်းလိုင်းသည် ၂၀၁၀ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော လေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။ ယခု အသစ်ဝယ်ယူထားသော ATR 72-600 လေယာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး ပျံသန်းပြေးဆွဲမည့်လေယာဉ်လည်းဖြစ်သည်။ ယင်းလေယာဉ်သည် ခရီးသည် ၆၈ ဦးဆံ့ပြီး မတ် ၂၁ ရက်မှစ၍ ပြည်တွင်းခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲနေကြောင်း သိရသည်။

ကိုစိုးညွန့်

လယ်ထွန်စက်ကြီးနှင့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ပုသိမ် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ လယ်ထွန်စက်ကြီးနှင့် ကောက်စိုက်စက်၊ သမန်းလှေ့စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ အစရှိသည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို အသုံးပြုမောင်းနှင်တတ်စေရန် အခမဲ့သင်တန်း ဖွင့်လှစ်ပေးစေလိုသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ခရိုင်စက်မှု လယ်ယာဦးစီးမှူး ဦးခင်အောင်ညွှန့်တို့က ကြီးကြပ်၍ ပညာရှင်များနှင့်အတူ လယ်ထွန်စက်ကြီး ကိုင်တွယ်မောင်းနှင်မှုနှင့် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု သင်တန်းကို မတ် ၁၈ ရက် နံနက် ၉ နာရီက ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၊ ဆပ်တွင်းစံပြကျေးရွာ အမကကျောင်း၌ အခြေခံ၍ သင်တန်းဖွင့်လှစ်ရာ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးခင်အောင်ညွှန့်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကြာအုံနှင့် ပညာရှင်များက ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ သာပေါင်း၊ ကျုံပျော်၊ ရေကြည်၊ ငပုတော မြို့နယ်အသီးသီးမှ သင်တန်းသား တောင်သူ ၆၂ ဦးတို့၏ လက်တွေ့ထွန်စက်ကြီး မောင်းနှင်မှုကို ကြည့်ရှုအားပေးကြသည်။

ပုသိမ်(လှကြည်)

မူဆယ်၌ နွေစပါးစံပြကွက် စိုက်ပျိုးသရုပ်ပြပွဲကျင်းပ

မူဆယ် မတ် ၂၃

၂၀၁၂-၂၀၁၃ ခုနှစ်၊ နွေစပါး စံပြကွက် ဧက ၅၀ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP)နှင့်အညီ စိုက်ပျိုးသရုပ်ပြပွဲကို ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု နမ့်လောင်းကျေးရွာ ကွင်းအမှတ် (၄၃)၊ ဦးပိုင်အမှတ်(၂၇ ဒသမ ၁)ရှိ ဦးစိုင်းရီအောင်၏ စိုက်ဧက ၁ ဒသမ ၉၀ ဧကတွင် မတ် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။ အဆိုပါကွင်းတွင် မိုးစပါးစိုက်ပျိုးသောနေရာတွင် ပုလဲသွယ်စပ်မျိုးစပါးကို သီးထပ်အဖြစ် စိုက်ပျိုးခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းလွင်လွင်စိန်နှင့် မြို့နယ်ဦးစီးမှူး ဦးမင်းမင်းအောင်တို့က တက်ရောက်လာကြသော လယ်သမားများအား ပုလဲသွယ်စပ်မျိုးစပါး၏ အားသာချက်၊ ပျိုးထောင်ပုံ၊ စိုက်နည်းစနစ် လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားခဲ့သည်။

ယင်းစိုက်ပျိုးသရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်နှင့် အနီးနားဝန်းကျင်ရွာများမှ စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

 လွှတ်တော်ရေးရာကဏ္ဍ

လယ်သမားများနှင့် အလုပ်သမားများ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများဖြစ်ရေးအတွက် လွှတ်တော်က ဆောင်ရွက်နိုင်သကဲ့သို့ ဆောင်ရွက်ပေးရန်လည်းလို

နေပြည်တော် မတ် ၂၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၀) ရက်မြောက်နေ့တွင် ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုးက "နိုင်ငံတကာ ဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်း သင်ကြားပေးနိုင်ခြင်း ရှိ/မရှိ" သိရှိလိုကြောင်း မေးခွန်းနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် ယခုမေးခွန်းနှင့် ဖြေကြားသည့် ဖြေကြားမှုများကို နောက်နေ့ထုတ်ဝေမည့် သတင်းစာများတွင် အပြည့်အဝ ဖော်ပြပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း၊ ထိုနည်းတူ ဤမေးခွန်းနှင့်အဖြေကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်ပေးရန်အတွက်လည်း လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ပညာရေးနှင့် ပတ်သက်၍ မိမိတို့လွှတ်တော်က ဥပဒေပြဋ္ဌာန်းရန် ဝိုင်းဝန်းဆွေးနွေးနေသည်များလည်း ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ဘက်က ပြောမည်ဆိုလျှင် ဤဥပဒေမြန်မြန်နှင့် ဥပဒေကောင်းတစ်ခုဖြစ်ရေးအတွက်လည်း လိုလားပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအားလုံးပူးပေါင်းပြီး လာမည့်သတ္တမပုံမှန်အစည်းအဝေးတွင် ဤဥပဒေတစ်ခုဖြစ်လာရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကော်မတီအသီးသီးက ဝိုင်းဝန်း ကြိုးပမ်းပေးရန်ကိုလည်း မေတ္တာရပ်ခံတင်ပြလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ ထို့ပြင် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ မေးမြန်းချက်နှင့် ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ မေးခွန်းများသည် ဆက်စပ်ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါကြောင်း၊ ဦးအောင်မြသန်းမေးလိုသည့် မေးခွန်းအနှစ်ချုပ်သည် တောင်သူလယ်သမားများ၏အသံ၊ တောင်သူလယ်သမားများ၏ ဆန္ဒဖြစ်သည့် တောင်သူလယ်သမားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာမြေများ ခွတ်ခွဲစမ်းသပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များအဖြစ် သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ လယ်ယာမြေဥပဒေနှင့်အညီ ဘဏ်များမှ လုံလောက်သော ချေးငွေခွင့်ပြုရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အာမခံသည့် ပိုးသတ်ဆေးဥပဒေအဖြစ် ဖော်ဆောင်ပေးရန်၊ စိုက်ပျိုးရေးနည်းပညာ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးရန်၊ သီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုသည်ဟုဆိုသည့် မေးခွန်းဖြစ်ပါကြောင်း၊ ထိုသို့ မေးမြန်းသည့်နေရာတွင် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ မေးမြန်းချက်ကိုဖြေကြားရန် မိမိတို့လွှတ်တော်တွင် တာဝန်ရှိလာပါကြောင်း၊ ထို့ကြောင့်လည်း ပြီးခဲ့သော ဖေဖော်ဝါရီ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်တွင် တင်ပြခဲ့သည့် တင်ပြချက်နှင့် သက်ဆိုင်သည့်အတွက် ဖြေကြားရန် မိမိတွင် တာဝန်ရှိသည်ဟု ယူဆပါကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးမှ တစ်ဆင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ကို ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အကြောင်းကြားခဲ့ပါကြောင်း။

အကြောင်းအရာမှာ ဥပဒေများ ညှိနှိုင်းရေးဆွဲနိုင်ရေး ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများနှင့်အလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေများ ပြဋ္ဌာန်းထားရှိခြင်းရှိ၊ မရှိနှင့် ပြဋ္ဌာန်းထားရှိခြင်းရှိပါက ယနေ့ အချိန်အခါတွင် အမှန်တကယ် ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိ၊ ထုတ်ပြန်ထားခြင်းမရှိသေးပါက သက်ဆိုင်ရာ ကော်မတီများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲနိုင်ရေး အကြောင်းကြားပါသည်ဟူ၍ ကော်မရှင်သို့ ပေးပို့ခဲ့ပါကြောင်း၊ ယနေ့ ကော်မရှင်အနေဖြင့်လည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းကို သိရပါကြောင်း၊ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲပြီး လာမည့်သတ္တမပုံမှန်အစည်းအဝေးများအတွင်း ဥပဒေတစ်ရပ်ဖြစ်လာရေးအတွက် ဆောင်ရွက်သွားရန်ကိုလည်း လွှတ်တော်က တိုက်တွန်းလိုပါကြောင်း၊ သို့ဖြစ်၍ ယခုတိုက်တွန်းချက်နှင့်အညီ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ မေးခွန်းအား ပြန်လည် ဖြေကြားခြင်းဖြစ်ပါကြောင်း။

ဦးအောင်မြသန်းမေးသည့် မေးခွန်းနံပါတ် (၃)၊(၄)၊(၅)၊(၆)သည် ဥပဒေအရ ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် ဥပဒေပြုပြီးမှသာ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖြေကြားနိုင်မည် မဟုတ်သကဲ့သို့ ဖြေကြားမှုသည်လည်း ထိရောက်မှုရှိမည် မဟုတ်ပါကြောင်း၊ ဥပဒေပြုရေးဆိုသည့်နေရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နားလည်ထားသည့်အတိုင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဥပဒေကြမ်းများ တင်သွင်းနိုင်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းများတင်သွင်းနိုင်သည့်အတွက် အကယ်၍ ပြဋ္ဌာန်းထားသော ဥပဒေများသည် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်လိုအပ်ပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစပျိုးတင်ပြနိုင်သည့် အခွင့်အရေးများရှိပါကြောင်း၊ ထိုသို့မဟုတ်ဘဲ ဥပဒေအသစ်ရေးဆွဲရန်လိုသည်ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ ကော်မတီအနေဖြင့်သော်လည်းကောင်း ရေးဆွဲနိုင်သည့်အတွက် မိမိတို့ ရရှိထားသည့် အခွင့်အရေးကို မှန်မှန်ကန်ကန် အသုံးချပြီး ပြည်သူလူထု ယနေ့ ပြောနေသော တောင်သူလယ်သမားများနှင့် အလုပ်သမားများ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများဖြစ်ရေးအတွက်လည်း မိမိတို့လွှတ်တော်က ဆောင်ရွက် နိုင်သကဲ့သို့ ဆောင်ရွက်ပေးရန်လည်း လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ဇွန်လ ၂၁ ရက်ထက်စော၍ ခေါ်မည်မဟုတ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့၊ နိုင်ငံရေးအရ ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)တို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၄နာရီခွဲအထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Centre)၌ အောင်မြင်စွာ ဆွေးနွေး၍ နှစ်ဖက်သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တပ်မတော်အရာရှိကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့်အတူ အထွေထွေအတွင်းရေးမှူး ဦးခွန်မြင့်ထွန်း၊ ဗိုလ်မှူးကြီး ခွန်သူရိန်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လူငယ်အစည်းအရုံး၊ အမျိုးသမီးရေးရာနှင့်အလုပ်သမားရေးရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲသဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင်ပြည်ထောင်စု စိတ်ဓာတ် အရင်းခံဖြင့် နှစ်ဖက်ပွင့်လင်းရင်းနှီးစွာ အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်တွင် နှစ်ဖက် အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက် သဘောတူညီခဲ့ကြသည့် အပြင် ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍများအပါအဝင် ကဏ္ဍကြီး(၁၀)ရပ်နှင့် ပတ်သက်၍လည်း သဘောတူညီမှုရရှိခဲ့ကြသည်။ နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်လည်း သဘောတူညီခဲ့ကြသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၃

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

အထောက်အကူပြု

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် မြို့နယ်/ရပ်ကွက်၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခြင်းကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ကျင်းပ

ရန်ကုန် မတ် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၆၃)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက အမှာစကားပြောကြားပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး M. Jarraud ထံမှ ပေးပို့သော သဝဏ်လွှာကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ဖတ်ကြားသည်။

စာတမ်းများဖတ်ကြား

ထို့နောက် မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပရာ စာတမ်းရှင်ခြောက်ဦးတို့က စာတမ်းများကို ဖတ်ကြားကြသည်။

စောင့်ကြည့်လေ့လာ

ယခုနှစ် ကမ္ဘာ့မိုးလေဝသ ဆောင်ပုဒ်ဖြစ်သော "Watching the Weather to Protect life and Property" ဆိုသည့်အတိုင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ပြည်သူများအတွက် နေ့/ညမပြတ်ဖြစ်ပေါ်လျက်ရှိသော မိုးလေဝသအခြေအနေများကို စောင့်ကြည့်လေ့လာ တိုင်းထွာထုတ်ပြန်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စည်ပင်သာယာဖွံ့ဖြိုးရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၂၃

စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၏ တတိယနှင့် စတုတ္ထသုံးလပတ်အတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၉ အရ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့်ကောက်ခံရရှိငွေများ၏ ငါးရာခိုင်နှုန်းကိုစမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးဦးသန့်ဇော်လင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးတင်ဦးထံသို့ စည်ပင် သာယာဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် ငွေကျပ် ၃၄၂၈၈၀၈၁ ကို မတ် ၂၃ ရက်တွင် လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ စမ်းချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ၇၂၅၁၃၁၂၇ ဒသမ ၉၅ ကျပ် လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသန့်ဇော်လင်းက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးတင်ဦးထံသို့ စည်ပင်သာယာဖွံ့ဖြိုးရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညွန့်ထွန်း ဟိုချီမင်းမြို့ရှိ စက်မှုဇုန်စီမံကိန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၃

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် မတ် ၂၂ ရက် နံနက် ၉ နာရီတွင် ကုချီလိုဏ်ဂူသို့ရောက်ရှိပြီး ဗီယက်နမ်အမျိုးသားတော်လှန်ရေးတပ်ဖွဲ့ဝင်များ၏ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု သမိုင်းမှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ဟိုချီမင်းမြို့ အရှေ့မြောက်ဘက်ရှိ ဟိုချီမင်းအဆင့်မြင့် နည်းပညာဇုန်အတွင်းရှိ Saigon Hi-Tech Park နှင့် Fpt Software Power House များသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက အဆင့်မြင့်နည်းပညာဖြင့် ပတ်သက်သည့်ထုတ်ကုန်များ ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ ဇုန်အတွင်း နေရာချထားပေးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

Fpt Software Power House သည် ဗီယက်နမ်နိုင်ငံ၌ ဆော့ဝဲလ်ကုမ္ပဏီများအနက် အကြီးဆုံးဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးသော ကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။'

ညနေပိုင်းတွင် ဒုတိယသမ္မတသည် Dong Nai Province, Bein Hoa မြို့အနီးရှိ Amata Industrial Park နှင့် Nestle Factory တို့ကိုလည်းကောင်း၊ Chang Shin Vietnam ကိုလည်းကောင်း သွားရောက်၍ စက်မှုဇုန်များ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတဦးညွန့်ထွန်း ဟိုချီမင်း အဆင့်မြင့်နည်းပညာဇုန်အတွင်းရှိ Saigon Hi-Tech Park ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၃

မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သက်ဆိုင်ရာ ကော်မတီများအား မတ် ၂၂ ရက်မှစတင်၍ ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း သိရှိရသည်။

ဖွဲ့စည်းထား

အဆိုပါကော်မတီများမှာ ဗဟိုကွပ်ကဲမှုအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အတွင်းရေးမှူးအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် စုစုပေါင်း ၁၀ ဦးဖြင့်လည်းကောင်း၊ လုံခြုံရေးကော်မတီကို အမှတ်(၄)စစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မိုးမြင့်ထွန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်းခုနစ်ဦးဖြင့် လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်း လေးဦးဖြင့် လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကော်မတီကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်း ခြောက်ဦးဖြင့် လည်းကောင်း၊ ပညာရေးကော်မတီကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်းရှစ်ဦးဖြင့်လည်းကောင်း၊ ကျန်းမာရေးကော်မတီကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်းသုံးဦးဖြင့် လည်းကောင်း၊ သာသနာရေးဆိုင်ရာကော်မတီကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်း လေးဦးဖြင့်လည်းကောင်း၊ ပြန်ကြားရေးကော်မတီကို တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်း ရှစ်ဦးဖြင့် လည်းကောင်း ဖွဲ့စည်းထားသည်။

နိုင်ငံတော်သမ္မတရုံးက မတ် ၂၂ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာပြီးနောက် မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ရန်ကုန် မတ် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ ယနေ့ နံနက် ၈ နာရီတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသင့်လွင်က အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းသင်တန်းသို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်များမှ ရပ်ကွက် /ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၀၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိနေပြီဖြစ်၊ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိ၊ ဒုက္ခသည်များ၏စားသောက်နေထိုင်ရေးအတွက် လိုအပ်သည့်ကိစ္စအဝဝ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးထား

နေပြည်တော် မတ် ၂၃

နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် အရေးပေါ်အခြေအနေကြေညာခြင်းကို မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် မိတ္ထီလာမြို့၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းခဲ့ရာ မတ် ၂၂ ရက် ညပိုင်းမှစတင်၍ အခြေအနေမှာ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။

မီးလောင်ပျက်စီးဆုံးရှုံးခဲ့သော ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့အတွက် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆား၊ ပဲနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်ဦးစီးသည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ကယ်ဆယ်ရေး စခန်းအသီးသီးရှိ ဒုက္ခသည်များ၏ စားသောက်နေထိုင်ရေးအတွက် လိုအပ်သည့် ကိစ္စအဝဝကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် အလှူခံဌာနဖွင့်လှစ်ထားရှိ၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် ဒုက္ခသည်များအား ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်များကို ဖြန့်ဝေပေးလျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဧဒင်ကုမ္ပဏီ၊ မန္တလေးမြို့ရှိ သံဃာများနှင့် အလှူရှင်များ၊ The Action Time Foundation၊ Sky Net ရုပ်သံ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဦးအောင်ကျော်ဦး၊ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပျော်ဘွယ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးတို့က ခေါက်ဆွဲခြောက်ထုပ်များ၊မုန့်မျိုးစုံ၊ရေသန့်ဘူးများ၊အအေးဘူးများ၊ ဆန်အိတ်များ၊ ဆေးဝါးများ၊ မိုးကာတဲများ၊ အထည်မျိုးစုံ၊ ကော်ဖီမစ်ထုပ်များ၊ ဓာတ်ဆားထုပ်များနှင့် အလှူငွေများကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကယ်ဆယ်ရေး စခန်းများ၌ ယာယီနေထိုင်လျက်ရှိသော ဒုက္ခသည်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့်ပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများသည် ရန်ကုန်မြို့မှ မိတ္ထီလာမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် Y-8 လေယာဉ်ဖြင့် ရောက်ရှိလာသည်။

ကယ်ဆယ်ရေး စခန်းများမှ နေရပ်အသီးသီးရှိ မိမိတို့နေအိမ်သို့ ပြန်လိုသူများကိုလည်း သက်ဆိုင်ရာက လုံခြုံရေးတာဝန်ယူ၍ လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတာဝန်ကျ ဝန်ထမ်းများသည် ဒေသတည်ငြိမ်အေးချမ်းရေးကို အပြည့်အဝဆောင်ရွက်နိုင်ခဲ့ပြီးနောက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်အပျက်အစီးများအတွင်းမှ စုစုပေါင်း သေဆုံးသူ ၂၁ဦး၏ ရုပ်အလောင်းများကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါရုပ်အလောင်းများသည် ရုပ်ဆင်းအင်္ဂါ ပျက်ယွင်းနေပြီး အမည်နှင့် လူမျိုးဘာသာခွဲခြားနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

မိတ္ထီလာမြို့၌ ဖြစ်ပွားသည့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် ယနေ့ညနေပိုင်းအထိ ရရှိသော သတင်းများအရ သေဆုံးသူ စုစုပေါင်း ၃၂ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ မူလအခြေအနေအတိုင်း သွားလာနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စေတနာရှင် အလှူရှင်များ လှူဒါန်းသော ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဟိုချီမင်းမြို့ အိမ်ရာစီမံကိန်းအား ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မတ် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ဟိုချီမင်းမြို့ရှိ နဂါးမြို့တော် အိမ်ရာစီမံကိန်း (Dragon City Real Estate project)သို့ ကြည့်ရှုလေ့လာသည်။

အဆိုပါ အိမ်ရာစီမံကိန်းကို အမေရိကန်ဒေါ်လာတစ်ဘီလီယံဖြင့် Dragon Land Companyမှ မြေ (၆၅) ဟက်တာပေါ်တွင် အဆင့်မြင့် အိမ်ရာစီမံကိန်းအဖြစ်တည်ဆောက် အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ အဆိုပါအိမ်ရာ စီမံကိန်း၌ ကွန်ဒိုတိုက်ခန်းများ၊ လုံးချင်းအိမ်ရာများအပြင် စာသင်ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံ စသည့် မြို့ပြဖွံ့ဖြိုးရေးအစီအစဉ်များ ပါဝင်ကြောင်း သိရှိရသည်။

ဆက်လက်၍ စီမံကိန်းအား ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် Phulong Real Estate Holdings လုပ်ငန်းသို့လည်းကောင်း၊ HD Holding နှင့် Sovico Holdings လုပ်ငန်းသို့လည်းကောင်း၊ Parkson Supermarket ၏ ဦးဆောင် ကုမ္ပဏီအုပ်စုဖြစ်သည့် CT Group သို့ လည်းကောင်း၊ Vietjet Airline သို့ လည်းကောင်း သွားရောက် ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဗီယက်နမ်လေကြောင်းခရီးဖြင့် ဟိုချီမင်းမြို့မှထွက်ခွာလာပြီး မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူပြီးဖြစ်သည့် Mr.Pham Thanh Dung နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

(၆ဂ)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဦး ဉာဏ် ထွန်း ဟိုချီမင်း မြို့ရှိ Phulong Real Estate Holdings လုပ်ငန်းကို ကြည့် ရှု လေ့ လာ စဉ်။

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

အဆိုပါ An Khanh (Splendora) မြို့ကွက်သစ် စီမံကိန်းကို VINACONEX မှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံဖြင့် ဟန္နိုင်းမြို့အနောက်ဘက်၌ မြေဧရိယာ ၂၆၄ဟက်တာပေါ်တွင် အဆင့်လိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ညနေ ၅ နာရီခွဲတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဟန္နိုင်းမြို့ရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံသည်။ ထို့နောက် ဟန္နိုင်းမြို့မှ ဟိုချီမင်းမြို့သို့ ဗီယက်နမ်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြရာ ဗီယက်နမ်နိုင်ငံသမ္မတရုံး ဒုတိယဥက္ကဋ္ဌ H.E.Mr.Chu Van Yem နှင့် တာဝန်ရှိသူများက နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ဟိုချီမင်းမြို့ တန်ဆွံနတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ရောက်ရှိရာ ဟိုချီမင်းမြို့တော် ဒုတိယဥက္ကဋ္ဌ Mr.Le Manh ha၊ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr.Dam Trung Bac နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း မှော်ဘီနှင့် တိုက်ကြီးမြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၂၃

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများ မှီတင်းနေထိုင်လျက်ရှိသော ကျေးလက်ဒေသများတွင် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက်အိမ်ရာ တည်ဆောက်ရေးနှင့် မီးလင်းရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်၊ ပြည်သူ့ကိုယ်စားလှယ်များ ပွင့်လင်းမြင်သာစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဟန်ချက်ညီညီ အထောက်အကူပြုကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၃၆၃၃ လုံး၊ လူဦးရေ ၁၇၄၂၄ ဦးတို့အား အကျိုးပြုနိုင်သော လမ်း၊ တံတားလုပ်ငန်းများဖြစ်သည့် သန္ဓေပင်-ထိပ်စွန်း-တောင်ဘို့တစ်ရာ မြေသားလမ်းပေါ်ရှိ သစ်သားတံတား၊ ပေ ၁၀၀× ၁၄ပေကို အေးကမ္ဘာကုမ္ပဏီကလည်းကောင်း၊ မှော်ဘီ-ရိုးကြီး မြေသားလမ်း (၄/၄) မိုင်နှင့် လက်ပံဝဲ-ဦးပေါ်ကာကုန်း-မှော်ဘီ-ချောင်းဝ မြေသားလမ်း (၂/၂)မိုင်ကို KOL Global ကုမ္ပဏီက လည်းကောင်း၊ တိုက်ကြီးမြို့နယ် တိုက်ကြီး-ကြာအင်း မြေသားလမ်းပေါ်ရှိ သစ်သားတံတားလေးစင်းကို အေးကမ္ဘာကုမ္ပဏီက လည်းကောင်း၊ တည်ဆောက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်များသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများသည် မတ် ၂၀ ရက်တွင် ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။ ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လမ်း၊ တံတားများ တည်ဆောက်ပြုပြင်နိုင်သဖြင့် ဒေသတွင်း ရာသီမရွေးသွားလာမှု လွယ်ကူချောမွေ့ပြီး လူမှုရေး၊ စီးပွားရေး ပိုမိုတိုးတက်ဆောင်ရွက်နိုင်မှုနှင့်ဆောင်ရွက်ပြီးလမ်း၊ တံတားများကို ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများက ကြီးကြပ်ထိန်းသိမ်း ဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

(ယာပုံ) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	International News
၈း၁၅	**အရေးကြီးလို့ပါ**
၈း၂၅	SEA Games (Go for Gold) (ရေကူး)
၈း၄၅	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀	စစ်သည်တေး
၁၁း၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	မြန်မာရုပ်ရှင် **ဖြေနိုင်ပေါင်** ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ (ဒါရိုက်တာ-ပြည့်စုံ)
၁း၄၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁း၅၅	**ကိုယ်ချင်းစာ၍ ကူညီပါ** မင်းသူ၊ သိမ့်ကိုကိုလှ (ဒါရိုက်တာ-မျိုးအေး)

ညပိုင်း

၄း၀၀	ရုပ်မြင်သံကြားအဖွင့်တေး
၄း၂၀	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၀	ကျေးရွာမြေ စွန့်ပစ်အမှိုက် လယ်ယာမြေရတနာသိုက်
၄း၅၀	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ကာတွန်းအစီအစဉ် **လီယိုကိုလျှို့ဝှက်သင်္ကေတ** (အပိုင်း-၂၈)
၆း၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ်နေ့ရက်များ** (ဒုတိယတွဲ)(အပိုင်း-၃၃)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသ အခြေအနေ - တစ်မျက်နှာ၊ တစ်ကွက်စာ **အနီနဲ့အပြာ** ဖြိုးငွေစိုး၊ မေပန်းချီ [ဒါရိုက်တာ-မေတင် (MMG)] - နိုင်ငံခြားဇာတ်လမ်းတွဲ **မိတ်ဆွေကောင်းဟူသည်မှာ** (ဇာတ်သိမ်း)
၁၀း၀၀	ပြည်တွင်းသတင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းများတွင် ထောက်ပံ့ပစ္စည်းများဖြန့်ဝေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် မိတ္ထီလာမြို့မြို့ပေါ်ရှိကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးမှုကို ယနေ့ညနေပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာမြို့ပညာရေးလေ့ကျင့်ရေးကျောင်း၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ ခရိုင်အားကစားကွင်းနှင့် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ စေတနာရှင်ပြည်သူများလှူဒါန်းသည့် ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ ဘီစကွတ်ထုပ်နှင့်ထမင်းထုပ်များဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ ဒုက္ခသည်များအား အားပေးစကားပြောကြားသည်။

စီစဉ်ထား

ယခုအခါ မိတ္ထီလာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည် ၉၆၄၄ ဦးတို့အတွက် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် ရက်သတ္တပတ်စာ စားဝတ်နေရေး အဆင်ပြေအောင် စီစဉ်ထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ အမှတ် (၁) အခြေခံ ပညာ အ ထက် တန်း ကျောင်း ရှိ ကယ်ဆယ်ရေး စခန်း၌ စား သောက် ဖွယ် ပစ္စည်း များ ဝေ ငှ ပေး နေ သည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည် သတင်း

ပရိုမိုးရှင်းကာလတစ်လအတွင်း မြန်မာ့လေကြောင်း လေယာဉ်စီးခလျှော့ချ

မန္တလေး မတ် ၂၃

မြန်မာ့လေကြောင်းအနေဖြင့် မန္တလေးမှ ရန်ကုန်သို့ ပြေးဆွဲလျက်ရှိသောခရီးစဉ်ကို ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၁၃ ရက်အထိ Promotion ကာလ တစ်လသတ်မှတ်၍ ပြေးဆွဲပေးခဲ့ပြီး ယခုတစ်ဖန် မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ် မတ် ၁၄ ရက်မှ ဧပြီ ၁၃ ရက်အထိ Promotion ကာလတစ်လထပ်မံသတ်မှတ်၍ လေယာဉ်လက်မှတ်ကို တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် ရုံးပိတ်ရက်မရှိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၃ နာရီအထိ မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ) တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွက် Promotion ကာလ ထပ်မံသတ်မှတ်ပေးခြင်းသည် မန္တလေးမြို့နှင့် အထက်မြန်မာပြည်မြို့များတွင် နေထိုင်သောပြည်သူများ မဟာသင်္ကြန်ပွဲတော်မတိုင်မီ မန္တလေးမှ ရန်ကုန်သို့ သွားရောက်ရာတွင် ခရီးသွားလာမှုလွယ်ကူပြီး ကုန်ကျစရိတ်သက်သာစေရန်နှင့် ယခင်သတ်မှတ်ခဲ့သော Promotion ကာလ၌စီးနင်းလိုက်ပါသော ခရီးသည်များ ပိုမိုများပြားလာသည့်အတွက် ထပ်မံဆောင်ရွက်ပေးသည့်အနေဖြင့် ယခုကဲ့သို့ တစ်လထပ်မံတိုးမြှင့်ပေးခြင်းဖြစ်ကာ Promotionကာလအတွင်း လေယာဉ်လက်မှတ်များကို ကြိုတင်ဝယ်ယူနိုင်ရန် ရောင်းချပေးလျက်ရှိသည်။

“မြန်မာ့လေကြောင်း ယခုလိုဈေးလျှော့ပြီး ပြေးဆွဲပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပုဂ္ဂလိက လေကြောင်းလိုင်းတွေဆိုရင် ဒီထက်မက ပိုနေပါတယ်။ မြန်မာ့လေကြောင်းလိုင်းအနေနဲ့ လေယာဉ်လက်မှတ်တွေကို ယခု ဈေးနှုန်းထက်လျှော့ချပေးမယ်ဆိုရင် ပြည်သူတွေက ဝမ်းသာကျေနပ်ကြမှာပါ။ အခု ခေတ်က ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ဆိုတော့ လူတွေက ရထားထက်ကား၊ ကားထက်လေယာဉ် တစ်စတစ်စနဲ့ ပြောင်းလဲစီးနင်းလာကြပါတယ်။ မြန်မာ့လေကြောင်းက ဒီလိုလုပ်ပေးတော့ ဈေးနှုန်းကလည်း ချို သွားလာမှုလည်း အဆင်ပြေတဲ့အတွက် ပြည်သူတွေ ပိုပြီးတော့ လိုက်ပါစီးနင်းလာကြပါတယ်” ဟု မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် မန္တလေးမှ ရန်ကုန်သို့လိုက်ပါမည့် လေယာဉ်စီးခရီးသည်တစ်ဦးက ပြောပြသည်။

မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ)က ကျန်ခရီးစဉ်များဖြစ်သော မန္တလေးမှ နေပြည်တော်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီး၊ ဟုမ္မလင်း၊ ကလေး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့များသို့ ပျံသန်းပြေးဆွဲမည့် ခရီးစဉ်လေယာဉ်လက်မှတ်များကိုလည်း ရောင်းချပေးလျက်ရှိရာ အသေးစိတ်သိရှိလိုပါက မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ) ဖုန်း- ၀၂-၃၆၂၂၁၊ ၃၆၂၂၂ နှင့် ၀၉-၂၀၂၂၉၈၉ တို့သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ **(ဝ၄ဝ)**

ထန်းဖိုပေါ်ဦးပေါ်ဖျား ဈေးကောင်းရလျက်ရှိ

ရေစကြို မတ် ၂၃

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သဖြင့် ထန်းပင်၊ထန်းတောများ ပေါများစွာပေါက်ရောက်လျက်ရှိသည်။ ထန်းပင်တွင် ထန်းဖိုနှင့် ထန်းမဟူ၍ နှစ်မျိုးရှိသည်။ ထန်းဖိုမှ ထန်းရည်ကို တပို့တွဲလပြည့်ကျော် ၁၀ရက်မှ နယုန်လဆန်း ၁၀ ရက်အထိရရှိ၍ ထန်းမမှ ထန်းရည်ကို နယုန်လပြည့်ကျော် ၅ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိရရှိသည်ဟု သိရသည်။

ယခုအချိန်သည် ထန်းဖိုဦးမှ ထန်းလျက် ပေါ်ဦးပေါ်ဖျားဖြစ်သည့်အပြင် ရေစကြိုမြို့နယ်၏ ရိုးရာဓလေ့အရ တပေါင်းလတွင်ကျင်းပမြဲဖြစ်သော ရွှေကူနီပွဲ(ခေါ်)ကိုကြီးကျော်နတ်ပွဲအချိန်တွင် ကိုကြီးကျော်နတ်နှင့် မိဆိုင်ဖဆိုင်နတ်များကို မုန့်ဖြူမုန့်နီ(ခေါ်)မုန့်ဆီကြော်နှင့်အစီးကြော်မုန့်များကြော်၍ နတ်တင်ကြသောကာလဖြစ်သဖြင့် ထန်းလျက်ဝယ်လိုအားကောင်းသောအချိန် ဖြစ်သောကြောင့် ထန်းလျက်ဈေးမြင့်တက်လျက်ရှိသည်။

အဆိုပါထန်းဖိုဦးမှ ပေါ်ဦးပေါ်ဖျား ထန်းလျက်များကို ထန်းသမားများက ပွဲရုံများသို့ သွားရောက်ရောင်းချခြင်းမပြုကြဘဲ ရေစကြိုမြို့မဈေးကြီးနှင့် နံနက်ခင်းဈေးများသို့ သွားရောက်ရောင်းချနေကြသည်ကို တွေ့မြင်နေရသည်။ ထန်းမပေါ်ချိန်တွင် ထန်းလျက် တစ်ပိဿာငွေကျပ် ၅၀၀ ခန့်သာ ရှိတတ်သော်လည်း ယခုလို ထန်းဖိုဦးပေါ်ချိန်တွင် ထန်းလျက်တစ်ပိဿာငွေကျပ် ၁၂၀၀ နှုန်းဖြင့် ထန်းသမားများ ထန်းလျက်ဈေးကောင်းရ လျက်ရှိသည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ကသာမြို့ မြို့မဈေးသစ် ပြန်လည်တည်ဆောက်မည်

ကသာ မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကသာမြို့မဈေးသစ်ကြီး ပြန်လည်တည်ဆောက်ရန်အတွက် မတ် ၁၆ ရက်က တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးတို့သည် ကသာမြို့သို့ ရောက်ရှိခဲ့ရာ ဈေးဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ကသာမြို့ မြို့မဈေးသူ ဈေးသားများနှင့် မဟာလေးထပ်ကျောင်းတွင် ဆက်လက်၍တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ဈေးသူဈေးသားများ ဆန္ဒနှင့်အညီ ဈေးတည်ဆောက်ရေးကော်မတီမှ ဆောက်လုပ်မည့် အဆောက်အအုံပုံစံနှင့် ဈေးနှုန်း၊ ထွန်းတောက်ဇော်ကုမ္ပဏီမှ ဆောက်လုပ်မည့်အဆောက်အအုံပုံစံနှင့် ဈေးနှုန်းကို အချိန်ပေးရွေးချယ်နိုင်စေရန် အတွက် မတ် ၁၇ ရက်က မြို့မဈေးအဆောက်အအုံ ဆောက်လုပ်ရန်ကုမ္ပဏီနှင့် ဈေးနှုန်းရွေးချယ်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆန္ဒမဲပေးရွေးချယ်နိုင်စေရေး အတွက် ဈေးတည်ဆောက်ရေး ရွေးချယ်ခြင်း၊ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်း၍ ကြီးကြပ်စေခြင်းနှင့်ကြီးကြပ်ရေးအဖွဲ့တွင် ဥပဒေအကြံပေးများကို ထည့်သွင်းဆောင်ရွက်စေခဲ့သည်။ ဈေးသူဈေးသားများ၏ ဆန္ဒနှင့်အညီ ဈေးတည်ဆောက်ရန် ပုံစံ၊ ဈေးနှုန်းနှင့် တည်ဆောက်မည့်ကုမ္ပဏီ ရွေးချယ်ရာတွင် ဆန္ဒမဲပေးရွေးချယ်ခြင်းကို ပွင့်လင်းမြင်သာစွာဖြင့် မဲခွဲဆုံးဖြတ်ရာတွင် ဆန္ဒမဲပေးသူ ၅၉၀ ဖြစ်ပြီး ထွန်းတောက်ဇော်ကုမ္ပဏီနှင့် ဈေးဆောက်လုပ်လိုသူများက မဲအရေအတွက် ၃၀၀၊ ဈေးတည်ဆောက်ရေးကော်မတီဖြင့် ဈေးတည်ဆောက်လိုသူများက ၂၈၃ မဲ၊ ပယ်မဲခုနစ်မဲဖြစ်ပြီး ထွန်းတောက်ဇော်ကုမ္ပဏီက ၁၇ မဲပိုမိုရရှိသဖြင့် ကသာမြို့ မြို့မဈေးသစ်ကို ပြန်လည်ဆောက်လုပ်ရန် အများဆန္ဒနှင့်အညီ ရွေးချယ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထွန်းတောက်ဇော်ကုမ္ပဏီနှင့် ကသာမြို့ မြို့မဈေးသစ်ကြီးကို အမြင့်ဆုံး ၂၄ ဒသမ ၅ သိန်းမှ အနိမ့်ဆုံး လေးသိန်းအထိ ဈေးဆိုင်ခန်းအသီးသီးသတ်မှတ်၍ တည်ဆောက်ရေးကာလခုနစ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကသာမြို့ မြို့မဈေးသစ်ကြီးကို တာဝန်ရှိသူများက ပွင့်လင်းမြင်သာသည့်ပုံစံဖြင့် မြို့မဈေး ဈေးသူဈေးသားများ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးမှုကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တရားစခန်းဖွင့်

အင်းတော် မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မင်ဝယ်ကျေးရွာမှ သက်တော် ၈၂ နှစ်ရှိ ဆရာတော် ဦးဝိစိတ္တ၏ ကျောင်းတိုက်တွင် (၆၉) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းပြပွဲကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိ မတ္တရာမြို့ ဘုရားနီကျောင်းတိုက်မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက သာသနာပြုဆရာတော် ဘဒ္ဒန္တခေမိန္ဒာစာရ (ဓမ္မာစရိယ) အရှင်သူမြတ်က မိုးကုတ်ဝိပဿနာခုနစ်ရက် အလုပ်ပေးတရားစခန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

ရွှေဟောင်းသမိုင်းဝင် သာသနိက အဆောက်အအုံများ ရှေးမူမပျက် ပြန်လည်တည်ဆောက်မည်

မန္တလေး မတ် ၂၃

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီး ရှေးဟောင်းသမိုင်းဝင်သာသနိက အဆောက်အအုံပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်နှင့် ပဌာန်းဟောသိမ်တော် ရှေးမူမပျက်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အဆိုပါ မြေနေရာများ၌ မတ် ၂၀ ရက် နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ရတနာပုံမြို့တည် နန်းတည်သတ္တဌာနခုနစ်ဌာနအနက် ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးယိုယွင်းခဲ့သော ရှေးဟောင်းသမိုင်းဝင်သာသနိကအဆောက်အအုံများဖြစ်ကြသည့် ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်နှင့် ပဌာန်းဟောသိမ်တော်တို့အား ရှေးမူမပျက်ပြန်လည်တည်ဆောက်ရန် အဆိုပါမြေနေရာများတွင် မန္တလေးမြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများက ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြပြီး အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံသိမ်းဆည်းခြင်းကို ဆောင်ရွက်ကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဦးခင်မောင်တင်၊ မန္တလေးခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သန့်ရှင်းရေးဌာနမှူးများ၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများတက်ရောက်ကြကြောင်း သိရှိရသည်။ **(ဝ၄ဝ)**

စာကြည့်တိုက် ဆောက်လုပ်ရန် မြေသန့်မင်္ဂလာပြုပွဲ ကျင်းပ

ရေစကြို မတ် ၂၃

ပခုက္ကူခရိုင် ရေစကြိုမြို့တွင် စာကြည့်တိုက်တည်ဆောက်မည့် မြေနေရာ၌ မြေသန့်မင်္ဂလာပြုပွဲအခမ်းအနားကို မတ် ၂၁ရက် ညနေ ၄ နာရီခွဲက ကျင်းပသည်။ အဆိုပါ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စာကြည့်တိုက်မြေနေရာကို ရေစကြိုမြို့ အမှတ်(၅)ရပ်ကွက်အနောက်မြို့သာ ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ယင်းကျောင်းဝင်းအတွင်းရှိ အရှေ့ဘက်အခြမ်း မြေလွတ်နေရာကို စာကြည့်တိုက်ဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့၍ စာကြည့်တိုက်အဆောက်အအုံနှင့် ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို မန္တလေးမြို့နေ ရေစကြိုမြို့နယ် ပြုဖူးကျေးရွာဇာတိ သစ်ချိုလွင် စတိုးဆိုင်ပိုင်ရှင် ဦးတင့်လွင်-ဒေါ်ချိုအေး မိသားစုက လှူဒါန်းကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ကားတာယာလဲစဉ် ဝိုင်ယာရှော့ခ်ဖြစ်၍ ကားမီးလောင်

နွားထိုးကြီး မတ် ၂၃

နွားထိုးကြီးမြို့ အမှတ်(၄) ရပ်ကွက် မြင်းခြံ-မန္တလေးလမ်းမကြီးဘေးရှိ လေဖြည့်ဆိုင်အနီးတွင် ဖေဖော်ဝါရီ ၈ ရက်က ကားတာယာလဲစဉ် ဝိုင်ယာရှော့ခ်ဖြစ်ကာ ကားမီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

Super Roof ဗင်ကားဖြူမှာ မန္တလေးမှ မြင်းခြံအသွား ကားတာယာလဲစဉ် ကားအင်ဂျင်ကျပ်၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ရာ ရပ်ကွက်မှ ဝိုင်းဝန်းငြိမ်းသတ်လိုက်ရသည်။ မီးသည် ကားအင်ဂျင်ခန်းတစ်ခုလုံး လောင်ခဲ့သဖြင့် ကားမောင်းသူကို ဝိုင်းဝန်းဆွဲထုတ်လိုက်ရကြောင်း သိရှိရသည်။ **(ဝဝ၅)**

မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး အသိပေးကြေညာချက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရှင်းလင်း

မန္တလေး မတ် ၂၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပေးကြေညာချက်ကို မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရေလောင်ကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာရှိ ပြည်သူများအား ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါရွာရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ မန္တလေးခရိုင် အုပ်ချုပ်ရေးမှူးဦးဇော်တင်မိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်း၊ ခရိုင်ဥပဒေအရာရှိ ဦးကျော်ကျော်အောင်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြင့်လှိုင်၊ မန္တလေးမြို့တော်စည်ပင်၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနမှူးဦးခင်မောင်မြင့်၊ ပြည်ကြီးတံခွန်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စာနယ်ဇင်းနှင့်သတင်းသမားများ ကျေးရွာနေပြည်သူ ၁၅၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက “မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေကွက်ပိုင်ဆိုင်သူများကို မတ် ၃၁ ရက် နောက်ဆုံးထားပြီး ဝင်းခြံခတ်ကြဖို့ အသိပေးကြေညာထားပြီးဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ပြည်ကြီးတံခွန်မြို့နယ်ထဲက မြေကွက်တွေက ပိုင်ရှင်တွေအနေနဲ့ ဝင်းခြံခတ်မှုတွေ ဆောင်ရွက်ခဲ့ကြရာမှာ ရွာသစ်ကလေးကျေးရွာနေပြည်သူအချို့နဲ့ အနီးပတ်ဝန်းကျင်က ဒေသခံအချို့မှ ခြံစည်းရိုးကာရံရာတွင် လာရောက်တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်း၊ ငွေကြေးတောင်းခံခြင်းတွေ ပြုလုပ်နေတာကို သိရှိရတဲ့အတွက် ကျေးရွာနေပြည်သူတွေ ဥပဒေကြောင်းအရ မမှားသင့်တာ မမှားရအောင် လာရောက်တွေ့ဆုံပြီးတော့ အသိပေးရခြင်းဖြစ်ပါတယ်။ မြေကွက်ပိုင်ရှင်တွေအနေနဲ့ကလည်း မြို့တော်စည်ပင်ရဲ့ အသိပေးကြေညာချက်ကို အလေးထားလိုက်နာတဲ့အနေနဲ့ မိမိပိုင်မြေကွက်မှာ ဝင်းခြံခတ်ရခြင်းဖြစ်ပါတယ်။ ကျေးရွာနေပြည်သူများအနေနဲ့ ဝင်းခြံခတ်မှုကို နှောင့်ယှက်မည်ဆိုပါက တည်ဆဲဥပဒေ၊ ညွှန်ကြားချက်/အမိန့်တွေကို ဆန့်ကျင်ရာရောက်မှာ ဖြစ်ပါတယ်။ ကျေးရွာနေပြည်သူတွေ အမှန်တကယ်နစ်နာမှုများ ရှိခဲ့ပါက အထောက်အထားစာရွက်စာတမ်းတွေ ပြည့်ပြည့်စုံစုံတင်ပြပေးစေလိုပါတယ်။ အထောက်အထားစာရွက်စာတမ်းတွေကို တာဝန်ရှိသူတွေအနေနဲ့ လိုအပ်တဲ့ စိစစ်မှုတွေ ပြုလုပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ဟန့်တားနှောင့်ယှက်နေပါက တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့အတွက် တာဝန်ရှိသူတွေဘက်က ဥပဒေကြောင်းအရ ဆောင်ရွက်ပါက နစ်နာမှုမရှိစေရေးအတွက် စေတနာဖြင့် လာရောက်အသိပေးရှင်းလင်းရခြင်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ဥပဒေအရာရှိ၊ မန္တလေးမြို့တော်စည်ပင်၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာန၊ ဌာနမှူးနှင့် တာဝန်ရှိသူများက မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပေးကြေညာချက် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျေးရွာနေပြည်သူ ၁၀ ဦးက အသိပေးကြေညာချက်နှင့် ပတ်သက်၍သိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

မိုးကုတ်ရတနာမြေကို နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်နိုင်မည့်ဒေသတစ်ခုဖြစ်လာစေရန် ဆောင်ရွက်မည်

မန္တလေး မတ် ၂၃

မိုးကုတ်ရတနာမြေမှ ထွက်ရှိသော ပတ္တမြား၊ နီလာစသော ကျောက်မျက်ရတနာများသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး တွင်းထွက်သဘာဝ ကျောက်မျက်များဖြစ်ရာ နိုင်ငံတော်နှင့်အကျိုးတူဖက်စပ်လုပ်ငန်း၊ ဦးပိုင်လုပ်ငန်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား သတ်မှတ်ဖော်ထုတ်လုပ်ကွက်၊ တစ်ပိုင်တစ်နိုင်လုပ်ကွက်များ ဖော်ထုတ်ပေးပြီး ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရတနာမြေမှ ထွက်ရှိသော ကျောက်မျက်များကို ယခင်ကရန်ကုန် ကမ္ဘာ့အေးကျောက်မျက်ရတနာပြခန်းတွင် အရောင်းဆိုင်များဖွင့်လှစ်ရောင်းချပြီး ယခုအခါ နေပြည်တော်မဏိရတနာခန်းမ၌ ရောင်းချပေးနေကြောင်း သိရသည်။

သို့သော် တရုတ်နိုင်ငံ ယူနန်၊ ဟောင်ကောင်၊ ထိုင်းနိုင်ငံ ဗန်ကောက်နှင့်စင်ကာပူနိုင်ငံများတွင် ကျောက်မျက်ရတနာလုံးဝထွက်ရှိခြင်း မရှိဘဲ ကမ္ဘာ့အလယ်တွင် ကျောက်မျက်ရတနာဈေးကွက်ကြီးများ ဖွင့်လှစ်တည်ထောင်ထားသော်လည်း ကျောက်မျက်ထွက်ရှိရာ မိမိတို့နိုင်ငံတွင် ဒေသတွင်း ဈေးကွက်ဖော်ဆောင်နိုင်မှု အားနည်းနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ကျယ်ပြန့်ထွန်းကားလာသော ဈေးကွက်စီးပွားရေးစနစ်အရ ကျောက်မျက်ရတနာ ထွက်ရှိရာ မိုးကုတ်ရတနာမြေတွင် နိုင်ငံတကာဈေးကွက်နှင့်အညီ အဆင့်မီသော ကျောက်မျက်ရတနာဈေးကွက်အဖြစ် တိုးချဲ့အဆင့်မြှင့်ခြင်းဖြင့် နိုင်ငံခြားသားခရီးသွားများ ပိုမိုတိုးတက်ရောက်ရှိနိုင်ခြင်း၊ နိုင်ငံခြားငွေတိုးတက်ရှာဖွေပေးနိုင်ခြင်း၊ ဒေသခံပြည်သူများက အလုပ်အကိုင် အခွင့်အလမ်းရရှိကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ ရည်ရွယ်ချက်များဖြင့် မတ် ၁၆ ရက်က မိုးကုတ်မြို့ ကျောက်မျက်ရတနာ လုပ်ငန်းရှင်ကြီးများအသင်း အစည်းအဝေး ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် လုပ်ငန်းရှင် ၁၁ ဦးက အလှူငွေကျပ် သိန်း ၅၀၀ မတည်ပြီး လုပ်ငန်းရှင်အသင်းဝင် ၁၄၀၀ ကျော်က ငွေကျပ်တစ်သိန်းစီ ထည့်ဝင်လှူဒါန်းကာ ကျပ်သိန်း ၂၀၀၀ ကျော်ဖြင့် အသင်းရုံးတည်ဆောက်ခြင်း၊ ထို့နောက် သတ်မှတ်အစီအစဉ်အတိုင်း ကျောက်မျက်ရတနာအရောင်းခန်းမ၊ ဆိုင်ခန်း၊ ကျောက်ပန်းချီတိုင်၊ ကျောက်သွေးအချောထည်ခန်း၊ ပန်းတိမ်ခန်း၊ စိန်ဖူးတော်၊ ရုပ်ပွားတော်၊ ပန်းပုလုပ်ငန်းပြခန်းများကို ကြိုပွဲဝင့်စနစ်ဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာများကို One Stop Service ဖြင့် တွင်ကျယ်စွာ ရောင်းဝယ်နိုင်ရေး ပြည်ထောင်စုအစိုးရ၏ပံ့ပိုးမှု၊ တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မိုးကုတ်ရတနာမြေကို နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်မည့်ဒေသတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင် (မန္တလေး)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကျင်းပ

မြင်းမူ မတ် ၂၃

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရှိ ရပ်ကွက် /ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၂ ရက်က မြို့နယ်ထွေ/အုပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က သင်တန်းဆင်းပွဲ အမှာစကားပြောကြားပြီးနောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ သင်တန်းသား သင်တန်းသူများသို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်လိုက်ကြောင်းသိရသည်။ **(တင်တင်စိုး)**

ခြေသုံးချောင်းနှင့် ကြက်

စဉ့်ကိုင် မတ် ၂၃

ထူးဆန်းသော ခြေထောက်သုံးချောင်းပါ ကြက်ကလေးအကြောင်းကို သိလို၍ စဉ့်ကိုင်မြို့ကို သွားရောက်စုံစမ်းခဲ့သည်။ "သက်ပြင်း" အမည်ရှိ ခြေထောက်သုံးချောင်းပါသော မြန်မာကြက်ကလေးသည် ပင်ကိုခြေနှစ်ချောင်းအပြင် စအို၏အောက်မှ ခြေထောက်တစ်ချောင်း အပိုတစ်ခုပါ၍မှ ပေါက်ကတည်းက ပါလာခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ခြေထောက်သုံးချောင်းပါ ကြက်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းမေက " မြန်မာကြက်မျိုးပါပဲ။ ပေါက်ခါစကတော့ လိန်တိန်ပိန်တိန်နဲ့ ဘယ်တော့သေမလဲဆိုပြီး စောင့်ကြည့်နေတာပါ။ အခုတော့ မြင်နေရတဲ့အတိုင်း ဒေါင်ဒေါင်မြည်ပါပဲ။ ကြက်ချေးပါတဲ့အခါကျရင်တော့ ခြေထောက်ပေါ်ကို တည့်တည့်ပါချတယ်။ ဒီကြက်ကလေးက ၂၀၁၂ ခုနှစ် ဇူလိုင်လလောက်ကပေါက်တာဆိုတော့ အခုရှစ်လသားရှိပြီး တွန်တော့မတွန်သေးဘူး"ဟု ပြောပြသည်။ ခြေထောက်သုံးချောင်းပါ ကြက်ကလေးမှာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွှေကာကျေးရွာတွင် ရှိကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့်မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန်အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ် ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နား နေပါ။

(၁၁) မိတ်ဖု၊ ယားနားများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့်၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ပြည်တွင်းသတင်း

ကလေးသူငယ်များပေါ် ကျူးလွန်သည့်မှုခင်းဆိုင်ရာများအား လေ့လာရန် အရှေ့တောင်အာရှအင်တာပိုအစည်းအဝေးသို့ မြန်မာနိုင်ငံမှ တက်ရောက်ခဲ့

နေပြည်တော် မတ် ၂၃

မြန်မာနိုင်ငံသည် ဧပြီလအတွင်း ကလေးသူငယ် အကာအကွယ်ပေးရေး ရဲတပ်စုများကို ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် အချက်အလက်များကို လေ့လာရန်အတွက် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကျင်းပမည့် ကလေးသူငယ်များအပေါ် ကျူးလွန်သည့် မှုခင်းဆိုင်ရာအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းအစည်းအဝေးတွင် လူကုန်ကူးခံရသူ ကလေးသူငယ်များအား ခွဲခြားစိစစ်ခြင်း၊ ကလေးသူငယ်များအပေါ် အင်တာနက်အသုံးပြု ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခြင်း၊ ကလေးသူငယ် လိင်မှုဆိုင်ရာ ပြစ်မှုကျူးလွန်မှုများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်ပြစ်မှု ကျူးလွန်မှုများ စိစစ်ခြင်းတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကုန်ကူးမှု နှိမ်နင်းရေးရုံးအဖွဲ့မှ သိရသည်။

"အရှေ့တောင်အာရှ အာဆီယံနိုင်ငံ ကလေးသူငယ်များအား လိင်အလွဲသုံးစားမှု၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ ကလေးသူငယ်များအပေါ် လိင်အလွဲသုံးစားမှု အလုပ်ရုံဆွေးနွေးပွဲပါ။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ အကာအကွယ်ပေးရေးနဲ့ စုံစမ်းဖော်ထုတ်ရေးအတွက်လည်းပါပါတယ်" ဟု အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်မည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အဖွဲ့မှူးဖြစ်သူ ဒုတိယရဲမှူးကြီး ဥမ္မာရင်မိက ဆိုသည်။ ယင်းအစည်းအဝေးသည် ပထမအကြိမ် ကလေးသူငယ်များအပေါ် ကျူးလွန်သည့် မှုခင်းများဆိုင်ရာ အရှေ့တောင်အာရှအင်တာပိုကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့အစည်းအဝေးဖြစ်ပြီး အင်တာပိုအာရှနှင့်တောင်ပစိဖိတ်ဒေသ ဆက်ဆံရေးရုံးအစီအစဉ်ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခြင်း ဖြစ်သည်။

အထက်ပါ အစည်းအဝေးသို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဥမ္မာရင်မိ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးခင်းဌာနမှ ရဲမှူးသက်ထွန်းတို့တက်ရောက်သည်။

ရဲခေါင်ညွန့်

အေးချမ်းအောင်မြေဝဋ္ဋကြွေးတော်ပြေ အောင်စေတီအတွက် အလှူငွေများလှူဒါန်းနိုင်

နေပြည်တော် မတ် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု အလယ်ရွာသဲကျွန်းရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် တည်ထားကိုးကွယ်လျက်ရှိသော အေးချမ်းအောင်မြေ ဝဋ္ဋကြွေးတော်ပြေ အောင်စေတီတော်မြတ်ကြီးအား ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်တွင် ပန္နက်တော်တင်၍ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့တွင် အုတ်မြစ်တော်စီတည်ဆောက်ခဲ့ပြီး ၁၃၇၃ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်တွင် ဌာပနာသွင်းအခမ်းအနားကျင်းပ ခဲ့သည်။ ယခုအခါစေတီတော်ပရဝဏ်တွင် ကျန်ရှိနေသေးသဖြင့် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ကျောင်းထိုင် ဆရာတော် ဦးဝေပုလ္လ ဖုန်း-၀၉- ၄၃၁၇၃၈၆၆ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၄)

ဥတ္တရသီရိမြို့ရှိစွယ်တော်(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၂၃

နေပြည်တော် ဥတ္တရသီရိမြို့ ရွှေနံ့သာရပ်ကွက် စွယ်တော် (၁) လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ကကျင်းပသည်။ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဒေါက်တာသန်းအောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပြည်သူအင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။

အစီအစဉ်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူး(အင်/ယာ) ဦးအောင်မိုးက စွယ်တော် (၁)လမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စွယ်တော်(၁) လမ်း ကတ္တရာလမ်းသစ်ကို နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် ဧည့်သည်တော်များသည် စွယ်တော်(၁)လမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဥတ္တရသီရိမြို့ ရွှေနံ့သာရပ်ကွက်ရှိ စွယ်တော် (၁) လမ်းသည် အရှည်ပေ ၂၄၀၀ ၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၄၂၈ ဒသမ ၆၀ သိန်း အကုန်ကျခံ၍ မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်နေ ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေး ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြန်မာ့လက်ရွေးစင် မျိုးဝင်းအောင်

တိုက်ဂါးမြန်မာ ဂေါက်သီးရိုက်ပြိုင်ပွဲ မျိုးဝင်းအောင် ဖိုလ်စွဲ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကြီးမှူး၍ Tiger Golf က အဓိကကူညီပံ့ပိုးသည့် TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2013 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက်ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တည်းကုန်း ဂေါက်ကလပ်၌ ကျင်းပသည်။ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ရန်ကုန်ဂေါက်ကလပ်နှင့် Myanmar Brewery Ltd.တို့အားအမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပြိုင်ပွဲဝင်နိုင်ငံများဖြစ်ကြသော ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့အား ပြိုင်ပွဲအမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်းက နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best)ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်ဂေါက်ကလပ် Club Captain ဦးဇော်မင်းက စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယဆုရရှိသော TAWAN PHONGPHUN (ထိုင်း)နှင့် စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယရရှိသော DANTHAI BOONMA (ထိုင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် Myanmar Brewery Ltd မှ မန်နေဂျင်းဒါရိုက်တာ Mr.Lim Yew Hoe က လေးရက်ပေါင်း သုံးချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် မျိုးဝင်းအောင်အား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။ ယမန်နှစ်က ချန်ပီယံဟောင်း သိန်းနိုင်စိုးသည် လေးရက်ပေါင်း ၁၀ ချက်ပိုရိုက်ပြီး ၂၉၈ ချက်ဖြင့် အဆင့် ၁၀ ချိတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သမီးဖြစ်သူ မယုဇနထွန်းဝင်း ၁၃/မဖန(နိုင်)၀၁၇၄၆၆ သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘများ၏ ခွင့်ပြုချက်မရှိဘဲ ငွေကြေးကိစ္စရပ်များ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

မိဘများ-ဦးသိန်းထွန်းဝင်း-ဒေါ်မာမာသိန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတပ်သားသစ်(အမျိုးသမီး)များအလိုရှိသည်။

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၃၅၀၀၀-၁၀၀၀-၄၀၀၀၀)ဖြင့် ရဲတပ်သား(အမျိုးသမီး)အတွက် လျှောက်လွှာများအလိုရှိသည်။

၂။ ရွေးချယ်ခြင်းခံရသူများသည် အခြေခံရဲတပ်သားသစ်သင်တန်း တက်ရောက်အောင်မြင်ပြီးသောအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲတပ်သားအဖြစ် ခန့်ထားခြင်းခံရပါမည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အမျိုးသမီး)ဖြစ်ရမည်။
- (ခ) ၁-၅-၂၀၁၃ရက်တွင် အသက် (၁၈)နှစ်ထက်မငယ်၊ (၂၅)နှစ်ထက်မကြီးစေရ။
- (ဂ) ပညာအရည်အချင်းအနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။
- (ဃ) အရပ် (၅)ပေ (၂)လက်မနှင့်အထက်ရှိရမည်။ ကိုယ်အလေးချိန် အနည်းဆုံး ပေါင်(၁၀၀)ရှိရမည်။
- (င) ပါတီနိုင်ငံရေးကင်းရှင်းရမည်။
- (စ) နယ်ဘက်တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။
- (ဆ) သတ်မှတ်ထားသော ဆေးစစ်ခြင်းကို အောင်မြင်သူဖြစ်ရမည်။
- (ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဈ) အပျိုဖြစ်ရမည်။
- (ည) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

၄။ လျှောက်လွှာပုံစံနှင့်အတူ-
- (က) အခြေခံပညာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ။
- (ခ) ဘွဲ့ရဖြစ်ပါက အခြေခံပညာတက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့်ဘွဲ့ရလက်မှတ်မိတ္တူ။
- (ဂ) ပြစ်မှုကင်းရှင်းကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။
- (ဃ) အိမ်ထောင်မရှိ အပျိုဖြစ်ကြောင်းဝန်ခံချက်။
- (င) အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နိုင်ကြောင်း ဝန်ခံချက်။
- (စ) ရဲတပ်သားသစ်အဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ်အတွင်း အိမ်ထောင်မပြုကြောင်းဝန်ခံချက်။
- (ဆ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်။
- (ဇ) သင်တန်းပြီးဆုံး၍တာဝန်ပေးအပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံချက်။
- (ဈ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၄)ပုံပါရှိရမည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ၁၀-၄-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ စာရွက်စာတမ်းနှင့် သတ်မှတ်အချက်အလက်များမပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ် ရက်ထက် နောက်ကျပြီးမှ ရောက်ရှိလာသောလျှောက်လွှာများအား လက်ခံစဉ်းစားဆောင်ရွက်ပေးမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးသည့်အခါ အသက်စိစစ်အတည်ပြုရန်အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)ပြသနိုင်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
နည်းပြနှင့် ဒုတိယကြီးကြပ်ရေးမှူး(သင်တန်း)ရာထူးနေရာများအတွက်
အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရန်ခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်က ကြော်ငြာခေါ်ယူထားသော နည်းပြ၊ ဒုတိယကြီးကြပ်ရေးမှူး(သင်တန်း)ရာထူးနေရာများအတွက် အလုပ်လျှောက်ထားသူများအနက် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန် ရွေးချယ်ခံရသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မခင်သူဇာ, ၉/ညဉန(နိုင်)၁၅၈၇၂၄, ညောင်ဦးမြို့နယ်
(၂) မလှနွယ်ဝင်း, ၉/စကတ(နိုင်)၀၇၅၉၁၁, စဥ့်ကိုင်မြို့နယ်
(၃) မမွန်မွန်စော, ၅/မရန(နိုင်)၁၇၅၃၂၆, မုံရွာမြို့နယ်
(၄) မတင်တင်ဌေး, MDYNW-042314, အောင်မြေသာစံမြို့နယ်
(၅) မသူသူ, ၅/ခဥတ(နိုင်)၀၆၉၂၈၃, ချောင်းဦးမြို့နယ်
(၆) မသီတာဝင်း, ၅/မရန(နိုင်)၁၇၇၃၀၅, မုံရွာမြို့နယ်
(၇) မမြတ်သီဂီမွန်, ၅/ရဘန(နိုင်)၁၃၂၃၇၁, ရွှေဘိုမြို့နယ်
(၈) မစန်းစန်းခိုင်, ၅/ပလန(နိုင်)၀၅၆၇၃၆, မုံရွာမြို့နယ်
(၉) မပွင့်ဖူးဖြူ, ၉/ပကခ(နိုင်)၀၁၆၉၀၂, ပြည်ကြီးတံခွန်မြို့နယ်
(၁၀) မသင်းသင်းခိုင်, ၅/မရန(နိုင်)၁၇၅၇၆၉, မုံရွာမြို့နယ်
(၁၁) မသိမ့်သိမ့်လွင်, ၅/မရန(နိုင်)၂၀၆၃၉၁, မုံရွာမြို့နယ်
(၁၂) နန့်သန်းနွယ်, ၁၄/မမန(နိုင်)၁၉၇၅၅၇, မြောင်းမြမြို့နယ်
(၁၃) မောင်ဒိုတင်လတ်, ၅/စကန(နိုင်)၁၅၇၄၇၃, စစ်ကိုင်းမြို့နယ်
(၁၄) မောင်စောဇင်ဦး, ၅/စကန(နိုင်)၁၇၈၆၉၁, စစ်ကိုင်းမြို့နယ်
(၁၅) မောင်စည်သူရှိန်, ၅/စကန(နိုင်)၁၇၅၀၉၃, စစ်ကိုင်းမြို့နယ်
(၁၆) မောင်ဆန်းနိုင်ထက်, ၁၄/မမန(နိုင်)၁၉၅၇၅၉, မြောင်းမြမြို့နယ်
(၁၇) မောင်တင်ထွဋ်အောင်, ၁၀/မလမ(နိုင်)၂၀၄၅၆၄, မုဒုံမြို့နယ်
(၁၈) မောင်စံသာထွန်း, ၁၁/မပတ(နိုင်)၀၂၅၈၆၉, စစ်တွေမြို့နယ်
(၁၉) မဝတ်ရည်အောင်, ၅/ရဘန(နိုင်)၁၆၇၂၈၆, ရွှေဘိုမြို့နယ်
(၂၀) မငြိမ်းအိဖြိုး, ၈/ပခက(နိုင်)၂၂၅၀၉၀, ပခုက္ကူမြို့နယ်

၂။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဘွဲ့လက်မှတ်မူရင်းနှင့် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မူရင်းများ ယူဆောင်လာရမည်။

၃။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုမည့်သူများသည် ၃၀-၃-၂၀၁၃ရက်(စနေနေ့)တွင် တက္ကသိုလ်သို့ ရောက်ရှိသတင်းပို့ရန်ဖြစ်ပြီး ၁-၄-၂၀၁၃ရက်မှ ၃-၄-၂၀၁၃ရက်အထိ ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့နှင့် လူတွေ့စစ်ဆေးမှုများကို ဖြေဆိုရမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဖုန်း-၀၇၂-၂၁၀၆၈ နှင့် ၀၉-၆၄၆၃၅၃၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာအရေးအသားအပြောအဆိုတွင် ယောကျာ်းနှင့် မိန်းမအတွက် နာမ်စားကို “သူ”ဟု သုံးသင့်

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက နိုင်ငံခြားဝတ္ထုတို တစ်ပုဒ်၊ နှစ်ပုဒ်ကို မြန်မာဘာသာပြန်ဖူးပါသည်။ အမေက ဝိဇ္ဇာသိပ္ပံတက္ကသိုလ် မြန်မာစာဆရာမမို့ မိမိဘာသာပြန်ထားသည့်စာကိုပြ၍ တည်းဖြတ်စေပါသည်။ “သားရေ မြန်မာစာအရေးအသားပီသချင်ရင် ‘သူမ’လို့ ပြန်ထားတာတွေကို ‘သူ’လို့ပဲ ပြောင်းရေးရမယ်”ဆိုသည့် မြန်မာစာအရေးအသားနှင့် ပတ်သက်၍ ဆုံးမစကားကို ယနေ့တိုင် အမှတ်ရနေပါသည်။ ယနေ့ ဘာသာပြန်စာများမှအစ တီဗွီ၊ ဗီဒီယိုနှင့် နိုင်ငံခြားရုပ်ရှင်စာတန်းထိုးများတွင် ‘She’ကို တိုက်ရိုက်ဘာသာပြန်၍ ‘သူမ’ဟု သုံးလေ့ရှိသည်။ မြန်မာ့လူမှုဘဝကို ရေးသားသော မြန်မာဝတ္ထုများတွင်ပါ ‘သူမ’ဟု သုံးထားသည်ကို တွေ့ရသည်။ မြန်မာစာပေနယ်ပယ်တွင် ယောကျာ်းနှင့် မိန်းမကို ဘာသာစကား အသုံးအနှုန်းကအစ မခွဲခြားဘဲထားသည်ကို ဂုဏ်ယူမည်ဆိုက ဂုဏ်ယူရပါမည်။

ဥပမာ - မနီသည် ညနေတိုင်း ရေခပ်လေ့ရှိသည်။ ‘သူ့’အိမ်အတွက်ရော ‘သူ့’အဒေါ်အိမ်အတွက်ပါ ရေခပ်ရသည်။

မဝါသည် စကားနည်းသူဖြစ်၍ ‘သူ့’သူငယ်ချင်းတွေ ရွှန်းရွှန်းဝေအောင် ပြောဆိုနေကြသော်လည်း ‘သူ့’ပါးစပ်မှ စကားတစ်ခွန်းမျှမထွက် ပြုံး၍သာနေသည်။

အထက်ပါ ဝါကျများမှာပါသည့် ‘သူ’အစား ‘သူမ’ဟုပြောင်း၍ ဖတ်ကြည့် ပြောကြည့်ပါ။ သဘာဝမကျဘဲ စကားပြောဆိုရာတွင် မချောမွေ့ဘဲ ဖြစ်နေလိမ့်မည်။ မြန်မာစာအသုံးအနှုန်းတွင် ယောကျာ်းနှင့် မိန်းမအတွက် ‘She’ နှင့် ‘He’ နာမ်စားကို ‘သူ’ နှင့် ‘သူမ’ဟု ခွဲခြား၍မသုံးပါ။ နှစ်ဦးစလုံးအတွက် ‘သူ’ဟူ၍ပင်သုံးသည်ကို သတိချပ်သင့်ပါသည်။ ‘She’ ကို ‘သူမ’ဟူ၍ သုံးထားတာတွေ များနေတော့ ဘာသာရပ်ဆိုင်ရာပညာရှင်များကို ခြွင်းချက်တွေများရှိသလားဆိုတာ မေးဖို့လိုပါသည်။ သို့မဟုတ်ပါက မြန်မာစာနှင့် စကားတွင် ‘သူမ’ဆိုသည့် အသုံးအနှုန်းသည် ခိုးလိုးခုလုဖြစ်နေပါသည်။

ဒေါက်တာကိုကိုမော်

ပြည်တွင်းသတင်း

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် မတ် ၁၈ ရက် နံနက်ပိုင်းက ကလေး-ဖလမ်း-ဟားခါးလမ်း လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောက်အမာခံခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်ပါ မြေကာနံရံများ တည်ဆောက်ပြီးစီးမှုနှင့် မိုင်တိုင် ၂၀ ရှိ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မိမိတာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လမ်းပိုင်းကို ရာသီမရွေး သွားလာနိုင်စေရေးအတွက် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်၊ ကတ္တရာခင်းရာတွင် မခင်းမီ ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျ သတ်မှတ်ပုံစံအတိုင်း ကျောက်ခင်းကြိတ်ရေး၊ ကတ္တရာလမ်းတစ်လျှောက် လိုအပ်သည့်လမ်းပခုံးနှင့် ရေမြောင်းများ ထည့်သွင်းပေးရေး၊ ကတ္တရာများ အလေအလွင့်မရှိစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ကလေးမြို့တွင်းရှိ ပြင်သာဆိပ်-ကလေး တက္ကသိုလ်လမ်း မိုင်တိုင်(၃/၁)မှ (၅/၅)အကြား ၂မိုင် ၄ ဖာလုံ ဝဲယာပလက်ဖောင်းအထိ အမာခံကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာသင်္ကြန် တောင်ကြီးတွင် စည်ကားစွာကျင်းပမည်

တောင်ကြီး မတ် ၂၃

၂၀၁၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် တန်ခူးလဆန်း ၃ ရက်မှ ၆ ရက်အထိ ကျရောက်မည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့ယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဗဟိုမဏ္ဍပ် အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ယိမ်းအလှအကများ၊ ဌာနဆိုင်ရာ ရေပက်ခံမဏ္ဍပ်များဖြင့် တမူထူးခြားစွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်သည်။ အနယ်နယ်မှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအနေဖြင့် မဏ္ဍပ်ပါဝင်ဆင်နွှဲလိုပါက ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

နိုင်ထွန်း(TGI)

အကောက်ခွန်မဲ့ ပစ္စည်းများသိမ်းဆည်းရမိ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်း အသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီ က (Mobile Team-2) လရ-၂ ပူးပေါင်းအဖွဲ့သည် တရားမဝင် ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်း

ဝေါ မတ် ၂၃

အောင်သီဟ မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/. . ယာဉ်ပေါ်တွင် (DeeDO) ၂၅ ဖာ၊ Beer Chang ဖာ ၁၀၀၊ ကာလတန်ဖိုးငွေကျပ် ၈၄၅၀၀၀ ကိုလည်းကောင်း၊ ယာဉ်မောင်း ကျော်လင်း မောင်းနှင်လာသော ယာဉ်အမှတ် ၈ဆ/. . . ယာဉ်ပေါ်တွင် Beer Chang ၄၂ ဖာ၊ ပဲနို့၊ Queen အချိုရည်၊ ပစ္စည်းခြောက်မျိုး၊ ကာလတန်ဖိုးငွေကျပ် ၅၂၅၄၀၀ ကိုလည်းကောင်း၊ ယာဉ်မောင်း အောင်ကျော်ဦး မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/. . . ယာဉ်ပေါ်တွင် အချိုရည် တစ်ဒါဇင်ပါ ၁၄ ဖာ၊ Queen အချိုရည် တစ်ဒါဇင်ပါ လေးဖာ၊ စားဆီတစ်ဒါဇင်ပါ ရှစ်ဖာ၊ ကာလတန်ဖိုးငွေကျပ် ၂၃၃၆၀၀ ကိုလည်းကောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဘုန်းသော်(ဝေါ)

အန္တရာယ်များသည့် ကညင်ပင်တံတား

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကညင်ပင်ကျေးရွာရှိ သံတံတားကြီးသည် မင်းလှ၊ စစ်ကွင်းနှင့် လက်ပံတန်းမြို့နယ်များသို့ အနောက်ဘက်မှ ဆက်သွယ်ပေးထားသော လမ်းပေါ်ရှိ တံတားကြီးဖြစ်သည်။ မင်းလှမြို့ အနောက်ဘက်ရှိ ကညင်ပင်၊ ကျောင်းစု၊ ရှားတောကွင်း၊ ဗျက်ကြီး၊ ပေပင်တန်း စသည့် ရွာများမှထွက်သည့် စပါး၊ ပဲ၊ ပြောင်းဖူး၊ ဗုံလုံ၊ မုန်လာ၊ ပဲတောင့်ရှည်၊ နံနံပင်၊ ငရုတ်သီး စသည့် လယ်ယာကိုင်းကျွန်းထွက်ကုန်များ သယ်ပို့ဖြတ်သန်းရာ အဓိက ပင်မတံတားကြီးဖြစ်သည်။

ကညင်ပင်တံတားကြီးကို ၁၉၂၁ ခုနှစ်က တည်ဆောက်ခဲ့ပြီး ယခုအထိဆိုလျှင် နှစ်ပေါင်း ၉၀ ကျော် ကြာမြင့်ပြီဖြစ်သည်။ ဂျပန်များဆုတ်ခွာစဉ်က တံတားကြီးကို ဖျက်ဆီးခဲ့ရန် စီစဉ်ခဲ့သော်လည်း ရေဝန်းကျောင်းဆရာတော်နှင့် အနီးဝန်းကျင်မှ ရွာသူ ရွာသားများ မေတ္တာရပ်ခံမှုကြောင့် မဖျက်ဆီးဘဲထားခဲ့သည့် တံတားကြီးဖြစ်သည်။

တံတားကြီးပေါ်မှ ကြည့်ပါက ကောင်းမွန်နေသေးသည်ဟု ထင်ရသော်လည်း တံတားကြီးအောက်ဘက်သို့ ဝင်ရောက်ကြည့်သောအခါ သံချပ်တန်းများအားလုံး ပြုတ်ကျနေပြီး ချောင်းအတွင်းသို့ တန်းလန်းစိုက်၍ ကျဆင်းနေသောကြောင့် ချောင်းအတွင်း သွားလာသည့် လှေနှင့် ဝါးဖောင်များအတွက် အလွန်အန္တရာယ်ကြီးပါသည်။ **(ဓါတ်ပုံ)** တံတားကြီး၏ ပင်မသံပေါင်များသည်လည်း သံချေးတက် ဆွေးမြည့်နေပြီး အပေါက်ကြီးများ ဖြစ်ပေါ်နေပါသည်။

“လှည်းမောင်းရင် ပိုလှုပ်တယ်။ အဆိုးဆုံးက ပဲသီးတင်ကားတွေ ကုန်အပြည့်နဲ့ဆို တအားလှုပ်တာပဲ”ဟု တံတားအနီးနေသူ ကိုအောင်တင်သန်းက ပြောပြသည်။

အကယ်၍ မဆိုစကောင်း တံတားကြီးသာ ကျိုးကျခဲ့ပါက တံတားပေါ်ဖြတ်သန်းမောင်းနှင်သည့် ယာဉ်၊ လူတို့အပြင် တံတားကြီးအောက်တွင် တစ်ဝမ်းတစ်ခါးအတွက် ငါးဖမ်းနေသော တောသူ တောင်သားများပါ အန္တရာယ်ကြီးလှသဖြင့် ယခုကဲ့သို့ ပွင့်လင်းရာသီတွင် အမြန်ဆုံးပြင်ဆင်ပေးနိုင်ပါရန် ဒေသခံများက မျှော်လင့်နေကြကြောင်း သိရသည်။ **သန်းအောင်စိုး**

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Myanmar Golden Rock Int'l Co., Ltd. ၏

ရုံးခန်းကို အောက်ဖော်ပြပါလိပ်စာသို့ ၁-၄-၂၀၁၃ ရက်မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

 # 06-01,Block 8, Myanmar Info-Tech,
Universities' Hlaing Campus,
Hlaing Township, Yangon, Myanmar,
Contact Ph.-01-654810 to 01-654817







ကျောက်မဲမြို့၊ အမက(၄) နှစ်(၅၀)ကျော် ရွှေရတုအကြို အာစရိယပူဇော်ပွဲ

ကျောက်မဲမြို့၊ အမက(၄) ကျောင်းသား ကျောင်းသူဟောင်းကြီးများက နှစ် (၅၀) ကျော် ရွှေရတုအကြို အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင်ပြုလုပ်မည် ဖြစ်ပါသဖြင့် ဦးအောင်ကြီး ဖုန်း-၀၉-၅၂၇၅၃၀၈၊ ဗိုလ်ကြီးတင့်ဇော်(ငြိမ်း) ဖုန်း-၀၉-၄၇၃၁၁၄၉၇တို့သို့ ဆက်သွယ်ကြပါရန်။

ကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၆၊ မြေကွက်အမှတ် ၄၆၂(မြေပို)+၄၆၅+၄၆၆၊ အကျယ်အဝန်း ပေ(၆၀×၉၀)ရှိ ဒေါ်နီနီသန်း အမည်ဖြင့် ပါမစ်လျှောက်ထားဆဲမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိပိုင်ဆိုင် စီမံရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးစိုးလွင် ၉/မမန(နိုင်)၀၁၂၈၇၄ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B **(စဉ်-၂၃၂၉၉)** **အထက်တန်းရှေ့နေ**

ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML **(စဉ်-၂၉၇၄၆)** **အထက်တန်းရှေ့နေ**

အာရှမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/က)၊ မြေကွက်အမှတ် (၃/ထ)၊ ဧရိယာ ၀ ဒသမ ၀၆၀ဧက B-လ/န(၃၉)မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၃၃/က)၊ သမာဓိ ၄ လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမြ ၁၂/ကတတ(နိုင်)၀၂၀၀၇၀၊ NYHE-၀၁၀၃၅၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန် ၁၈-၃-၂၀၁၃ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ရေးတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ လက်ရှိအသုံးပြုခကောက်ခံနေသော ရေးချောင်းတောင်တံတား (မြန်မာ့မီးရထား)၏ ၃-၄-၂၀၁၃ရက်မှ ၃-၄-၂၀၁၆ ရက်ထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း(၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါခေါ်ယူမည့်တံတား**
ရေးတံတား

(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်**
၁-၄-၂၀၁၃ရက် (တနင်္လာနေ့) ၁၂:၀၀နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ**
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၁-၄-၂၀၁၃ရက် (တနင်္လာနေ့) ၁၄:၀၀ နာရီ

(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ**
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

မှတ်ချက်။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ၂၅-၃-၂၀၁၃ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မော်လမြိုင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

နိုင်ငံတကာအားကစားသတင်း

ပေါ်တူဂီတို့ သရေပွဲဖြစ်ခဲ့တဲ့ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ

မိုးမြင့်လင်းလက်
ရေးသားသည်

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဥရောပဇုန်ခြေစစ်ပွဲတွေကို မတ် ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ မထင်မှတ်ထားတဲ့အသင်းတွေက ခြေစွမ်းပြနိုင်ခဲ့လို့ ပွဲကောင်းတွေဖြစ်ပြီး အကြိတ်အနယ်ရှိခဲ့ကြပါတယ်။ နိုင်ငံကိုယ်စားပြုပွဲတွေဖြစ်တာမို့ ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာပွဲတွေဖြစ်ခဲ့တာတော့အမှန်ပါပဲ။

အစ္စရေးနှင့် ပေါ်တူဂီ

အုပ်စု(F) ရဲ့ အကောင်းဆုံးပွဲစဉ် ဖြစ်ခဲ့ပါတယ်။ အစ္စရေးအသင်းဟာ ပေါ်တူဂီအသင်းကို ခြေရည်တူကစားခဲ့လို့ ပေါ်တူဂီတို့ အခက်တွေ့ခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ ပွဲအစ ၂ မိနစ်မှာပဲ အဲလ်ဗက်စ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ခဲ့လို့ အစ္စရေးတို့ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် အစ္စရေးဟာ ပွဲချိန်မိနစ် ၂၄ မှာ ဟီမက်က ချေပဂိုးသွင်းယူနိုင်ခဲ့တာမို့ တစ်ဂိုးစီဖြစ်နေခဲ့ပြီး အစ္စရေးတို့က ပွဲချိန်မိနစ် ၄၀ မှာ ရရှိတဲ့အခွင့်အရေးကို အပိုင်အသုံးချခဲ့လို့ အစ္စရေးရဲ့ ဘာဆက်က ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာလည်း ပေါ်တူဂီတို့က စီရိုနယ်ဒိုဦးဆောင်တဲ့ တိုက်စစ်မှူးတွေရဲ့ စွမ်းရည်နဲ့ ထိုးဖောက်ဂိုးသွင်းဖို့ ကြိုးစားခဲ့ပေမယ့် ချေပဂိုး မရရှိဘဲဖြစ်နေရာက ပွဲချိန်မိနစ် ၇၀ မှာ ဂါရွန်က အစ္စရေးအတွက် တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ အစ္စရေးတို့ သုံးဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့် ပေါ်တူဂီတို့က ချေပဂိုးရရှိရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၇၂ မိနစ်မှာ ပိုစတီဂါက ပေါ်တူဂီအတွက် ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် မိနစ် ၉၀ ရောက်မှ ကွန်တာရိုက တစ်ဂိုးသွင်းယူခဲ့လို့ ကံကောင်းစွာနဲ့ ပေါ်တူဂီတို့ သရေပွဲဖြစ်ပြီး တစ်မှတ်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အုပ်စု (F) မှာ အစ္စရေးနဲ့ ပေါ်တူဂီတို့ အမှတ်တူနေပေမယ့် ဂိုးကွာခြားချက်နဲ့ အစ္စရေးက အုပ်စုဒုတိယနဲ့ ပေါ်တူဂီက တတိယနေရာမှာ ရပ်တည်နေပါတယ်။

ဘူလ်ဂေးရီးယားနှင့် မော်လ်တာ

အုပ်စု(B)ရဲ့ ဘူလ်ဂေးရီးယားတို့ ခြေစွမ်းပြပြီး တစ်ဖက်သတ် ဖိကစားနိုင်ခဲ့တဲ့ပွဲပါပဲ။ ဘူလ်ဂေးရီးယားဟာ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တာမို့ ပွဲချိန် ၆ မိနစ်မှာ တိုနက်ဗ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး မော်လ်တာဘက်ကို ဖိအားပေးကစားနိုင်ခဲ့တာမို့ ပွဲချိန် ၃၈ မိနစ်မှာ တိုနက်ဗ်ကပဲ ဒုတိယဂိုး ကို သွင်းယူနိုင်ခဲ့ပြန်ပါတယ်။ မော်လ်တာတို့ ဘူလ်ဂေးရီးယားရဲ့ တိုက်စစ်မှူးတွေ ထိုးဖောက်မှုကို မတားဆီးနိုင်ခဲ့တာမို့ ပွဲချိန် ၄၇ မိနစ်မှာ ပိုပေါ့ဗ်က တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ဘူလ်ဂေးရီးယားဟာ ဒုတိယပိုင်းမှာလည်း ဂိုးတွေသွင်းယူနိုင်ရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၅၅ မိနစ်မှာ ဂါရိုရော့ဗ်က တစ်ဂိုး၊ ပွဲချိန် ၆၈ မိနစ်မှာ တိုနက်ဗ်က တစ်ဂိုးနဲ့ ပွဲချိန် ၇၈ မိနစ်မှာ အိုဗာနော့ဗ်က တစ်ဂိုး သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ဘူလ်ဂေးရီးယားတို့ ခြောက်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိပြီး တိုနက်ဗ်လည်း ဟက်ထရစ်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အခုပွဲ အနိုင်ရလို့ အုပ်စု (B) မှာ ဘူလ်ဂေးရီးယားတို့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။

အားကစားသတင်း အတိုအထွာ

✤ အာမေးနီးယားတိုက်စစ်မှူး မိုက်တာရန်က ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းသို့ သွားရောက်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

✤ အသက် ၂၇ နှစ်အရွယ်ရှိ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုသည် အသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း အက်သလက်တီကို မက်ဒရစ်အသင်းပိုင်ရှင် ကာရီဇိုက ပြောကြားသည်။

✤ ဒေ့ါမွန်အသင်းတိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို မန်ယူကခေါ်ယူ စာချုပ်ရန် ကြိုးစားနေသည်။

✤ ပေါ်တူဂီအသင်းသည် လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အခက်အခဲများနှင့် ကြုံတွေ့ရနိုင်ကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

✤ ကစားသမားကောင်းများဖြင့် စုဖွဲ့ထားသော အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားရယူရေးအတွက် အကောင်းဆုံးအနေအထားရှိနေကြောင်း မက်ဆီက ပြောကြားသည်။

✤ မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ဖလားနှစ်လုံးရယူနိုင်ရန် စွမ်းဆောင်သွားနိုင်မည်ဖြစ်ကြောင်း ဝါရင့်တိုက်စစ်မှူး ရိုင်ယံဂစ်က ပြောကြားသည်။

✤ ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ဖလားအတွက် ပွဲကျပ်များ ဆက်တိုက်ကြုံတွေ့မည်ဖြစ်သော်လည်း အောင်မြင်စွာဖြတ်ကျော်နိုင်မည်ဟု ယုံကြည်နေကြောင်း အင်နီယေစတာက ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

မက္ကဆီကို လက်ဝှေ့သမား နှစ်နှစ် ပိတ်ခံရ

ကမ္ဘာ့ဝိတ်တန်းလေးခုမှ ချန်ပီယံခါးပတ်များရယူထားသော မက္ကဆီကို လက်ဝှေ့သမား အာရစ်မိုရာလက်အား ကလင်ဗျူတာနောမူးယစ်ဆေးဝါး သုံးစွဲမှုဖြင့် လက်ဝှေ့ထိုးခြင်းမှနှစ်နှစ်ပိတ်ပင်လိုက်သည်။ အသက် ၃၆ နှစ်ရှိ မိုရာလက်သည် စူပါဘင်တန်ဝိတ်၊ ဖယ်သာဝိတ်၊ စူပါဖယ်သာ ဝိတ်နှင့် လိုက်ဝယ်တာဝိတ်တန်းပြိုင်ပွဲများတွင် ချန်ပီယံခါးပတ်များ ဆွတ်ခူးထားသည်။

ဒတ်ချ်တိုက်စစ်မှူး နော့ဝှစ်ခေါ်မည်

ပရီမီယာလိဂ်ကလပ်နော့ဝှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ ဒတ်ချ်တိုက်စစ်မှူး ရစ်ကီးဗန်ဝု(ဖ်)ဆွမ်းဘယ်ကို ပြောင်းရွှေ့ကြေးပေါင် ၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ၎င်းတိုက်စစ်မှူးအား ဇူလိုင် ၁ ရက်တွင် နော့ဝှစ်က လေးနှစ်စာချုပ်ဖြင့် စာချုပ်ရန် သဘောတူလိုက်သည်။ အသက် ၂၄ နှစ်ရှိ ဗန်ဝု (ဖ်) ဆွမ်းဘယ်သည် ယခုနှစ်ရာသီအတွင်း စပို့တင်း လစ္စဘွန်းအတွက် ၁၃ ဂိုးသွင်းယူထားသည်။

နာနီ ချန်ပီယံလိဂ်ပွဲပယ်ခံရ

မန်ယူကွင်းလယ်ကစားသမား နာနီအား ယူအီးအက်ဖ်အေက တစ်ပွဲပိတ်ပင်လိုက်သည်။ ၎င်းသည် ယခုလအစောပိုင်းတွင် မန်ယူက ရီးရဲမက်ဒရစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့တွင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ၎င်းသည် ၂၀၁၃-၂၀၁၄ ချန်ပီယံလိဂ်တွင် မန်ယူပထမဆုံးကစားရမည့် ပြိုင်ပွဲနှင့် လွဲချော်လိမ့်မည် ဖြစ်သည်။ ဆရာဖြစ်သူ နည်းပြဖာဂူဆန်ကိုလည်း ယူအီးအက်ဖ်အေက ပေါင် ၈၅၀၀ ဒဏ်ရိုက်လိုက်သည်။



ကောင်းမြတ်သူ - ရေးသားသည်

Golden Brothers Travels

09430300023, 0973221130

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (အထူး)
Ph:209200, 430460, 644383

စွယ်တော်ရတနာစေတီ ဓမ္မသဘင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှရတနာသုံးထပ်ကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော စွယ်တော်ရတနာစေတီ ဧကာဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် အမြတ်ဆုံးပူဇော်နည်းဖြစ်သည့် ဓမ္မရတနာများဖြင့် ပူဇော်သွားမည်ဖြစ်ရာ ၂၄-၃-၂၀၁၃ရက်တွင် **ဝေါဆရာတော် ဘဒ္ဒန္တသုမင်္ဂလ**၊ ၂၅-၃-၂၀၁၃ ရက်တွင် **ဓမ္မဒူတ မုဒုံဆရာတော် ဘဒ္ဒန္တကောသလ္လ**၊ ၂၆-၃-၂၀၁၃ ရက်တွင် **စစ်ကိုင်း တိပိဋကရေဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ** တို့က ညစဉ် ၇နာရီမှစ၍ တရားရေအေး အမြိုက်ဆေးတိုက်ကျွေးမည်ဖြစ်ရာ အတူတကွ တရားနာယူနိုင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

အ.ထ.က(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း) (၁၉၇၅-၂၀၁၃)ကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ

... M3 Food Centre ...

DI Export Fashion
သင်္ကြန်အထူးဈေးရောင်းပွဲတော်
ဒီနှစ်အတွက်အထူး ပူအိုက်တဲ့နွေရာသီမှာ မြန်မာ့ရိုးရာသင်္ကြန်ပွဲနဲ့ လိုက်ဖက်တဲ့ ကိုရီးယားနိုင်ငံကို တင်ပို့နေသော 100% Cotton T-Shirt မျိုးစုံကို ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)မှ စတင်ပြီး ရောင်းချပေးသွားမည့်အပြင် ဘောင်းဘီ၊ စကတ်အတို/အရှည် စတိုင်မျိုးစုံနှင့် မိုးကာ ဂျာကင်ရောင်စုံများကို 2013 နိုင်ငံတကာဖက်ရှင်နှင့်အညီ ဝတ်ဆင်နိုင်ဖို့ DI ရဲ့ အထူး Discount ပွဲကို လာခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။
နေ့ရက် : (26.3.2013) မှ (11.4.2013) ထိ
နေရာ : အမှတ်(၁၅၈)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ 01-526826, 510913, 511412
လက်လီ/လက္ကားဝယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။
SALE
ယူနီဖောင်းအော်ဒါနှင့် Promotion အတွက် Sport Shit, T-Shirt များကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးနေပါပြီ။ 09-73100397

PANDA (အင်ဂျင်နီယာအဖွဲ့)
မြန်မာနှစ်သစ်ကူးအထူး promotion အစီအစဉ်(30.4.13 အထိသာ)
★ Good 2nd Hand Air-Con များကို(၁)နှစ်အာမခံဖြင့်ရောင်းချပေးခြင်း

➤Split Type(1&1.5H.P)	အပြီးအစီး	130,000 Ks
➤Wall MountainS-Type(2H.P)	အပြီးအစီး	170,000 Ks
➤Window Type(1&1.5H.P)	အပြီးအစီး	100,000 Ks
➤Window Type(2H.P)	အပြီးအစီး	120,000 Ks
➤110V Vertical+Main3000W	အပြီးအစီး	120,000 Ks

★ Air-Con အသစ်များ ရောင်းချခြင်း 09 5158803
★ Air-Con Servicing ပြုလုပ်ပေးခြင်း 09 73229024
★ Air-Con အဟောင်းနှင့်အသစ် လဲလှယ်ခြင်း 09 5198402

7Stars
တိုက်(18 / 3B)၊ ... 09.49282366, 09.49653992, 09.421052736

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၁A/ ၆၈ ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းထံမှ ဒေါ်တင်ဌေးက တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြန်မာအသင်းရဲ့ အရည်အသွေးကို မှတ်ကျောက်တင်မယ့် ပွဲကြီးပွဲကောင်း သို့မဟုတ် ပန်ကြပ်ဆီလတ် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ

သတင်းဆောင်းပါး-ဖေမြင့်ဦး
ဓာတ်ပုံ-စိုးညွန့်

လာမည့်ဒီဇင်ဘာလတွင် ပြုလုပ်မည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲကြီးကိုအောင်အောင်မြင်မြင် အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးကို အထူးအာရုံစိုက်ပြင်ဆင်နေသကဲ့သို့ ပြိုင်ပွဲများတွင်လည်း မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိရေးအတွက်လည်း အထူးပြင်ဆင်လေ့ကျင့်လျက်ရှိသည်ကို တွေ့နေရပါသည်။ အချို့သော အားကစားနည်းများဆိုလျှင် ပြည်ပနိုင်ငံသို့ သွားရောက်ကာ ပူးတွဲလေ့ကျင့်နေကြပြီဖြစ်ပါသည်။ အချို့သော အားကစားနည်းများကလည်း ဖိတ်ခေါ် ပြိုင်ပွဲများ ပြုလုပ်ကာ မိမိတို့၏အခြေအနေ၊ ပြိုင်ဘက်တို့၏ အနေအထားကို သိရှိအောင် စမ်းသပ်လျက်ရှိသည်ကိုလည်း တွေ့ရပါသည်။ ပြီးခဲ့သည့် မတ် ၁၆ ရက်၊ ၁၇ ရက်များက မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်သည် ပြိုင်ပွဲဝင် ခြောက်နိုင်ငံပါဝင်သော အာဆီယံမြင်းစီးပြိုင်ပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး မြင်းများ၊ မြင်းစီးသမားများသာမက မြင်းကွင်း၏အနေအထားကိုပါစမ်းသပ်မှုပြုလုပ်ခဲ့သည်ကိုတွေ့ရသည်။

ယခုလည်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သည် အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် လေးနိုင်ငံ ပန်ကြပ်ဆီလတ် ဖိတ်ခေါ်ပြိုင်ပွဲတစ်ရပ်ကျင်းပရန် စီစဉ်နေသည်ကို တွေ့ရပါသည်။ အဆိုပါဖိတ်ခေါ် ပြိုင်ပွဲကို နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ယခု မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဟု သိရသည်။ ပြိုင်ပွဲတွင် အိမ်ရှင် မြန်မာအသင်းအနေဖြင့် (က) အသင်းနှင့် (ခ) အသင်း နှစ်သင်းဝင်ပြိုင်မည်ဖြစ်ပြီး မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မူလကလာအိုအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဟု အကြောင်းကြားခဲ့သော်လည်း ၎င်းတို့၏ အခက်အခဲတချို့ကြောင့် လာရောက်နိုင်ခြင်းမရှိတော့သဖြင့် ထိုင်းအသင်းဝင်ရောက်လာခြင်း ဖြစ်သည်။

ယခု ဖိတ်ခေါ်ပြိုင်ပွဲတွင် တစ်ဦးချင်းအတိုက်ပြိုင်ပွဲ (Tanding)၊ တစ်ဦးချင်းအပြပြိုင်ပွဲ (Tunggal)၊ နှစ်ယောက်တွဲအပြပြိုင်ပွဲ (Ganda)၊ သုံးယောက်တွဲ အပြပြိုင်ပွဲ (Regu) ဟူ၍ ပြိုင်ပွဲလေးမျိုး ကျင်းပမည်ဖြစ်ပြီး အတိုက်ပြိုင်ပွဲတွင် အမျိုးသားကိုးတန်း၊ အမျိုးသမီးခြောက်တန်းနှင့် အပြပြိုင်ပွဲတွင် အမျိုးသားသုံးတန်း၊ အမျိုးသမီးနှစ်တန်း ပါဝင်မည်ဖြစ်သည်။ ရွှေတံဆိပ်ပေါင်း ၂၀ ချီးမြှင့်မည်ဖြစ်ရာ အတိုက်ပြိုင်ပွဲတွင် အမျိုးသားအတွက် ရွှေကိုးခု၊ အမျိုးသမီးအတွက် ရွှေခြောက်ခုဖြင့် စုစုပေါင်း ရွှေတံဆိပ် ၁၅ ခု ချီးမြှင့်မည်ဖြစ်ပြီး အပြပြိုင်ပွဲတွင် အမျိုးသားအတွက် ရွှေသုံးခု၊ အမျိုးသမီးအတွက် ရွှေနှစ်ခုဖြင့် ပေါင်း ငါးခု ချီးမြှင့်မည်ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အနည်းဆုံးရွှေတံဆိပ် ငါးခု ရရှိရန် မျှော်မှန်းထားကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူးဖြစ်သူ ဦးအောင်နိုင်ဦးက ဆိုပါသည်။ အထူးသဖြင့် ၎င်းမျှော်မှန်းမှုမှာ မြန်မာအသင်းကို လေ့ကျင့်နည်းပြပေးနေသောနိုင်ငံခြားသားနည်းပြဆရာများ၏ ယုံကြည်မျှော်မှန်းမှုဖြစ်ကြောင်းလည်း ဦးအောင်နိုင်ဦးက ဖြည့်စွက်ပြောကြားသည်။ ထို့နောက် ၎င်းလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်နေပုံများကိုလည်း ဦးအောင်နိုင်ဦးက သိလိုသမျှ အသေးစိတ်ပြောပြခဲ့ရာ ကြိုတင်သိရှိ ရင်ခုန်နိုင်ရန် ဖော်ပြလိုက်ပါသည်။

မေး။ ဒီပြိုင်ပွဲကျင်းပဖို့ ဖြစ်လာတဲ့ အခြေအနေကို သိချင်ပါတယ်။

ဖြေ။ အဓိကကတော့ လာမယ့် ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ဒီပြိုင်ပွဲကို လုပ်ဖြစ်တာပါ။ အားကစားဝန်ကြီးဌာနရဲ့ စီမံဆောင်ရွက်ပေးမှုကြောင့် ဖြစ်လာတဲ့ပြိုင်ပွဲပါ။ ကျွန်တော်တို့ အဖွဲ့ချုပ်ကတော့ ဒီပြိုင်ပွဲအတွက် လိုအပ်တာတွေကို ကူညီပံ့ပိုးရတဲ့အပိုင်းကို တာဝန်ယူရပါတယ်။

မေး။ ပြိုင်ပွဲဝင်မယ့် နိုင်ငံတွေကိုလည်း ပြောပါဦး။

ဖြေ။ ကျွန်တော်တို့ နိုင်ငံအပါအဝင် ပြိုင်ပွဲဝင်လေးနိုင်ငံပါ။ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။

မေး။ အစောပိုင်းက သတင်းတွေထဲမှာ လာအိုနိုင်ငံကို တွေ့ရတယ်။

အခုလာအိုမပါတော့ဘူးလား။

ဖြေ။ ဟုတ်ပါတယ်။အစောပိုင်းက လာအိုနိုင်ငံ လာပြိုင်မယ်လို့ ကျွန်တော်တို့ကို အကြောင်းကြားခဲ့ပါတယ်။ ဒါပေမယ့် သူတို့ရဲ့အခက်အခဲအချို့ကြောင့် မလာနိုင်တော့ဘူးလို့ အကြောင်းကြားလာတဲ့အတွက် ကျွန်တော်တို့ လာအိုအစား ထိုင်းနိုင်ငံကို ထပ်မံဖိတ်ကြားခဲ့ပါတယ်။ ဒါ့ကြောင့် လာအိုအစား ထိုင်းအသင်း ပါလာတာပါ။

မေး။ အဲဒီပြိုင်ပွဲဝင် နိုင်ငံတွေရဲ့ အခြေအနေ အဆင့်အတန်းကရော ဘယ်လိုရှိပါသလဲ။

ဖြေ။ အဆင့်ရှိတဲ့ အသင်းတွေဖြစ်ပါတယ်။ မလေးရှားအသင်းဆိုရင် မန်နေဂျာတစ်ဦး၊ နည်းပြနှစ်ဦးနဲ့ ကစားသမား ၂၄ ဦး ပါဝင်လာပြီး အင်ပြည့်အားပြည့်နဲ့ လာတဲ့အသင်းပါ။ မတ် ၁၈ ရက်ကတည်းက ရောက်လာပြီး မတ်၁၉ရက်နဲ့၂၀ရက်တွေမှာ သိမ်ဖြူလက်ဝှေ့ရုံမှာ ကြိုတင်လေ့ကျင့်မှုတွေပြုလုပ်ပါတယ်။အင်ဒိုနီးရှားအသင်းကတော့ နည်းနည်းနဲ့ ကျဲကျဲဝိုင်းလာတဲ့ အသင်းပါ။ မန်နေဂျာတစ်ဦး၊ နည်းပြနှစ်ဦးနဲ့ ကစားသမား ၁၀ ဦး ပါလာပါတယ်။ ထိုင်းကတော့ အုပ်ချုပ်နည်းပြနှစ်ဦးနဲ့ ကစားသမားခြောက်ဦး ပါလာတော့ ကစားသမားအင်အား အနည်းဆုံး အသင်းပါ။ ဒါပေမယ့် မလေးရှားအသင်းက ဆီးဂိမ်းပြိုင်ပွဲဝင် လူဟောင်းတွေ တစ်ဝက်ကျော်ပါသလို အင်ဒိုအသင်းမှာလည်း လူဟောင်း တစ်ဝက်ကျော်ပါလာတယ်။ ထိုင်းအသင်းကလည်း နေပြည်တော် ဆီးဂိမ်းပြိုင်ပွဲဝင်မယ့်အသင်းကို လွှတ်တာမို့ ဒီပြိုင်ပွဲက ဖိတ်ခေါ်ပွဲဆိုပေမယ့် တကယ့် ပြိုင်ပွဲကြီးလို အကြိတ်အနယ်ပြိုင်ရမယ့်ပွဲပါ။

မေး။ မြန်မာအသင်းအနေနဲ့ နှစ်သင်းခွဲပြီး ပြိုင်မယ်လို့ သိရပါတယ်။ ဘယ်လိုခွဲခြားထားပါသလဲ။

ဖြေ။ ဟုတ်ပါတယ်။ (က)အသင်းနဲ့ (ခ) အသင်း နှစ်သင်းခွဲပြီး ပြိုင်မှာဖြစ်ပါတယ်။ (က) အသင်းမှာ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြနှစ်ဦးနဲ့ ကစားသမား ၂၄ ဦး ပါဝင်ပါမယ်။ အဲဒီ ၂၄ ဦးမှာ အတိုက်ပြိုင်ပွဲအတွက် အမျိုးသားကိုးဦး၊ အမျိုးသမီး ခြောက်ဦး၊ အပြပြိုင်ပွဲအတွက် အမျိုးသားခြောက်ဦး၊ အမျိုးသမီး သုံးဦး ပါဝင်ပါတယ်။ ဒီအသင်းရဲ့ အတိုက်နည်းပြအဖြစ် မစ္စတာ အစာရီက ဆောင်ရွက်မှာပါ။ (ခ) အသင်းမှာတော့ အုပ်ချုပ်သူတစ်ဦး၊ နည်းပြနှစ်ဦးနဲ့ ကစားသမား ရှစ်ဦး ပါဝင်ပါမယ်။ ဒီရှစ်ဦးမှာ အတိုက်အတွက် အမျိုးသားခြောက်ဦးသာ ပါပြီး အမျိုးသမီးမပါပါဘူး။ အပြအတွက် အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးတို့ ပါဝင်ပြီး အပြနည်းပြအဖြစ် မစ္စတာအက်ဒီက တာဝန်ယူမှာ ဖြစ်ပါတယ်။

မေး။ ဒါဆိုရင် ဒီနှစ်သင်းကို ဘယ်လိုအဆင့်ခွဲထားသလဲ။ (က) အသင်းက ဦးစားပေးအသင်းလား။

ဖြေ။ ဘယ်အသင်းက ဘယ်အဆင့်၊ ဘယ်အသင်းက ဦးစားပေးအသင်းဆိုတာ ကျွန်တော်တို့မှာ ရှိပါတယ်။ ဒါပေမယ့် ဒါကိုထုတ်ဖော်ပြောဆိုလို့ မရပါဘူး။ ဒါက ကျွန်တော်တို့ရဲ့ အထူးလျှို့ဝှက်ချက်ပါ။

မေး။ ကောင်းပါပြီ။ ဒါဆိုရင် ဒီပြိုင်ပွဲမှာ ပေးမယ့်ရွှေ ၂၀ ထဲက ကိုယ့်အတွက် ဘယ်နှခုပါမယ်လို့မျှော်မှန်းထားသလဲ။

ဖြေ။ ကျွန်တော်တို့ အနည်းဆုံး ငါးခုလောက်ရမယ်လို့ မျှော်မှန်းထားပါတယ်။ ဒါအနည်းဆုံးနော်၊ ဒါက ကျွန်တော်တို့ကစားသမားတွေကို လေ့ကျင့်သင်ကြားပေးနေတဲ့ နိုင်ငံခြားသား နည်းပြဆရာတွေရဲ့ မျှော်မှန်းချက်နဲ့ယုံကြည်ချက်ပါ။ ကျွန်တော်တို့လည်း သူတို့လိုပဲ မျှော်မှန်းထားပါတယ်။

မေး။ ရွှေနဲ့အနီးစပ်ဆုံးက ဘယ်လို ဝိတ်တန်းတွေလို့ ထင်ပါသလဲ။

ဖြေ။ အတိုက်ပြိုင်ပွဲရဲ့ အမျိုးသားပြိုင်ပွဲတွေဖြစ်တဲ့ ၇၀-၇၅၊၈၀-၈၅၊ ၅၅-၆၀၊ ၉၀-၉၅ ကီလိုလေးတန်း၊ အဲဒီ အတိုက်ပြိုင်ပွဲရဲ့ အမျိုးသမီးပြိုင်ပွဲမှာ ၆၅-၇၀၊၇၀-၇၅ ကီလို နှစ်တန်းတွေက ရွှေနဲ့ အနီးစပ်ဆုံး အတန်းတွေလို့ ကျွန်တော်တို့ တွက်ထားပါတယ်။ အမျိုးသား ၈၀-၈၅တန်းမှာဝင်ပြိုင်မယ့် ကောင်လေးဆိုရင် ပြီးခဲ့တဲ့ ကမ္ဘာ့ဖလား ပန်ကြပ်ဆီလတ်ပြိုင်ပွဲမှာ တတိယရခဲ့သူပါ။ ဒီလိုပါပဲ။ အမျိုးသမီးနှစ်တန်းမှာလည်း ၆၅-၇၀တန်းက ကလေးမက အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ တတိယ ရထားသူ၊ ၇၀-၇၅တန်းက ကလေးမက ရွှေတံဆိပ်ရခဲ့သူတွေ ဖြစ်နေလို့ ကျွန်တော်တို့ ယုံကြည်ချက်တွေ ပိုမိုမြင့်မားနေတာပါ။ နောက်ပြီး အပြပြိုင်ပွဲမှာလည်း တစ်ဦးချင်းနှစ်ယောက်တွဲနဲ့ သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ တစ်ဦးချင်းအမျိုးသမီးပြိုင်ပွဲတွေမှာလည်း ရွှေနဲ့နီးနီးစပ်စပ်ရှိနေတယ်လို့ ကျွန်တော်တို့ တွက်ထားပါတယ်။

မေး။ ဒီပြိုင်ပွဲအပေါ်က ဘယ်လိုအကျိုးကျေးဇူးတွေရရှိမယ်လို့ ထင်ပါသလဲ။

ဖြေ။ အများကြီး မျှော်လင့်လို့ရပါတယ်။ ဘာလို့လဲဆိုတော့ ပြိုင်ဘက်နိုင်ငံတွေက လာမယ့်ဒီဇင်ဘာ ဆီးဂိမ်းကြီးမှာလည်း အဓိက ပြိုင်ဘက်တွေ ဖြစ်လာမယ့်အသင်းတွေပါ။ ဒါ့အပြင် သူတို့လည်း အကောင်းဆုံးလူစာရင်းနဲ့ လာပြိုင်ကြတာဆိုတော့ ဒီပြိုင်ပွဲဟာ ဖိတ်ခေါ်ပြိုင်ပွဲဆိုပေမယ့် တကယ့်ပြိုင်ပွဲကြီးလို မောင်းတင်ပြိုင်ရမယ့်ပွဲဖြစ်ပါတယ်။ ပြိုင်ဘက်ကောင်းတွေနဲ့ ယှဉ်ပြိုင်ရတဲ့အတွက် ကျွန်တော်တို့အသင်းရဲ့ အခြေအနေမှန်၊ အရည်အသွေးမှန်တွေကို မှတ်ကျောက်တင်ခွင့်ရမှာကမဟာ အကျိုးကျေးဇူးကြီးလို့ပဲ ထင်ပါတယ်။

ဟုတ်ကဲ့ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ။

ကန့်ကွက်နိုင်ပါကြောင်း

မူဆယ်မြို့နယ်၊ ခရစ်ယာန်ရပ်ကွက်၊ အကွက်အမှတ် ၃၈၊ ဦးပိုင် ၆၈၊ မြေဧရိယာ ၀ဒသမ၁၅၇ဧကအား ဒေါ်နန်းခင်စောဦး ၁၃/ကခန(နိုင်)၀၀၃၈၀၃ အမည်ဖြင့် (၈-၈-၁၉၉၈)ရက်မှ (၇-၈-၂၀၂၈)အထိ နှစ် ၃၀မြေငှားဂရန်ကို အမှုတွဲအမှတ် (၆၇၃-၅/၁၉၈၇-၁၉၈၈)ဖြင့် ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်နန်းခင်စောဦးမှ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၈၂-၅၀၅၀၃၊ ၀၈၂-၅၀၆၉၀

လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွာသစ်ကြီးနေ
(ဦးဘခန့်)-ဒေါ်အုန်းကြင်တို့၏သား
မောင်ဝင်းကျော် (ဦးစီးအရာရှိ)
အမှတ် ၇၅၊ စက်မှုလယ်ယာစခန်း၊ ကျိုက်လတ်မြို့
နှင့်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ရေလဲကျေးရွာနေ
ဦးဝင်းစိန်-ဒေါ်ကြင်နု(ခ)ဒေါ်ကြည်မြင့်တို့၏သမီးလတ်
မစုမျိုးပိုင်(အငယ်တန်း၊ လနစ)
အမှတ် ၇၅၊ စက်မှုလယ်ယာစခန်း၊ ကျိုက်လတ်မြို့

တို့သည် ၂၇-၂-၂၀၁၃ရက်တွင် ကျိုက်လတ်မြို့၊ မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးဌေးအောင် (အထူးအာဏာ)၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။ **မောင်ဝင်းကျော်-မစုမျိုးပိုင်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနရှိ Frame-5 Turbine Rotor (၂)ချောင်း ပြုပြင်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်တင်ထွန်း ၁၄/သပန(နိုင်) ၀၇၉၂၀၃ ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၇၇၂၄၆**

အမည်ပြောင်း

ဦးကျော်ကျော်ဝင်း၏သား အထက (၂)စစ်တွေ၊ ဆဋ္ဌမတန်း (A)မှ မောင်ကောင်းထက်ဝင်း ၁၁/စတန(နိုင်)၁၀၇၈၂၇အား မောင်ထက်နိုင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

[illegible]

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (ဥ-၆၂၂၃၊ ဥ-၆၂၂၄)၊ မြေကွက်တည်နေရာအမှတ် (ဥ-၆၂၂၃၊ ဥ-၆၂၂၄)၊ မြတ်လေးလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့ရှိ ဦးအောင်ရီအမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေအား ဦးရှင်းစိန် ၁၃/နမတ(နိုင်)၀၃၄၃၇၈ (ဘ)ဦးအိုက်အေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၉-၄-၂၀၁၃ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကြော်ငြာ

အမည်ပြောင်း

ပန်းတနော်မြို့နယ်၊ ကျက်ကျွန်းကျေးရွာ၊ အမက ဒုတိယတန်းကျောင်းသူ မနန်းယုကျော်အား ယနေ့မှစ၍ မရွှန်းလက်ချိုဟု ပြောင်းလဲခေါ်ပါရန်။ **မရွှန်းလက်ချို**

အမည်မှန်

မန္တလေးအဝေးသင်တက္ကသိုလ် လားရှိုးဌာနခွဲ ပထဝီဝင်(ဒုတိယနှစ်)တွင် တက်ရောက်မည့် မလှိုင်လှိုင်မြင့်၏ အမည်အပြည့်အစုံမှာ မနန်းလှိုင်လှိုင်မြင့် ၁၃/နခတ(နိုင်)၀၆၇၅၁၃ ဖြစ်ပြီး ဖခင်၏အမည်မှန်မှာ ဦးဒိုင်ခေါင် ၁၃/နခတ(နိုင်)၀၁၂၁၇၂ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးဝင်းလွင်ထွေး၏သား မောင်ပြည့်ဖြိုးနိုင် ၁၂/ရပသ(နိုင်)၀၆၉၅၃၃ အနောက်ပိုင်းတက္ကသိုလ် အ.၀.သ ၄၇၆၁၀ (၀၂၈ ခပ ၁၇၆) အား မောင်ထက်ပိုင်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ပိုင်ခန့်**

အမည်ပြောင်း

ဦးဝင်းလွင်ထွေး၏သမီး အထက(၁)၊ နဝမတန်း(A)၊ ရွှေပြည်သာမြို့နယ်မှ မလင်းလက်နိုင် ၁၂/ရပသ(နိုင်) ၀၈၁၀၁၇ အား မအိကလျာပိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မအိကလျာပိုင်

မစေအဲ့ဖေတာ့ဘူးလား ?
ဖုန်းသာဆက်လိုက်ပါ
ခေအားသွားစေရမယ်
သမိုင်းနိုင်းမှန်း အဲယားကွန်းဆားဗစ်
Ph-09 73206026 , 09 420131374

ဝယ်လိုပါသည်

ခနောက်စိမ်းသတ္တုရိုင်း(sb) အတန်းအစားမျိုးစုံ ဝယ်လိုပါသည်။ **ဖုန်း-၀၉-၈၆၃၂၃၀၀**

Practical Electrical Control Course

သင်တန်းကာလ (၆)ပတ်၊ (တနင်္လာမှသောကြာ) လူဦးရေ ကန့်သတ်ထား၍ အမြန်ဆုံး စာရင်းပေးသွင်းပါ။
ဖုန်း- ၀၉-၅၁၆၄၅၈၂၊ ၀၉-၇၃၉၀၂၇၀၇

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၄/ဟ^၉^၊ ၄/ဟ^၁၀^၊ မြေကွက်တည်နေရာ အမှတ် ၆၁၆၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးမြင့်စိုး အမည်ပေါက်ဘီ(လ/န-၃၉ရပြီး) အိမ်ရာမြေသတ်မှတ်မြေ မြေကွက်နှစ်ကွက်အား အမည်ပေါက် ဦးမြင့်စိုးနှင့် ဒုတိယ ဇနီးဒေါ်သန်းကြည်တို့ ကွယ်လွန်သဖြင့် ပထမ ဇနီးဖြစ်သူ ဒေါ်နှင်းလှ ၁၂/လမန(နိုင်) ၀၃၄၂၈၇နှင့် ဒုတိယဇနီး ဒေါ်သန်းကြည်(ကွယ်လွန်)ထံမှ ကိုတ္တိမမွေးစားစာချုပ် ၅၇၇၁/၂၀၁၁ဖြင့်မွေးစားခံရသူ ဦးအောင်ကျော်ဦး ၁၂/လမန(နိုင်)၀၃၄၂၈၆တို့က ဥပဒေနှင့်အညီ အမွေဆက်ခံ ပိုင်ဆိုင်သူများဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမှားပြင်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၁စီ/၁၇၊ မြေကွက်တည်နေရာအမှတ် ၁၃၊ စံရိပ်ငြိမ် ၆လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ် ဒေါ်မြနု အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်မြနု အောဘီ-၀၃၇၁၅၇ နှင့် ဦးသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် (၁)ဒေါ်စိန်မြင့် ၁၂/ကမရ(နိုင်) ၀၃၂၃၅၂၊ (၂)ဦးသန်းဦး ၁၂/ကမရ(နိုင်)၀၁၂၉၇၀၊ (၃)ဦးဌေးဝင်း ၁၂/ကမရ(နိုင်)၀၁၂၉၃၉၊ (၄)ဦးစိုးဝင်း ၁၂/ကမရ(နိုင်)၀၁၂၆၅၂၊ (၅) ဦးဇော်ဝင်း ၁၂/ကမရ(နိုင်)၀၁၂၁၀၁၊ (၆) ဒေါ်နွယ်နီဝင်း ၁၂/ကမရ(နိုင်)၀၁၃၀၉၀တို့က သားသမီးများ တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

' ကျေးဇူးတင်လွှာ '

ကချင်တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း (ရန်ကုန်) မှ ကြီးမှူး၍ ကချင်ပြည်နယ်ရှိ စစ်ဘေးမှ ရှောင်တိမ်းလာသော ပြည်သူများအား ကူညီပံ့ပိုးနိုင်ရေးအတွက် ရန်ပုံငွေ ဂီတပဒေသာကပွဲကို (၂၃-၃-၂၀၁၃)ရက်နေ့တွင် နှစ်ခြင်းခရစ်ယာန်အသင်းဌာနချုပ် (အောက်မေ့ဖွယ်ခန်းမ)၌ ပြုလုပ်ကျင်းပခဲ့ရာပွဲခွင့်ပြုမိန့်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ အားလည်းကောင်း။ ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဖက်ဖက်မှကူညီပံ့ပိုးပေးခဲ့သော ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ အကအလှများဖြင့်ပါဝင်တင်ဆက်ဖျော်ဖြေပေးခဲ့သော ကချင်ပြည်နယ်မှ ကချင်ရိုးရာ အကအဖွဲ့ဖြစ်သော "ဝန်ပေါင်နိမ်ဂျာ" အကအဖွဲ့အားလည်းကောင်း။ အသံပိုင်းဆိုင်ရာ၊ စက်ပိုင်းဆိုင်ရာနှင့် ဖျော်ဖြေရေးဆိုင်ရာ တီးဝိုင်းပစ္စည်းများအား မေတ္တာဖြင့် ပါဝင်ကူညီပေးခဲ့သော "HTOO FOUNDATION, AGD, AIR BAGAN" အားလည်းကောင်း။ အစီအစဉ်တစ်ခုလုံးကို တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့သော "SKY NET" ရုပ်သံလိုင်းအားလည်းကောင်း။ ကချင်ရိုးရာ ""ပလိုင်း"" အား လေလံဖြင့်မေတ္တာပြ ဝယ်ယူခဲ့သော "ELITE Tech Service Co.,Ltd." အား လည်းကောင်း၊ ကချင်ငြိမ်းချမ်းရေး ကွန်ရက်အားလည်းကောင်း။ စိတ်အားထက်သန်စွာ ငွေကြေးဖြင့် ပါဝင် ကူညီလှူဒါန်းပေးခဲ့သော အောက်ဖော်ပြပါ အလှူရှင်များအား လည်းကောင်း။ ကချင်တိုင်းရင်းသား စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း (ရန်ကုန်)မှ အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စဉ်	အလှူရှင်	လှူဒါန်းငွေ
1	ဦးအိုက်ထွေး (အဲဗားဝင်းနွား)	၅၀၀-သိန်း
2	ဦးဇော်ဇော် (ဧရာဝတီမောင်သောရှင်း)	၅၀၀-သိန်း
3	နိုင်ပဒိန်း ကျောက်မျက်ကုမ္ပဏီလီမိတက်	၅၀၀-သိန်း
4	Htoo Foundation, AGD, Air Bagan	၂၅၀-သိန်း
5	ဦးအောင်ဇော်ဝင်း (ရှင်းဆောက်လုပ်ရေးကုမ္ပဏီ)	၁၅၀-သိန်း
6	Shwe Taung Development Group	၁၀၀-သိန်း
7	Elite Tech Group of company	၁၀၀-သိန်း
8	ကျောက်မျက်အသင်းချုပ်ရန်ကုန်။	၁၀၀-သိန်း
9	ဒေါ်ဝင်းမြင့် (ရှိမ်းဖေရတနာကုန်စည်၊ ကျိုင်းတုံ)	၁၀၀-သိန်း
10	ဦးစိုးထွန်းရှိန် (အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ)	၁၀၀-သိန်း
11	ဦးခင်မောင်ရွှေနှင့်ဒေါ်နန်းညီညီမြ	၆၀-သိန်း
12	ဦးသိန်းဇော်နှင့်ဇနီးဒေါ်မွှေမွင်း	၅၀-သိန်း
13	ဦးကျော်ဝင်း	၅၀-သိန်း
14	ဦးလှမောင်	၅၀-သိန်း
15	ခုတ်ဟယ်ဗိုလ်ချုပ်ကြီးမဟာသရေစည်သူကျော်ဝင်း(ငြိမ်း)	၅၀-သိန်း
16	ဦးစိန်ဝင်း	၅၀-သိန်း
17	New Day Energy company Ltd.	၅၀-သိန်း
18	ဦးကိုကိုကြီး (Capital Diamond Star Co.,Ltd.)	၅၀-သိန်း
19	ဦးရုံးမူ (ဘေးအတွင်မှုအမှုဆောင်ဟောင်း)	၅၀-သိန်း
20	ဦးနေဝင်းထွန်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)	၅၀-သိန်း
21	ဦးနိုင်းဇိလစ်ရီ (နိုင်ငံသာပန်းတိုင်ဆောက်လုပ်ရေး)	၅၀-သိန်း
22	ဦးဖရင်ကီ (Yangon City Hotel)	၅၀-သိန်း
23	ဦးဇော်မိုးထက်	၃၀-သိန်း
24	ဦးအေးဝင်း + ဒေါ်နွယ်နီတင်	၃၀-သိန်း
25	ဒေါ်အားထန်	၂၅-သိန်း
26	ဗိုလ်မှူးကြီးတင်ရှိန်နှင့်ဇနီးဒေါ်အေးမွန်ရှိန်	၂၅-သိန်း
27	ဦးသီဟနှင့်ဇနီးဒေါ်ရွှေရွှေလင်း	၂၅-သိန်း
28	New Star Gems & Jewellary	၂၀-သိန်း
29	ဒေါ်လှလှ (The Rich Gems)	၂၀-သိန်း
30	ဦးဇော်ဝင်းရှိန်(ဥက္ကဋ္ဌ)ဒီတိုရီယာဆေးရုံ	၂၀-သိန်း
31	ဦးထွန်းထွန်း (ရတနာစိမ်းကုမ္ပဏီ)	၂၀-သိန်း
32	Kachin Traditional Dance Group (WNJ) Wun Pawng Ning Ja (WNJ)	၂၀-သိန်း
33	ဦးကျော်သိန်း(မှူကြီးကျောက်မျက်)	၂၀-သိန်း
34	ဦးကျော်နိုင် (ရတနာကြယ်ကျောက်မျက်)	၂၀-သိန်း
35	ဦးတွူးတွူးကျော+ဒေါ်သီတာ	၁၅-သိန်း
36	မေတ္တာမွန်ဆေးဆိုင်	၁၅-သိန်း
37	ဦးအောင်နိုင် (Asian Winner Co.,Ltd.)	၁၅-သိန်း
38	ခွဝါစိုင်တန် (Sea Sun Star Co.,Ltd.)	၁၀-သိန်း
39	နှလုံးသားဂီတအလှူ	၁၀-သိန်း
40	ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) + ဇနီးဒေါ်တူဆိုင်	၁၀-သိန်း
41	ဒေါ်ခင်မာလာ	၁၀-သိန်း
42	စည်သူမြတ် (သဘာဝစွမ်းအား)	၁၀-သိန်း
43	ဦးဌေးဝင်း (UNICO Group Co.,Ltd)	၁၀-သိန်း
44	လဖိုင်ဘန် မိသားစု	၅.၉ သိန်း
45	ဒေါ်နန်ကျာ	၅-သိန်း
46	ဒေါ်လုံလုံ	၅-သိန်း
47	တိုင်းမှူးဗိုလ်ချုပ်ကိုကိုနိုင်နှင့် ဇနီး ဒေါ်စုစုကြည်	၅-သိန်း
48	ဦးဦးနိုင်	၅-သိန်း
49	Du Wa La Raw & Jan NDu Kai	၅-သိန်း
50	နိုင်သစ်လွင်	၅-သိန်း
51	ဦးထွန်းအောင် (အိုကေကျောက်မျက်)	၅-သိန်း
52	ဦးရွှေမောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)	၅-သိန်း
53	ဦးအီရွတ် (ရွှေမြန်မာကုမ္ပဏီလီမိတက်)	၅-သိန်း
54	ဦးမောင်မောင် (Universal Co.,Ltd.)	၅-သိန်း
55	ဦးခင်ရွှေ (City Wall Co.,Ltd.)	၅-သိန်း
56	ဦးမြင့်	၃-သိန်း
57	ဦးမောင်လှ + ဒေါ်ကောနိုင်	၃-သိန်း
58	ဦးကျားမောင်	၃-သိန်း
59	ဦးအောင်ကျော်ဦး + မင်္ဂ(စ)သီရိစံ	၃-သိန်း
60	ဦးနိုင်းလုံ (ရတနာစည်ကျောက်မျက်)	၃-သိန်း
61	တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှင်ကျန်မြို့မှ ကချင်လူငယ်များ	၃-သိန်း
62	ဦးဖလားဆင်	၂-သိန်း
63	ဟာဂျီဦးကျော်စိုး	၂-သိန်း
64	ဦးစံမျိုး (မိုးကုတ်ပရှိဒ်ကျောက်မျက်)	၂-သိန်း
65	ကျော်ဌေး (ဆုထူးပန်ကျောက်မျက်)	၂-သိန်း
66	မျိုးမင်းနိုး(ရွှေဆင်ကျောက်မျက်)	၂-သိန်း
67	ဒေါ်ရေစက္ကာ (ဧရာဝတီတိုင်း၊ လပွတ္တာ)	၂-သိန်း
68	ဒေါက်တာမိုးကျော်နိုင်နှင့် ဇနီးဒေါ်အကျိုး (မူဆယ်)	၂-သိန်း
69	Zup Gin Dai Co.,Ltd.	၂-သိန်း
70	ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ကျိုးကရော် (မြစ်ကြီးနား)	၂-သိန်း
71	ဦးလှရွှေ (ရှိုးမအားမာန် ကုမ္ပဏီလီမိတက်)	၂-သိန်း
72	ဦးမောင်မောင်တင် (Yas Min Enterprise Co.,Ltd)	၂-သိန်း
73	ဒေါ်နန်ဖိုင်(လှမျိုးမြ)	၁-သိန်း
74	ဦးကောအောင်နိုး (မိသားစု)	၁-သိန်း
75	ဦးအူဆယ်ဂမ်	၁-သိန်း
76	ကိုအောင်မင်း	၁-သိန်း
77	ခင်မောင်ကြည် (နိုင်မင်္ဂလာကျောက်မျက်)	၁-သိန်း
78	ဦးထွန်းလှအောင် (ဧရာဝတီမန်းကျောက်မျက်)	၁-သိန်း
79	ဦးသောင်းထွန်း (ရတနာသီဂီကျောက်မျက်)	၁-သိန်း
80	မောင်မိုးမြင့်ထက်နိုင်နှင့် မောင်မိုးမြင့်ဆက်နိုင် (မူဆယ်)	၁-သိန်း
81	ပြည်သူ့ဆေးရုံကျာနယ်၊ အယ်ဒီတာအဖွဲ့	၁-သိန်း
82	ရခိုင်အမျိုးသားကွန်ယက်	၁-သိန်း
83	မမေရမ်မတွေးတွေးဆီအာတွေးဒီးဆီ(မူတာအို)	၁-သိန်း
84	ရန်ကုန်ဝေါက်ကလပ်ဝန်ထမ်းများအသင်းကုန်းရန်ကုန်။	၉-သောင်းခွဲ
85	ဒေးဇစ်လွယ်အောင်နှင့်သူငယ်ချင်းများ	၉-သောင်း
86	ဦးနနု (နနုအောင်မိုးကုတ်ကျောက်မျက်)	၅-သောင်း
87	ဒေါ်ဖို့ဖို့ (မော်လမြိုင်)	၅-သောင်း
88	တင်မော်လွင်	၂-သောင်း
89	ဗိုလ်မှူးမောင်မောင်ထွန်း	၁-သောင်း
90	Mr. Dato Adam Htoon	US$ 3000
91	ဦးဇော်မင်း	US$ 1000
92	ဒေါ်ခက်ရွယ်ထွဲ (မိသားစု)	US$500
93	ဦးနေဝင်း	US$ 500
94	ဦးမောင်ဦး	US$ 500
95	ဦးအေးကို	US$ 500
96	ဦးလှဝင်း	US$ 500
97	ဦးကျော်ဝင်း	US$ 500
98	ဦးညွှာထော်မင်း	US$ 500
99	ဦးငြိုး	US$ 500
100	ဦးအောင်သိန်း	US$ 500
101	ဦးမောင်မောင်မြင့်	US$ 300
102	ဦးစိန်လွင်	US$ 300
103	ဦးကျော်မင်းအောင် + ဒေါ်တင်မမ	US$100
104	ဦးအောင်မ်	US$ 100
105	၃-ဗိုလ်မှူးကြီးစိန်သိန်း	US$ 100
106	ဦးတင်စိန်	US$ 100
107	ဦးချစ်နိုင်	US$ 100
108	ဦးအောင်ငြိမ်း	US$ 100
109	ဦးချစ်မင်းစံ	US$ 100
110	ဦးမင်းသိန်း	US$100
111	ဦးညွန့်ဟန်	US$ 100
112	ဦးတင်ထွေး (မိသားစု)	US$100
113	ဦးတင်အောင်လင်း	US$ 100
114	ဦးကျော်နိုးဝင်း	US$ 50
115	Mr.P.T.S Cheung	US$50
116	စစ မျိုးဆက်ကျောင်းသားများ- ကိုမြအေး၊ ကိုထွန်းမြင့်အောင် မစီစီလွင်၊ မစန်းစန်းမော်၊ မဝါဝါဝင်း	၅ သိန်း
117	ဦးစောအေးမြိုင် (လွှတ်တော်ကိုယ်စားလှယ်)	၁ သိန်း

အလှူငွေများကိုဆက်လက်လှူဒါန်းလျက်ရှိ၍(၁၉-၃-၂၀၁၃)ရက်နေ့အထိ လက်ခံရရှိထားပြီးသော အလှူငွေများမှာ (ကျပ် ၃၂၅၀၂၄၀၀၀/-) (US$ ၁၀၃၀၀) တို့ဖြစ်ပါသည်။ အလှူငွေများကို ဆက်လက် လှူဒါန်းလိုပါက အောက် ဖော်ပြပါ လိပ်စာနှင့် ဖုန်းများဖြင့် လှူဒါန်းနိုင်ပါသည်။ အမှတ်(၂၆)၊ မြေညီထပ်၊ ဥဿာတုန်းလမ်း။ စမ်းချောင်းမြို့နယ်။ ဖုန်း - ၀၉ ၈၆၀ ၂၂၄၉၊ ၀၉ ၄၂၁ ၀၀၀၆၇၇ ရရှိသော အလှူငွေများကို ၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်း ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းများ သို့ သွားရောက်လှူဒါန်းသွားမည်ဖြစ်ပါသည်။

ကြော်ငြာ

အလှူတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်ခုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

ရဟန်းခံ-သိက္ခာထပ်-ရှင်ပြု-သီလရှင်ဝတ် အထူးဈေးရောင်းပွဲတော်

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

၁။ ဇေတိက (၁၀) ✤ ဇေတိကသင်္ကန်း၏ (၁၀)ဆိုင်ခြောက်ပင်ရုံးဆိုင်ခွဲ

၂။ Myanmar Handicraft Shop ✤ ကျောက်၊ ကြေး၊ သင်္ဘော ဖူးခွင်တာတော်အမျိုးမျိုး ဘုရားပလ္လင်၊ တရားဟောပလ္လင်၊ ကြေးသည်၊ ငွေထည်၊ ဘော်ထည်လှူဖွယ်ပစ္စည်းအမျိုးမျိုး ယွန်းထည်ပစ္စည်း ပန်းချီ ပန်းပု ကျောက်စိမ်းနှင့် ရွှေချည် ငွေချည်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းအမျိုးမျိုး

၃။ Big Shops Supermart ✤ သံဃာသုံး လူသုံး ဘုန်းကြီးကျောင်းသုံး အိမ်သုံးပစ္စည်းအမျိုးအမျိုး တဆောက်ကုန်နှင့် အချိုရည်အမျိုးအမျိုး နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး ပန်းကန်နှင့် အိုးခွက်အမျိုးမျိုး လျှပ်စစ်ပစ္စည်းအမျိုးမျိုး အဝတ်အထည် ဖိနပ်နှင့် အိတ်အမျိုးမျိုး

၄။ Tha Aung Bookstore ✤ သုတရသ အတုပ္ပတ္တိ နိုင်ငံရေး စီးပွားရေး စိတ်နှလုံးမွမ်းစာအုပ်အမျိုးမျိုး သံဃာတော်များအတွက် ပု ဝေယံ ယတ် ကြီး မှော်ဆိုလ စသည့် ပရိယတ္တိစာအုပ်အမျိုးမျိုး ရုံးသုံး ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး CD, Tape, DVD ရရှိနိုင်သည့် "သာအောင်" စာအုပ်ဆိုင်

၅။ Beauty All - Fashion Corner ✤ နာမည်ကြီးအလှကုန်ပစ္စည်းများနှင့် ဖက်ရှင်အဝတ်အထည်အမျိုးမျိုး (Men & Ladies)

၆။ Healthy All Pharmacy ✤ နိုင်ငံခြားဆေးဝါးအမျိုးမျိုး နှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး

အရက်၊ဘီယာ၊ စီးကရက် (လုံးဝ) မရောင်းပါ။

အမှတ်(၁၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၃၇၅၇၇၀၊ ၃၇၅၇၇၃၊ ၅၅၂၀၂ ၅၅၂၉၂၅ E-mail : mbssmart@gmail.com "ဇေတိကကုမ္ပဏီမှ ဖွင့်လှစ်ပါသည်"

မုံလယ်သင်္ကြန်(၇)ရက်တရားစခန်း မိုးကုတ်ဝိပဿနာပြန့်ပွားရေး

မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း၊ ပဲခူးတွင် သင်္ကြန်(၇)ရက်တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၃-၄-၂၀၁၃ ရက်မှ ၁၉-၄-၂၀၁၃ရက်အထိ ကျင်းပမည်ဖြစ်ရာ အသက် (၁၈)နှစ်နှင့်အထက် ကျန်းမာရေးကောင်းပြီး တရားစခန်းပြီးဆုံးသည်အထိ တရားစခန်းဝင်လိုသူများအား တရားစခန်းဝင်နိုင်ကြောင်း အသိပေးအပ်ပါသည်။

၂၀၁၃ ခုနှစ် ဧပြီ ၁ရက်တွင် ယောဂီစာရင်း ကြိုတင်လက်ခံပါမည်။ ယောဂီဦးရေကန့်သတ်ထားပါသဖြင့် သတ်မှတ်ဦးရေသာ လက်ခံပါမည်။

တရားစခန်းဝင်ခွင့်ရယောဂီများသည် ၁၂-၄-၂၀၁၃ ရက် နံနက် ၇ နာရီထက် မစော ညနေ ၄နာရီထက် နောက်မကျစေဘဲ တရားစခန်းသို့ ရောက်ရှိရမည်။ သတ်မှတ်ရက်ထက်စော၍ ကြိုတင်လာရောက်ခြင်းကို လက်မခံပါ။

စခန်းဝင်ခွင့်ရယောဂီသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ ပါရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

အကြောင်းစုံသိလိုပါက ဖုန်း-၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွန်ဆရာတော်ကြီးများအား ဂုဏ်ဝိသိဋ္ဌ ပူဇော်ပွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ဖြင့် သာသနာတော်ဆိုင်ရာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော **ဘဒ္ဒန္တအာသဘ** (ကတိုးကျေးရွာမွန်ပရိယတ္တိစာသင်တိုက်) နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းခံရသော **ဘဒ္ဒန္တဓေဝသာရ** (ဗိုလ်တထောင်မွန်ပရိယတ္တိစာသင်တိုက်) နှစ်ပါးတို့အား မွန်သာသနာတော်ထောက်ပံ့ရေးကော်မတီ (ရန်ကုန်) က ကြီးမှူး၍ လာမည့် ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁) ရက် (၂၇-၃-၂၀၁၃) ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁) နာရီအချိန်တွင်၊ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ မွန်မွေ့ာရုံ၌ ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မွန်တိုင်းရင်းသား ဒါယကာ ဒါယိကာမများ ကြွရောက်ကြည်ညို သဒ္ဓါပွားများကာ အလှူငွေများ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ကာ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၁၇၃၁/က၊ မြေကွက်တည်နေရာအမှတ် ၁၇၃၁/က၊ ရွှေမေတ္တာအပြင်လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်ကြွယ် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြွယ် (ဖခင်)နှင့် ဒေါ်ခင်သီ(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁)ဒေါ်တင်ဝင်း ၁၂/သကတ (နိုင်)၀၉၇၄၉၀၊ (၂)ဒေါ်လှရီ ၁၂/သကတ(နိုင်)၀၉၇၀၈၃၊ (၃) ဒေါ်ခင်ညွန့် ၁၂/သကတ(နိုင်)၀၉၇၅၀၆မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို) (မြန်မာနိုင်ငံ သဘင်အစည်းအရုံးအဆင့်ဆင့် ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့)

၁။ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ပြန်လည်ဖွဲ့စည်းရေးအတွက် အဆင့်ဆင့်သော ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ခဲ့ပြီး ယခုအခါ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့ကို ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အမှုဆောင်အဖွဲ့သည် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းသည့်လုပ်ငန်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။

(က) ကျင်းပမည့်နေ့ရက်-၂၀၁၃ ခုနှစ် မတ် ၃၀ ရက် (စနေနေ့)
(ခ) ကျင်းပမည့်အချိန်-မွန်းလွဲ ၁ နာရီ
(ဂ) ကျင်းပမည့်နေရာ-အမျိုးသားပြတိုက်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၃။ ရွေးချယ်ခံထားပြီးဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမှုဆောင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်ရွေးချယ်ခံပိုင်ခွင့်နှင့် မဲပေးခွင့်ရှိကြသဖြင့် အထက်အစီအစဉ်ပါ သတ်မှတ်နေ့ရက်/အချိန်နှင့် နေရာသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးအဖွဲ့(ဗဟို)

★New Star သင်္ကြန် အထူးအစီအစဉ်
★ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မယ်ဆိုင်၊ ချင်းလိုင်း၊ ချင်းမိုင်။ ရွှေတြိဂံ(လော) (April-11,12)
★ မော်လမြိုင်၊ ကျိုက်ထီးရိုး၊ ထားဝယ်(ရှင်ကိုးရှင်)
★ တောင်ကြီး၊ အင်းလေး၊ လျှိုင်ကော်၊ ငွေတောင်ဆည်၊ တောင်တွင်းဇေတီ
09 448021580, 09 494032356,09 5139002

"စတုတ္ထအကြိမ်သစ်သီးသားပန်းပုပြိုင်ပွဲ"

၁။ ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်တို့ပူးပေါင်းကြီးမှူး၍ မြန်မာနိုင်ငံစိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ ကူညီပံ့ပိုးမှုဖြင့် စတုတ္ထအကြိမ်သစ်သီးသားပန်းပုပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်သမဝါယမစီးပွားရေးဗဟိုဌာနအဆောက်အအုံ၌ ၂၀၁၃ခုနှစ်၊ မေလ တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲကို "စိတ်ကြိုက်"နှင့်"မော်ဒန်" ပြိုင်ပွဲ(၂)မျိုးကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆုကြေးများကို ယခင်နှစ်ကကဲ့သို့ ထိုက်ထိုက်တန်တန်ချီးမြှင့်မည် ဖြစ်ပါသည်-

၃။ ပြိုင်ပွဲဝင်မည့် ပညာရှင်များသည် ၂၀၁၃ခုနှစ်၊ မတ်လ(၃၁) ရက်နေ့ နောက်ဆုံးထား၍ "မြန်မာနိုင်ငံစိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း ရန်ကုန်မြို့ (ဖုန်း-၃၈၅၂၅၉)" သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပန်းပုပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ

ဖြူးမဟာစည်ရိပ်သာများ၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများ၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ M.A, Ph.D(Thesis). INDIA သည်-

၁။	၂၂-၃-၂၀၁၃ရက် မှ ၂၃-၃-၂၀၁၃ရက် အထိ	၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၁ရက် (သောကြာနေ့)မှ တပေါင်းလဆန်း ၁၂ ရက် (စနေနေ့အထိ) ပဲခူးတိုင်းဒေသကြီး၊ ၁၁၅ မိုင်၊ ဖြူးချောင်းစီမံကိန်း၊ ဆည်မြောင်းဝင်းအတွင်း၊ ပဋ္ဌာန်းသိမ်းအောင်ပွဲဓမ္မသဘင်
၂။	၂၄-၃-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၃ ရက် (တနင်္ဂနွေနေ့) မွန်ပြည်နယ်၊ မော်လမြိုင်မြို့ဓမ္မသဘင်
၃။	၂၅-၃-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (တနင်္လာနေ့) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ မင်းကျောင်းတိုက်ဓမ္မသဘင်
၄။	၂၆-၃-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလပြည့်နေ့ (အင်္ဂါနေ့) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အနောက်ကျေးရွာဓမ္မသဘင်
၅။	၂၇-၃-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် (ဗုဒ္ဓဟူးနေ့) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်ရတနာမွန်အိမ်ရာ၊ဓမ္မသဘင်
၆။	၂၈-၃-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (ကြာသပတေးနေ့) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဘဒ္ဒန္တဝစီတဉာဏ၏ အန္တိမဈာပနဓမ္မသဘင်
၇။	၃၀-၃-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် (စနေနေ့) ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့ဓမ္မသဘင်
၈။	၁-၄-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (တနင်္လာနေ့) ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့၊ နှစ်တစ်ရာပြည့်ဓမ္မသဘင်
၉။	၂-၄-၂၀၁၃ရက်	၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက် (အင်္ဂါနေ့) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ကျောင်းကုန်းလမ်းဓမ္မသဘင်
၁၀။	၄-၄-၂၀၁၃ရက် မှ ၁၀-၄-၂၀၁၃ရက် အထိ	၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (ကြာသပတေးနေ့)မှ တပေါင်းလကွယ်နေ့ (ဗုဒ္ဓဟူးနေ့)အထိ ကချင်ပြည်နယ်ဖားကန့်မြို့နယ်၊ (လုံးခင်း၊ကာမိုင်း)တရားစခန်းပွဲဓမ္မသဘင်

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂တို့သို့ ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၇၆၃၊ ဇရိယာ ၀ဒသမ၀၆၃ဧက၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ် ၃၇၊ အောင်သီရိလမ်း၊ (၂၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင် ၁၂/ပဇတ(နိုင်)၀၀၆၉၈၀ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး **အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)**
ဦးသန့်ဇော် **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း

လားရှိုးမြို့၊ ရွှေလီ(မောဝ်ခမ်း)ကျောင်း၊ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန **ဆရာတော်ဘဒ္ဒန္တသုဝရ** MA (Buddhism) (Srilanka)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **သဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ကို အပ်နှင်းပူဇော်ခံရခြင်းအပေါ်တွင် ရွှေလီ(မောဝ်ခမ်း)ကျောင်းတိုက်၊ ဂေါပကအဖွဲ့မှ အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ဘာသာအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ပါသည်အရှင်ဘုရား။

ရွှေလီ(မောဝ်ခမ်း)ကျောင်းတိုက်ဂေါပကအဖွဲ့
ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့

ဖြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၅)၊ ငြိမ်းချမ်းရေးလမ်း၊ အိမ်အမှတ် ၆၀ နေ ဦးကျန်ရှီးယွင် ၁၃/လရန(နိုင်)၀၁၉၈၀၄၏သား မောင်ကျန်စင်ကျူ ၁၃/လရန(နိုင်)၁၈၅၂၅၀ အား မောင်ကျော်အောင်၊ သမီးများဖြစ်သော မကျန်ရှီးရှန်းအား မကြည်ကြည်ဝင်း၊ မကျန်စင်ရန်အား မကြည်ကြည်လှိုင်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။ **မောင်ကျန်စင်ကျူ(ခ)မောင်ကျော်အောင် မကျန်ရှီးရှန်း(ခ)မကြည်ကြည်ဝင်း၊ မကျန်စင်ရန်(ခ)မကြည်ကြည်လှိုင်**

အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် အသက်(၈၀) နှင့်အထက် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားခြင်း

CMA ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး၊ အငြိမ်းစားဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများနှင့် လက်ရှိဝန်ထမ်းများ နာရေးကူညီစောင့်ရှောက်မှုအဖွဲ့၏ **ဆဋ္ဌမအကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ဒုတိယအကြိမ် အသက် (၈၀)နှင့်အထက် ဝန်ထမ်းဟောင်းများအား သက်ကြီးပူဇော်ပွဲကို** အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၆ နာရီ အရဟာဆွမ်းကပ်လှူဒါန်း၍ အမျှဝေခြင်း
နံနက် ၈ နာရီ သင်းလုံးကျွတ် အစည်းအဝေးကျင်းပခြင်း
နံနက် ၁၀ နာရီ သက်ကြီးပူဇော်ပွဲ ကျင်းပခြင်း
ကျင်းပမည့်နေရာ - **သာသနပါလဓမ္မာရုံ** ဆရာဖေလမ်း၊ အမှတ် ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၁၉(သုံးလွှာ၊ ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးအောင်ကျော်ဦး ၁၂/တမန(နိုင်)၀၈၆၁၉၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ချောကေရီဆွေ
အထက်တန်းရှေ့နေ(စဉ်-၂၅၀၂၆)
LL.B,CBL
Post Graduate Diploma in Shipping Management
WIPO(Geneva), CAT(ACCA, UK)
အမှတ် ၅၆၊ လေးလွှာ/ဘီ၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၀၃၈၄၉၂၊ ၀၁-၅၅၇၀၁၆

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်တီ (ကျိုက်မရော(ဝိန္ဒုကုန်း)မော်လမြိုင်

အသက်(၉၄)နှစ်

စိတ်ပညာကျောင်းသားဟောင်းဦးတင်ကိုကို၏မိခင် ဒေါ်စိန်တီ(၂၀-၃-၂၀၁၃) နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း....

ဦးစောဝေနှင့်ညီများ
ပန်ဒါဟိုတယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၉၅၈၄ Honda C 90 Custom အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုထွန်း ၉/လဝန(နိုင်)၀၀၈၁၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၂၁၂ HI BIRD 110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မျိုး ၉/မတရ(နိုင်) ၁၂၁၁၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

EVER TOP ဘာသာစကားသင်တန်း Ph: 0973040610 098770096

ဂျပန် | အင်္ဂလိပ် | ကိုရီးယား

TOPIK 4-Skills

@ SayaWilliam

4-Skills
Phonetics
Practical English
Grammar+Writing

တရုတ် | မလေး

နွေဥတု စကားပြောသင်တန်းများ

မတ်လ(March) အတွင်း သင်တန်းအပ်နှံသူများအတွက်အထူးအခွင့်အရေး

ကိုရီးယားစာမေးပွဲ TOPIK (၂၀၁၃) စနစ်သစ် စာအုပ်များဝယ်ယူနိုင်ပါသည်။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(...)နေ ဦးမြင့်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်ခင်နိုင် စဉ်-ခရာဘစ LL.B, D.B.L (အထက်တန်းရှေ့နေ)

[illegible]

သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးလှစိုးငယ်၏သားနှင့်သမီး မဇာခြည်သိမ့်သိမ့်စိုး-မောင်အေပရယ်မောင် ၁၂/လမန(နိုင်)၁၄၈၆၁၉တို့သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့် ပတ်သက်သော ကိစ္စများအား လုံးဝ(လုံးဝ)တာဝန်မယူပါ။

ဦးလှစိုး
၁၂/အစန(နိုင်)၁၁၅၄၅၃

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝေဘာဂီ၊ မြေကွက်အမှတ် ၂၈၇၊ မြေကွက်တည်နေရာအမှတ် ၂၈၇၊ ရန်မျိုးအောင်ဘုရားလမ်း၊ ၈/ဝေဘာဂီ၊ မြောက်ဥက္ကလာပ ဦးဝင်းအောင် ၁၃/ကလန(နိုင်) ၀၀၂၅၈၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းအောင်က ၂၀၁၁ အရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

သန်လျင်မြို့နယ်တရားမရုံးတော်၌

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၀နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ဦးတင်ရွှေ	**နှင့်**	၁။ ဦးမျိုးအောင်
(၎င်း၏အထွေထွေကိုယ်စားလှယ် စာရရှိသူ ဒေါ်တင်မိုးဝင့်)		၂။ ဦးကျော်အုန်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

သန်လျင်မြို့၊ အောင်ချမ်းသာ ၂ရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ် မ/၁နေ ဦးမျိုးအောင်နှင့် သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် ၂၀၉နေ ဦးကျော်အုန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၆၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်ရွှေ(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်မိုးဝင့်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၃ခုနှစ် ဧပြီ ၁ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝါဝါလွင်
ဒုတိယမြို့နယ်တရားသူကြီး၊ သန်လျင်မြို့နယ်တရားရုံး

(၃)နှစ်ပြည့် (၂၄-၃-၂၀၁၃)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာ

ဦးရဲမြင့်

ရွှေနဂါးစက်မှုလက်မှု၊
Star မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေး၊
ရေနံချောင်းစက်မှုဇုန်အားရည်စူး၍
မန္တလေးမြို့

နယ်စပ်ဒေသ၊ တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်း တောင်တန်းသာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တဦးတိက္ခထံ၌ သာသနာတော် ပြန့်ပွားဆောင်ရွက်နိုင်ရေးအတွက် ၂၃-၃-၂၀၁၃ ရက်တွင် ရှင်သာမဏေ ၁၀၈ပါးအား သင်္ကန်းပရိက္ခရာ ရှစ်ပါးအစုံအလင်ဖြင့် သာသနာဘောင်သွင်းရှင်ပြုခြင်း အလှူတော်မင်္ဂလာနှင့် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းပါတယ်။

ပြုသမျှ ကုသိုလ်အစုစုအား ရောက်ရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ-

အမျှ အမျှ အမျှ

ချစ်တဲ့ဇနီး
သမီးကြီး၊ သားကြီး၊ သားလတ်၊ သားငယ်လေးနှင့်မြေးများ
ရွှေဘုံသာခြံ၊ သခင်ဘိုးလှကြီးလမ်း၊ ရေနံချောင်းမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဘစောဦး

ဓါတ်ပုံ ဥက္ကဋ္ဌ ၊ ယပ်လုံ... [illegible] ၊ ကျောက်ဖြူမြို့နယ်

အသက် (၈၆) နှစ်

မြန်မာ့သစ်လုပ်ငန်း ၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ၊ အမှတ် (၁) သစ်စက် ၊ မန်နေဂျာ (အငြိမ်းစား) ဦးစံအောင်ရီ - ဒေါ်သန်း... [illegible] တို့၏ ဖခင်ဖြစ်သူ ဦးဘစောဦး ၊ အသက် (၈၆) နှစ် သည် ၂၀ - ၃ - ၂၀၁၃ ရက်နေ့ တွင် ရခိုင်ပြည်နယ် ၊ ကျောက်ဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်ရုံမှူး ၊ ... [illegible] ... နှင့်
အရာထမ်း ၊ အမှုထမ်းများအားလုံး
အမှတ် (၁) သစ်စက် ၊ ကြည့်မြင်တိုင်မြို့နယ်

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးအောင်ဝင်း (သာယာဝတီ)

မန်နေဂျာ၊
မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရန်ကုန်-ပြည်လမ်း၊ အမှတ် ၅၈နေ ဒေါ်ခင်ရီ၏ ခင်ပွန်း၊ ဒေါ်မာမာအောင် (မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ကြို့ပင်ကောက်)၊ ဦးအောင်မော်-ဒေါ်ရီရီအောင် (ရန်ကုန်)၊ ဦးဇော်မိုးလွင်-ဒေါ်နီနီအောင် (စင်ကာပူ)၊ ဦးဝင်းထွဋ်အောင်-ဒေါ်ဖြူဖြူအောင်(ကိုထွဋ်စက်ဘီးဆိုင်နှင့်မဟာကဖီး၊သာယာဝတီ)တို့၏ဖခင်၊ မောင်ရဲရင့်မိုးဦး၊ မခင်မြတ်နိုးအောင်၊ မခင်သူသူအောင်၊ မဆုလဲ့နဒီ၊ မမိုးပွင့်ဖြူ မောင်နေအောင်ကိုးတို့၏အဘိုးသည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) ည ၁၁ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် ညနေ ၅ နာရီတွင် သာယာဝတီမြို့၊ ထောင်ကြီးလမ်း၊ ရေဝေးကဘာရ်စတန်၌ ဒါဖ္ဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကပ္ပတိန်ဦးတင်

အသက်(၉၇)နှစ်

တိုက် ၃၃၊ အခန်း ၁၊ ဘော်စင် ၂ လမ်း၊ ၂၄ ရပ်ကွက်၊ သုဝဏ္ဏနေ လမ်းအရှေ့ပိုင်ကြီး (ဦးသာဖံဦး-ဒေါ်ခင်ခင်ကြီး)တို့၏သား၊ ဒေါ်ဆွဲဖုံ(ကော့ကရိတ်)၏မောင်၊ (ဒေါ်ကူး)၏ခင်ပွန်း၊ ဒေါ်ငွေငွေဝင်း၏ဖခင်၊ ဒေါ်သန်းမြင့် (ဆရာမ-ငြိမ်း)၏ဦးလေး၊ ဦးဥက္ကာအေး-ဒေါ်အေးအေးသော်၊ ကပ္ပတိန် ထွန်းထွန်းအေး (ခေတ္တ-S'pore)- ဒေါ်အိဖြူဝင်းတို့၏ဘဘကြီး၊ မသီတာအောင်၊ မသွန်းနဒီအေး၊ ကောင်းခန့်အေး၊ ဇေယျာမင်းအေးတို့၏ဘိုးဘိုးကြီးသည် ၂၁-၃-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာ

ဦးမြသောင်း

အလယ်တန်းပြဆရာ(အငြိမ်းစား) အထက(၂)ဗဟန်း
နာယက-မိဘဆရာအသင်း၊ အထက(၂)ဗဟန်း
အသက်(၆၄)နှစ်

အထက(၂)ဗဟန်း မိဘဆရာအသင်း၏ နာယက ဆရာဦးမြသောင်းသည် ၁၄-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးမိသားစု အထက(၂)ဗဟန်း
မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အထက(၂)ဗဟန်း

ဒေါ်နှင်းဆီဆွေ(ခ)နီတာ

အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ (ဦးမျိုးဆွေ-ဒေါ်ခင်မြဆွေ)တို့၏သမီးငယ်၊ (ဦးတင်မြင့်)- ဒေါ်အုန်းရှင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်၅၄(လေးလွှာ)နေ ဦးရဲအောင်(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)၏ဇနီး၊ မဆွေဆွေရဲအောင် (ဧရာဝတီဘဏ်၊ မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ)၊ မောင်မြင့်မြတ်ရဲအောင် (Grade-9, A)၊ မောင်ရဲရင့်ရဲအောင်(Grade-7, A၊ အထက-၁၊ တာမွေ)တို့၏မိခင်၊ ဦးလှမျိုးအောင်-ဒေါ်စပယ်ဆွေ(ခေတ္တ-စင်ကာပူ)၏ညီမ၊ (ဦးစန်းမောင်)-ဒေါ်ချိုချိုမြင့်၊ ဦးထိန်အောင်လင်း-ဒေါ်ခင်ခင်မြင့်၊ ဆရာမဒေါ်ရီရီမြင့်(၂) (အထက-၁၊ တာမွေ)တို့၏ညီမ၊ ဦးမျိုးသန့်-ဒေါ်သင်းသင်းမြင့်၊ (ဦးမိုးကျော်သူ-ဒေါ်ညိုညိုဆင့်)၊ ဦးသန်းထိုက်-ဒေါ်ခင်ခင်မိုး၊ ဦးမျိုးဆွေ-ဒေါ်သဇင်အေးတို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)
အသက် (၈၆)နှစ်

ဦးသိန်းဇော် (ပြည်နယ်မန်နေဂျာ-မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့)-ဒေါ်ခင်အေးမြင့်တို့၏ဖခင် ဦးစိုးမြင့်သည် ၁၈-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိသားစု
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးအောင်သန်း

(သစ်တောတက္ကသိုလ်၊ ပါမောက္ခချုပ်၊ ငြိမ်း၊ ထားဝယ်)
အသက် (၇၂)နှစ်

ကချင်ပြည်နယ်မှ သစ်မွေးပင် ဝါသနာရှင်များ၏ ကျေးဇူးတင်ထိုက်သော ဒေါက်တာဦးအောင်သန်းသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွား၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲပါကြောင်း။ **ဆရာဦးထိန်နန်**

သစ်မွေးဝါသနာရှင်များ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးစန်းစန်းမြင့် (ငြိမ်း)

N -၅၄၀

မုံရွာမြို့

စိတ်သဘောထားဖြူစင်အေးချမ်းသောသူငယ်ချင်း ၂၀-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ များစွာဝမ်းနည်းကြေကွဲရပါတယ်။ ကောင်းမွန်ရာ မြင့်မြတ်သည့် ဘုံဘဝရောက်မည်ဟု ယုံကြည်ဆုတောင်းလျက်-

စစ်သူနာပြု အမှတ်စဉ်(၁၄)မှ သူငယ်ချင်း(၅၄)ယောက်

ဝမ်းနည်းကြေကွဲခြင်း

MOFA BDS 22nd Bath မှ သူငယ်ချင်းကျော်ငြိမ်းချမ်း(ခ)တေးသံရှင်ချမ်းချမ်း၏ ချစ်လှစွာသောဖခင် ဦးကျော်မြင့် BE(Electronic),O.J.T(Elect) Dip in Elect., M.MES, Asean Enginess အသက်(၅၄)နှစ်သည် ၁၄-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MOFA BDS 22nd Bath နှင့် သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နှင်းဆီဆွေ(ခ)နီတာ အသက် (၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ် ၅၄၊ လေးလွှာ (A) နေ ဦးရဲအောင် (မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး)၏ချစ်လှစွာသောဇနီး ဒေါ်နှင်းဆီဆွေ(ခ)နီတာ အသက်(၄၈)နှစ်သည် ၂၀-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၂၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်
ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် အမှုဆောင်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နှင်းဆီဆွေ(ခ)နီတာ

အသက် (၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ် ၅၄၊ လေးလွှာ(A)နေ ဦးရဲအောင် (မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး)၏ ချစ်လှစွာသောဇနီး ဒေါ်နှင်းဆီဆွေ(ခ)နီတာ အသက်(၄၈)နှစ်သည် ၂၀-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၂၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ရိုးရာ ခြင်းလုံး-နည်းပြနှင့်
မြန်မာ့ရိုးရာခြင်းလုံးလက်ရွေးစင်အားကစားသမားများ
(ရွှေ)အားကစားလေ့ကျင့်ရေးစခန်း၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဆန်း

၇၄၇၊ အုတ်လုပ်ငန်း၊ ဆားတလင်း၊ လှည်းကူးမြို့
(၁၈-၃-၂၀၁၃)
အသက် (၄၆)နှစ်

ညီအစ်ကို မောင်နှမအရင်းတမျှ ခင်မင်ခဲ့ရတဲ့ အစ်ကိုတစ်ယောက် ဒီလိုအစောကြီး ကြွေလွင့်သွားလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားဘူးအစ်ကို…မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ ကောင်းမွန်တဲ့ဘုံဘဝမှာခိုနားမယ်လို့ ယုံကြည်ပါတယ် အစ်ကို…

ဦးစိုးလင်းမောင်-ဒေါ်လဲ့လဲ့လှိုင်မိသားစု၊ ဇရပ်ကွင်း၊ လှည်းကူး

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအောင်ဝင်းထွန်း

အသက်(၄၂)နှစ်

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး

ပြည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးမှ နား-နှာခေါင်း-လည်ချောင်းအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဝင်းထွန်း အသက်(၄၂)နှစ်သည် ၂၀-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ပြည်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအောင်ဝင်းထွန်း

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး
အသက်(၄၂)နှစ်

ပြည်မြို့- အထွေထွေရောဂါကုဆေးရုံကြီးမှ နား-နှာခေါင်း-လည်ချောင်းအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဝင်းထွန်း အသက်(၄၂)နှစ်သည် ၂၀-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ
ကျန်းမာရေးဝန်ထမ်းများ၊ ပြည်မြို့-အထွေထွေရောဂါကုဆေးရုံကြီး

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဇောနိုင်

အသက်(၆၅)နှစ်

ဒေါ်တင်ဝင်းရည်(စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)၏ခင်ပွန်း၊ အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဇောနိုင်

အသက်(၆၅)နှစ်

ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)၏ခင်ပွန်း အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

ဦးကျော်ဇောနိုင်

တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန

အသက်(၆၅)နှစ်

ဆရာ-

အချိန်မတိုင်မီ မမျော်လင့်ဘဲ ခွဲခွာသွားတဲ့အတွက် နှမြောတသ ဝမ်းနည်းကြေကွဲကြရပါတယ်ဆရာရယ်၊

"ဆရာဆိုတာ ဒါမျိုးကွ"လို့ ပြစရာပုဂ္ဂိုလ်တစ်ယောက် လျော့ပျောက်လို့ သွားရပြန်ပါပြီ။

အားလုံးအပေါ် ဒေါသကင်းစင်၊ မာန်ကင်းစင်ပြီး ကြည်လင်ရပ်လွှာ ချိုသာစကား မေတ္တာထားတဲ့ ဆရာ့ကို ကျွန်တော်/ကျွန်မတို့တစ်တွေ အသက်ရှင်နေသမျှ လွမ်းနေကြရဦးတော့မှာပါ ဆရာ။

စိတ်ထားမြင့်မြတ်တဲ့ ဒို့ဆရာ ကောင်းရာမွန်ရာရောက်မှာပါ။

၁၉၇၅-၈၀
B.A (Law), LL.B, (Last Batch) တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း)

အသက်(၅၉)နှစ်

ချည်မျှဉ်စက်ရုံ(မြစ်သား)စက်ရုံမှူး တာဝန်ထမ်းဆောင်ခဲ့သော ဦးမြင့်ဆွေသည် ၂၂-၃-၂၀၁၃ရက် နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

စက်ရုံမှူးနှင့် ဝန်ထမ်းမိသားစုများ
အမှတ်(၇)အထည်စက်ရုံ(မြစ်သား)

ဦးအောင်ကိုလတ် (သုံးဆယ်)

(သစ်အုပ်၊ သစ်ထုတ်လုပ်ရေး၊ သာယာဝတီ)

အသက်(၄၀)

သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ဈေးရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၄၁နေ (ဦးကောင်းချူ)-ဒေါ်လှတင်၊ လက်ပံခုန်ရပ်ကွက်နေ (ဦးထွန်းမြတ်-ဒေါ်သိန်းရင်)တို့၏မြေး၊ [ဦးလှမြင့်၊ သစ်ထုတ်လုပ်ရေး၊ တောင်ငူ(တောင်)]-ဒေါ်ရီရီသိန်းတို့၏သား၊ ပုသိမ်မြို့နေ ဦးအောင်ငွေး-ဒေါ်ဇင်မာမြင့် (ငြိမ်းချမ်းအောင်ဆေးဆိုင်)တို့၏မောင်၊ ဦးဇော်မြင့်လတ်(ကညန၊ ပုသိမ်)၊ ဒေါ်ဥမ္မာချိုတို့၏အစ်ကို၊ ဆုထက်အောင်(G-III, A ပေပင်ကုန်း မူ/လွန်)၏ဖခင်၊ (နော်ဂျူးနာ)၏ခင်ပွန်းသည် ၂၃-၃-၂၀၁၃ရက်(စနေနေ့) နံနက် ၅း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ပေပင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

မယွန်းယွန်းဖူးငုံ(ခ)ငယ်လေး(ခ)ယွန်းယွန်း (လှိုင်လင်မြို့)

B.A (Eco)၊ အထက(၂)ဗဟန်းကျောင်းသူဟောင်း

Ko Ko Beauty Salon, Junction Maw Tin

အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ အမှတ် ၆၀၊ ကံ့ကော်အိမ်ရာ၊ B6Bနေ ဦးမောင်ငယ်-(ဒေါ်စန်းကြည်)တို့၏မြေး၊ ဦးထွန်းထွန်း-ဒေါ်ခင်မြဝင်းတို့၏သမီး၊ (ဦးကိုကို)၊ ဦးညီညီ(Ko Ko Beauty Salon)တို့၏တူမ၊ ဦးမင်းမင်းအောင်-ဒေါ်ဇာဇာဝင်း၊ ဦးကျော်လှိုင်-ဒေါ်စောသန္တာအောင်၊ ဒေါ်မိုးရွှက်ဝါတို့၏ညီမ၊ မောင်ကိုးခန့်ထွန်း၏အစ်မသည် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မနှင်းဆွေဇံ

B.A (Psychology)

နှင်းနန္ဒာရတနာ(ဗဟိုရုံ)

ဗိုလ်ချုပ်ဈေး

အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ အမှတ် ၁၂၀၊ ရွှေနှင်းဆီလမ်းသွယ်(၆)နေ (ဦးကျော်ဇံမောင်)၊ ဒေါ်အေးခင် (နှင်းနန္ဒာရတနာ၊ ဗဟိုရုံ၊ ဗိုလ်ချုပ်ဈေး)တို့၏သမီးငယ်၊ ဗိုလ်ကြီးထွန်းဦးစော (စာပေစီမံဌာန၊ မင်္ဂလာဒုံ ဆေးတက္ကသိုလ်)-ဒေါ်နှင်းယုဇံ၊ ဦးသန့်ဇင်အောင်-ဒေါ်ခင်ချိုချိုသန်းတို့၏ ညီမငယ်၊ မချမ်းမြေ့သီဂီ၊ မပန်းနုသီဂီတို့၏အဒေါ်သည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၃-၂၀၁၃ရက်(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာ

ဦးဖေဆန်း (မော်လမြိုင်)

မန်နေဂျာ(ငြိမ်း)၊ စား/ဖျော်

အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၃၃လမ်း၊ အမှတ် ၅၂၊ လေးလွှာနေ (ဦးလှမောင်-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးထွန်းအေး-ဒေါ်မြလေး)တို့၏သားသမက်၊ ဒေါ်ခင်ရီ(ခ)ဒေါ် Rose (အထပြ၊ ငြိမ်း၊ လသာ-၂)၏ခင်ပွန်း၊ သိမ်ဖြူကျောင်းတိုက်၊ ပိဋကတ်တိုက်ကျောင်းဆရာတော် ဦးဝါသဝ၏ ရဟန်းဒကာ၊ ဦးမြတ်ဆန်း (BOSUN, MONSOON SHIP. Co)-ဒေါ်ခင်စန်းဝင်း၊ ဦးစံငြိမ်း(GEWIN SHIP CO.)-ဒေါ်အေးအေးခိုင် (မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ဖခင်၊ မောင်ဝင်းဖြိုး၊ မခိုင်ဆုဝေတို့၏အဘိုးသည် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း (ပဲခူး)(နေရှင်နယ်ကျောင်းသားဟောင်း)

B.A (Hons:) B.L

အထက်မြန်မာပြည် လက်ထောက်အမြဲတမ်းခွန်မင်းကြီး
ရန်ကုန်တိုင်းအခွန်ဦးစီးမှူး
ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ ပြည်တွင်းအခွန်ဦးစီးဌာန
ဥပဒေပညာရှင်အဆင့်(၁)၊ နိုင်ငံတော်ကောင်စီရုံး
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)၊ နိုင်ငံတော်ရှေ့နေချုပ်ရုံး
ဥပဒေပညာရှင်(ညွှန်ကြားရေးမှူး)
ပါတီစုံဒီမိုကရေစီရွေးချယ်တင်မြှောက်ရေးကော်မရှင်

အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရတနာလမ်း၊ အမှတ် ၁၇နေ (တရားလွှတ်တော်ရှေ့နေကြီး ဦးဘထွန်း-ဒေါ်သင်သင်)တို့၏သားကြီး၊ (ဒေါက်တာဦးချိုဘွယ်-ဒေါ်ငွေရင်)တို့၏သားသမက်၊ ဒေါ်ခင်ရီချို၏ခင်ပွန်း၊ ဒေါက်တာညွန့်ရွှေ(စေတနာဆေးကုခန်း၊ တောင်ကြီး)-ဒေါ်ဆွေဆွေမူ၊ ဦးဇင်ဦး(ဥပဒေအကြံပေး)-ဒေါ်စိုးမြတ်မူ(တရားလွှတ်တော်ရှေ့နေ)၊ ဦးဝင်းမော်ဦး C/O St. John Shipping-ဒေါ်စန္ဒာတင်ထွန်း၊ (ဗိုလ်မှူးထူးအောင်ဟန်)-ဒေါ်ထွေးထွေးရီ(ဦးစီးအရာရှိ၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန)တို့၏ဖခင်၊ မပုလဲသန္တာရွှေ၊ မောင်ဖြိုးသူရရွှေ၊ မောင်စိုးသီဟရွှေ(ခေတ္တ-Singapore)၊ မောင်မင်းသက်လတ်(ခေတ္တ-England)၊ ဒေါက်တာသက်ထူးအောင်တို့၏အဘိုး၊ မောင်အောင်အောင်မင်းခန့်၏ဘိုးဘိုးကြီးသည် ၂၂-၃-၂၀၁၃ရက် ညနေ ၃း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း (ပဲခူး)(နေရှင်နယ်ကျောင်းသားဟောင်း)

B.A (Hons:) B.L

အထက်မြန်မာပြည် လက်ထောက်အမြဲတမ်းခွန်မင်းကြီး
ရန်ကုန်တိုင်းအခွန်ဦးစီးမှူး
ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ ပြည်တွင်းအခွန်ဦးစီးဌာန
ဥပဒေပညာရှင်အဆင့်(၁)၊ နိုင်ငံတော်ကောင်စီရုံး
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)၊ နိုင်ငံတော်ရှေ့နေချုပ်ရုံး
ဥပဒေပညာရှင်(ညွှန်ကြားရေးမှူး)
ပါတီစုံဒီမိုကရေစီရွေးချယ်တင်မြှောက်ရေးကော်မရှင်

အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရတနာလမ်း၊ အမှတ် ၁၇နေ (တရားလွှတ်တော်ရှေ့နေကြီး ဦးဘထွန်း-ဒေါ်သင်သင်)တို့၏သားကြီး၊ (ဒေါက်တာဦးချိုဘွယ်-ဒေါ်ငွေရင်)တို့၏သားသမက်၊ ဒေါ်ခင်ရီချို၏ခင်ပွန်း၊ ဦးသန်းထွန်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန)-(ဒေါ်ကြည်ကြည်)၊ ဦးအောင်ထွန်း (Consultant ADB၊ ငြိမ်း)-ဒေါက်တာဒေါ်သန်းနွဲ့(ခေတ္တ-ဩစတြေးလျ)၊ (ဒေါက်တာဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး၊ ဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါ်မြမြသန်း၊ ဦးခင်မောင်ထွန်း (ပြည်နယ်အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်မေရီသန်းတို့၏အစ်ကိုကြီးသည် ၂၂-၃-၂၀၁၃ရက် ညနေ ၃း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကြပ်မတ်ကုသဆောင်၌ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်သန်းရီ (ဆင်မြီးဆွဲ/နတ်တလင်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City (ပဒေသာပင်မြို့တော်)၊ ၄ဝါလမ်း၊ အမှတ်(အိုင်-၂၂)နှင့် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၉နေ ဦးတိုက်အေး၏ဇနီး၊ ဦးမျိုးမြင့်အေး၊ ဒေါ်ငွေးငွေးအေး၊ ဒေါက်တာဝင်းအောင်(ယူနီဆက်ရုံး)-ဒေါ်ပြုံးပြုံးအေး၊ ဦးစောထွန်းအေး-ဒေါ်စန္ဒာမိုး(ယုဇနပလာဇာ)၊ ဦးမင်းဇော်အေး-(ဒေါ်ခင်သန်းဝင်း)တို့၏မိခင်၊ မဝေဝေလွင်၊ (မောင်မျိုးမောင်မောင်)၊ မချမ်းမြေ့သီတာ၊ မောင်ရဲဝင့်အောင်၊ မောင်မြတ်သူတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်စိုး(ခ)ဒေါ်ကျင်ပု

အသက်(၈၃)နှစ်

အမှတ် ၄၄၆၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်မောင်၏ဇနီး၊ ဦးအောင်စိန်၊ ဦးသန်းအေး-(ဒေါ်ခင်လှ)၊ ဦးအောင်ရွှေ-ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါက်တာအောင်ငွေ-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်ခင်ခင်လေး၊ ဦးအောင်ဝင်း-ဒေါ်နိုင်နိုင်ကြည်၊ ဒေါက်တာလှငွေးဝင်း(လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၃-၂၀၁၃ရက် ည ၁၁း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်အေး

ကထိက၊ ရက္ခဗေဒဌာန(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်

အသက်(၆၆)နှစ်

(ဦးစိန်ရင်-ဒေါ်ခင်မကြီး)တို့၏သမီး၊ အမှတ် ၄၇၀၊ ၄လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးခင်မောင်သွင်၏ဇနီး၊ ကိုဇင်ဝေ-မစုသန္တာနွယ်(Myint & Association Co., Ltd.)တို့၏မိခင်၊ အမှတ် ၁၁၃၊ အဓိပတိလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးမျိုးမြင့်-ဒေါ်ချိုချိုယဉ်(ဌာနမှူး၊ စီမံ၊ ပညာရေးကောလိပ်၊ ပြည်၊ ငြိမ်း)၊ အမှတ် ၅၈၃၊ အခန်း ၂၀၁၊ ဘုရားလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးလှမြင့်(ဒု-တိုင်းဥပဒေအရာရှိ၊ ပဲခူးတိုင်းဒေသကြီး၊ ငြိမ်း)-ဒေါ်သန်းသန်းအုန်း(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကြို့ပင်ကောက်)၊ အမှတ် ၆၄၃၊ အခန်း ၆၊ ငါးမိုင်ခွဲ၊ ပြည်လမ်း၊ ဘဏ်ရိပ်သာနေ ဒေါ်စန်းစန်းရင်(ဒုတိယအထွေထွေမန်နေဂျာ၊ MICB)၊ (ဒေါ်မြမြရင်၊ တရားရေးဝန်ထမ်းအဆင့်-၄)တို့၏အစ်မသည် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)နံနက်၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု၊ညီအစ်ကို၊မောင်နှမများ

ဦးအောင်နိုင် အသက်(၅၄)နှစ်

ပြည်မြို့၊ စိန်လက်မဆေးတိုက်နေ (ဦးရာဟိုး-ဒေါ်ရွှေကြည်)တို့၏သား၊ မန္တလေးမြို့နေ (ဦးဖုံး-ဒေါ်ငွေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၄/၃၊ စဥ့်အိုးတန်းလမ်းနေ ဒေါ်ညွန့်မေ၏ခင်ပွန်း၊မောင်အောင်ကောင်းချစ်၏ဖခင်၊ဦးမျိုးနိုင်-ဒေါ်သန်းသန်းဆွေ၊ ဒေါ်ငွေးငွေးမြင့်၊ ဦးမျိုးမြင့်-ဒေါ်စမ်းယဉ်တင့်၊ ဦးရဲနိုင်တို့၏ညီ/အစ်ကိုသည် ၂၂-၃-၂၀၁၃ရက် နံနက်၈း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဖေတင်

ရုံးအုပ်(ငွေစာရင်း၊ ငြိမ်း)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၇၊ အခန်း ၁၁နေ (ဦးဘကျော်-ဒေါ်ရှင်)တို့၏သား၊ (ဒေါ်တင်ဦး)၏ခင်ပွန်း၊ ဦးခင်မောင်ဦး၊ ဦးဝင်းနိုင် (ဒု-အရာခံဗိုလ်၊ တပ်မတော်ရေ)-ဒေါ်ဆွေဆွေသင်း၊ ဦးငွေးလွင်-ဒေါ်လှလှသွေး(ဆိပ်ကမ်း၊ ငြိမ်း)၊ ဦးရဲနိုင်၊ ဒေါ်သင်းသင်းအေး (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဦးဇင်ဦး၊ ဦးညီညီဦး (UNITEAM) - ဒေါ်ယဉ်ယဉ်မိုးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၁၃ရက် (စနေနေ့)နံနက် ၀၀း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောရီ (ထွန်းပဲလှော်)

(သာယာဝတီမြို့နယ်အသင်းကန်တော့ခံ)

အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ရန်ကုန်-ပြည်လမ်း၊ ဆရာစံပန်းခြံရှေ့နေ (ဦးမောင်တင်-ဒေါ်သဲငွေ)တို့၏သမီး၊ သာယာဝတီမြို့နယ်အသင်းနယ်ခံဥက္ကဋ္ဌ ဦးသိန်းအောင်-ဒေါ်တင်တင်အေး၊ (ဦးသံချောင်း)-ဒေါ်စန်းမြင့်၊ ဦးနိုင်-ဒေါ်ရင်ရွှေ၊ ဦးအေးကြွယ်-ဒေါ်ခင်ငွေးကြည်တို့၏မိခင်ကြီး၊ (ဦးထွန်းကြည်)၏ဇနီး၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး၊ ထွန်းပဲလှော်(သာယာဝတီမြို့)၏ပဲလှော်မိခင်ကြီးသည် ၂၃-၃-၂၀၁၃ရက်(စနေနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင်ထောင်ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းနှင့် အသင်းသားများအား သိစေအပ်ပါသည်။ သာယာဝတီမြို့နယ်အသင်း

ဒေါ်ခင်သန်း

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၂၇၂၊ အခန်း ၁နေ(ဦးလှမောင်-ဒေါ်သောင်း)တို့၏သမီး၊(ဦးမောင်မောင်ကြီး၊ မြို့မဓာတ်ပုံတိုက်)၏ဇနီး၊ ဦးခင်မောင်ကြီး - (ဒေါ်သန်းသန်းငွေး)၊ (ဦးမောင်မောင်ကျော်)-ဒေါက်တာခင်မကြီး(ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ စစ်တွေတက္ကသိုလ်)၊ ဦးခင်မောင်လေး-ဒေါ်စန်းစန်းမြင့်၊ ဦးသက်နိုင်-ဒေါ်ခင်မလေး၊ ဦးခင်မောင်သန်း(ခ)ဦးမောင်၊ ဦးမျိုးညွန့်ရွှေ-ဒေါ်ခင်သီတာစောတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်အေး

ကထိက၊ ရက္ခဗေဒဌာန(ငြိမ်း)

ရန်ကုန်တက္ကသိုလ်

အသက်(၆၆)နှစ်

(ဦးစိန်ရင်-ဒေါ်ခင်မကြီး)တို့၏သမီး၊ မိတ္ထီလာမြို့၊ပေါက်ချောင်းရပ်နေ(ဦးသန်းတင်) - ဒေါ်ရင်ရင်တို့၏ သမီးချွေးမ၊ အမှတ် ၄၇၀၊ ၄လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်နေ ဦးခင်မောင်သွင်၏ဇနီး၊ ကိုဇင်ဝေ-မစုသန္တာနွယ် (Myint & Association Co., Ltd.)တို့၏မိခင်သည် ၂၂-၃-၂၀၁၃ရက် နံနက် ၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း (ငြိမ်း)

ကြည်း-၇၆၁၉၊ OTS အပတ်စဉ်(၁၈)၊ သူရဲကောင်းမှတ်တမ်းဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဦးစီးအဖွဲ့ဝင်နှင့်စစ်ကိုင်းတိုင်း
စည်းရုံးရေးကော်မတီဥက္ကဋ္ဌဟောင်း
၁၉၉၀ပြည့်နှစ် တန့်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

အသက်(၈၁)နှစ်

မန္တလေးမြို့နေ (ဦးလာမြ-ဒေါ်အုန်းခင်)တို့၏သား၊ မော်လမြိုင်မြို့နေ(ဦးဟုန်ကြည်-ဒေါ်သိန်းရင်)တို့၏သမက်၊(ဦးကျော်သန်း-ဒေါ်ခင်တုတ်)တို့၏ညီ၊(ဦးမြင့်ဆွေ)-ဒေါ်ခင်အေးပိုင်၊ ဒေါ်ခင်အေးကြိုင်၊ ဦးဝင်းမောင်-ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ ဦးဟန်စိန်-(ဒေါ်အေးသန်း)၊ ဦးသိန်းအောင်-ဒေါ်မေစန်း၊ ဦးဝင်းသိန်း၊ ဦးဝင်းသောင်း-ဒေါ်အေးမြင့်ကြည်၊ ဦးကံညွန့်-ဒေါ်သီတာ၊ ဦးစန်းယု-ဒေါ်ခင်နွယ်နီ၊ ဦးခင်မောင်လွင်-ဒေါ်ခွန်ဒေါင်း၊ဦးဝင်းကို-ဒေါ်စန်းစန်းဝင်း၊ ဒေါ်နွယ်နွယ်ဝင်း၊ ဦးကျော်မိုးလွင်-ဒေါ်ငွေးငွေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာ ၁၅လမ်း၊ ခြံအမှတ် ၂၀နေ ဒေါ်မေနွယ်(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ကိုကျော်သူနိုင်-မတင်တင်အုန်း (အားမာန်အလုပ်ရုံ၊ မန္တလေးစက်မှုဇုန်)၊ ကိုကျော်မျိုးနိုင်-မခင်စန္ဒာထွန်း(ဩရထရေးဒင်းကုမ္ပဏီ)(ဆန်းမြန်မွန်)တို့၏ဖခင်၊ မောင်ဩရထွန်း(အထက-၂၊ ကမာရွတ်)၊မအမရာဦး(P.ISM)တို့၏အဘိုးသည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကြည်ဝင်း (ကျိုးသဲ)

B.Sc (Engg) (1960)

စီမံကိန်းညွှန်ကြားရေးမှူး(ငြိမ်း)
(ရန်ကုန်-မန္တလေး
ခြောက်လမ်းသွားစီမံကိန်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၊ စန္ဒကူးလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးထွန်းကြင်-ဒေါ်ခင်ရွှေ)တို့၏သားကြီး၊ (ဒေါ်ရင်ကြည်)၏ခင်ပွန်း၊ (ဦးရဲထွဋ်)-ဒေါ်စိန်စိန်မြင့်၊ ဦးရဲလှ-ဒေါ်စမ်းစမ်းအေး၊ ဦးတင်ဝင်း-ဒေါ်လှစီ၊ ဦးရဲဝင်းတို့၏အစ်ကိုကြီး၊ ဦးနိုင်ဦး(ဒု-ညွှန်မှူး၊စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်သီတာဦး၊ ဒေါ်ခင်မို့မို့(ဒု-ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော်)တို့၏ဖခင်၊ မောင်ပြည့်ဖြိုးကျော်[Betch (EC) ဒုတိယနှစ်၊ နည်းပညာတက္ကသိုလ်၊ သန်လျင်]၊ မဗွန်ပွင့်ဖြူ [G.T.C (Civil) ဒုတိယနှစ်၊ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ]တို့၏အဘိုးသည် ၂၃-၃-၂၀၁၃ရက်(စနေနေ့)ညနေ ၃း၁၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအောင်ထူး(ခ) အော်ဇီလဂျိုက်(စ်)

(B.A, Hons. I.R)

စိန်ပေါ(လ်)ကျောင်းသားဟောင်း
မန်နေဂျာ(ငြိမ်း)
ကုန်သွယ်/လယ်ယာ

အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ [မစ္စတာအီးအေလဂျိုက်(စ်)-ဒေါ်ညီမ]တို့၏သား၊(ဦးဘီဘီရန်းနား - ဒေါ်စိန်မြ)တို့၏သားသမက်၊ ပဲခူးတိုင်းဒေသကြီး၊သနပ်ပင်မြို့၊ ဘူတာပိုင်း၊ မြမာလာလမ်းနေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ဦးကိုကိုနိုင်-ဒေါ်စုဝေမာ၊ ဒေါ်သူဇာယမင်းထူး၊ ဦးဇော်မင်းလွင်-ဒေါ်သော်တာပပထူး၊ ကိုသန့်ဇင်ထူးတို့၏ဖခင်သည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် မြေနီကုန်း ပြည်လမ်းရှိ ဖာတီမာမယ်တော် ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၃ရက် (စနေနေ့)တွင် သနပ်ပင်မြို့ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)

ဦးမြင့်အောင်

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ နှင်းပန်းလမ်း၊ ပထမထပ်၊ အမှတ် ၁၉နေ (ဒေါ်ဝင်း)၏ခင်ပွန်း၊ ရွှေတိဂုံစေတီတော် ရောင်တော်ဖွင့်အသင်းနာယက၊ ပုသိမ်မြို့နယ်အသင်း (ရန်ကုန်) သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဦးမြင့်အောင်သည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အသင်းဝင်များသိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမ

ဒေါ်အေးအေးဝင်း

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ (ဦးမြဒင် - ဒေါ်ခင်ဝေ)တို့၏သမီး၊ မှော်ဘီမြို့နယ်နေ ဦးလုံစိန်-ဒေါ်သိန်းသိန်းတို့၏ချွေးမ၊ (ဒေါက်တာစိုးသိန်းလွင်)၏ဇနီး၊ ဒေါ်ဝင်းမြမြ၊ (ဒေါ်ဝင်းသီသီ)တို့၏ညီမ၊(ဦးမျိုးအောင်)၏အစ်မ၊ အမှတ် ၁/၃၀၇(ဘောဂလမ်း)၊ ထောက်ကြန့်၊တိုးချဲ့(၁/၁)ရပ်ကွက်နေ ဒေါ်မြတ်မြတ်လွင် [B.Sc, Hons, (Physics), 1996]၊ ဒေါ်မြတ်မြတ်အေး၊ မောင်စိုးဝင်းလှိုင် - မငြိမ်းငြိမ်း၊ မောင်ညီညီတင်တို့၏မိခင်၊ ကိုကျော်ခိုင်သန့်၊ ကျော်သူရ၊ ဟန်မြတ်မောင်တို့၏အဒေါ်၊ ယဉ်သူဇာလွင်၏အဘွားသည် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ရေဝေးသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမောင်လာနာဟာဖိဇ်
နော်ဆော်အုလ္လာ (ခ)

ဦးကျော်နိုင်

BFC အထည်ချုပ်စက်ရုံ

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၃၀လမ်း၊ အမှတ် ၅၁နေ (ဦးနူရ်အာမက်)-ဒေါ်အာယေသါခါတူတို့၏သား၊ ကိုကျော်ဝင်း၊ ကိုမြင့်နိုင်၊ ကိုဇော်ဝင်း (BFC အထည်ဆိုင်)၊ ဥမ္မာဝင်း၊ မူမူဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်ဖာတေမာ၏ခင်ပွန်း၊ သားသမီး ခြောက်ယောက်တို့၏ဖခင်သည် ၂၀-၃-၂၀၁၃ရက်ည ၁၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၁-၃-၂၀၁၃ရက် ဇဟိုရ်နမားဇ်အပြီးတွင် ရေဝေး ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မတ် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးဇီလန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter ၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နယူးဇီလန်နိုင်ငံသို့ ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်ကော်မတီနှင့် ကော်မရှင်များမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ကိုကိုစိုးညွန့်-ရေးသားသည်

နေပြည်တော် မတ် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၃ ခုနှစ် နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက လေ့ကျင့်ရေးစခန်း-၁ နေပြည်တော်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ ကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများနေရာယူပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ပြိုင်ပွဲနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို မောင်းတီး၍ ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ပြိုင်ပွဲ အစဉ်အလာအရ ပြိုင်ပွဲဓားအပ်နှံပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က သရုပ်ပြဖျော်ဖြေကြသည်။

ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ (က)၊ (ခ)၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့မှ ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို မတ် ၂၄ မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရှိရသည်။

မလိုလားအပ်သော ပဋိပက္ခအတားအဆီးမျိုးစုံသည် အသွင်ပေါင်းစုံဖြင့် နိုင်ငံတော် ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ခြင်းမပြုဘဲ အသိ၊ သတိဖြင့် တားဆီးရန်မေတ္တာရပ်

စာမျက်နှာ ၃ တွင် ဖတ်ရှုနိုင်ပါသည်။

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ကမ္ဘောဇနှင့် ရတနာပုံတို့ သရေကျ

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

တောင်ကြီး မတ် ၂၃

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၆) ကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပရာ ကမ္ဘောဇနှင့် ရတနာပုံအသင်းတို့ သရေကျသွားသည်။

(KBZ ကွင်း)

ကမ္ဘောဇ - တစ်ဂိုး (အင်ယောင်)

ရတနာပုံ - တစ်ဂိုး (ဒန်နီရယ်)

အသင်းကြီး နှစ်သင်းဖြစ်သည့် ကမ္ဘောဇနှင့် ရတနာပုံအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာသရေပွဲဖြင့်သာ ပြီးဆုံးခဲ့သည်။ အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်အသင်း၏ ရှုံးပွဲကြုံတွေ့မှုကို နှစ်သင်းစလုံး အခွင့်အရေးမယူနိုင်ခဲ့ပေ။ ကမ္ဘောဇအသင်းတွင် ဝင်းမင်းထွန်း၊ ကျော်ဇင်ထက် (ဂိုး)၊ ကျော်ဇေယျာဝင်း၊ ဟန်ဆန်း၊ နူနက်ဇ်တို့ဖြင့် လူစုံခဲ့ပြီး ရတနာပုံအသင်းတွင်လည်း အောင်ကျော်မိုး၊ သီဟစည်သူ၊ ရန်အောင်ဝင်းတို့ဖြင့် လူစုံခဲ့ပြီး ရှေ့တန်းတွင် ရန်ပိုင်နှင့် ကောင်းစည်သူတို့ ကစားခဲ့သည်။ ပွဲအစ ကိုးမိနစ်တွင် အင်ယောင်က အိမ်ရှင်ကမ္ဘောဇအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ရတနာပုံအတွက် သရေတစ်မှတ်ရယူပေးခဲ့သည့် ကစားသမားမှာ အသစ်ခေါ်ယူထားသည့် ကင်မရွန်း တိုက်စစ်မှူး ဒန်နီရယ်ဖြစ်ပြီး ၇၂ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

ဧရာဝတီယူနိုက်တက် - သုံးဂိုး (နန္ဒလင်းကျော်ချစ်-နှစ်ဂိုး၊ နေလင်းထွန်း)

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး (ဆီဇာ)

(သုဝဏ္ဏကွင်း)

မကွေး - ဂိုးမရှိ

ဟံသာဝတီ - ဂိုးမရှိ

(မုံရွာကွင်း)

ဇေယျာရွှေမြေ - ခြောက်ဂိုး (မာဆာကီ-သုံးဂိုး၊ ဆာဆာ- နှစ်ဂိုး၊ စည်သူဝင်း- တစ်ဂိုး)

ရခိုင်ယူနိုက်တက် - သုံးဂိုး (အောင်စိုးမိုး-နှစ်ဂိုး၊ ကောင်းမြတ်ဦး-တစ်ဂိုး)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ဆောက်သမ် - ဇွဲကပင်

(NPT ကွင်း)

နေပြည်တော် - မနောမြေ

ကမ္ဘောဇနှင့် ရတနာပုံတို့ ယှဉ်ပြိုင်နေစဉ်။

ဆောင်းမြေပဲစိုက် တောင်သူများ မိုးမျှော်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ဆောင်းမြေပဲစိုက် တောင်သူများ မြေပဲအထွက်နှုန်း ကောင်းစေရန်အတွက် မိုးရွာသွန်းရန် မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။ "လစဉ် မိုးကမရွာတော့ မြေပဲက အရင်နှစ်ကလို မထွက်လောက်ဘူးထင်တယ်။ အဲ့ဒါကြောင့် ပဲအထွက်ကောင်းအောင် ရေတင်ထားရတယ်။ ရေတင်ထားရတော့ အပိုပိုက်ဆံကုန်တာပေါ့။ မိုးလေးနည်းနည်းလောက် ရွာရင် ရေတင်စရာမလိုဘဲ သီးနှံကောင်းတာပေါ့ဗျာ"ဟု နှစ်စဉ်ဆောင်းမြေပဲစိုက်ပျိုးသော တောင်သူတစ်ဦးက စာရေးသူအားပြောပြခဲ့သည်။ အင်းတော်မြို့နယ်အနေဖြင့် နှစ်စဉ်ဆောင်းမြေပဲစိုက်ဧကပေါင်း တစ်မြို့နယ်လုံးအနေဖြင့် ဧကပေါင်း၂၀၉၀၀ကျော်ရှိကြောင်း သိရှိရသည်။

"မနှစ်က ဆောင်းမြေပဲဈေးက အခွံနဲ့တစ်တင်းကို ၈၅၀၀ လောက်ရတယ်။ အဆန်က တစ်ပိဿာကို ၂၀၀၀ ဈေးနဲ့ မန္တလေးကို အရောက်ပို့ရတယ်။ မန္တလေးပွဲရုံတွေကို ပို့ရတာလေ။ မြေပဲက တစ်ဧကကို အထွက်ကောင်းရင် ကောင်းသလိုတင်း ၅၀ လောက်ထွက်တယ်။ ရေဝတီမြစ်ရိုးတစ်လျှောက်က မြေနုကျွန်းတွေနဲ့တော့ ယှဉ်လို့မရဘူး။ သူတို့က နုန်းတင်မြေနုတွေဆိုတော့ အထွက်ကောင်းတယ်။ စိုက်စရိတ်က မျိုးမြေပဲဆန်က တစ်တင်း ၄၀၀၀၀ လောက်နဲ့ ဝယ်ရတယ်။ တစ်ဧကကို မျိုးက နှစ်တင်းခွဲစိုက်တာဆိုတော့ မျိုးစရိတ်က တစ်သိန်းလောက်ကျတယ်။ ပေါင်းထိုးခက တစ်ဧကကို နှစ်သောင်းခွဲ၊ ပဲကောက် ပဲဆွတ်ခက အတောင့်တစ်တင်းကို တစ်ထောင့်ငါးရာ၊ ငါးဆယ်ထွက်တယ်ဆိုရင် ခုနစ်သောင်းခွဲ အားလုံးပေါင်းလိုက်ရင် စိုက်စရိတ်က နှစ်သိန်းလောက်ကုန်တယ်။ ဒါတောင် ထွန်ယက်စရိတ် မပါသေးဘူး။ အားလုံးပေါင်း လုပ်အားခရောတွက်လိုက်မယ်ဆိုရင် အားလုံးတစ်ဧကကို နှစ်သိန်း နှစ်သောင်းလောက်တော့ကုန်မယ်။ အခုလို မိုးမရွာလို့ ရေသွင်းမယ်ဆိုရင် စိုက်စရိတ်က စက်ငှားခနဲ့ ဆီဖိုးနဲ့ဆိုရင် အားလုံးတစ်ဧကကို နှစ်သိန်းခွဲလောက်တော့ကုန်မယ်။ ရလာရင် တစ်ဧကကို အထွက်ကောင်းမှ လေးသိန်းကျော်လောက်ပဲရတာ။ မိုးကောင်းတဲ့ နှစ်တွေဆိုရင် ပေါင်းမြက်တွေထ၊ အပင်တွေ ဆွေးပြီးဥတွေက ပြတ်ပြီး မြေကြီးထဲ ကျန်တဲ့ ဟာကျန်၊ အညှောင့်ပေါက်တဲ့ဟာ က ပေါက်နဲ့ သိမ်မဟုတ်ချင်ဘူး။ မိုးကောင်းလွန်းရင်လည်း ပဲကောက်သမ (မြေပဲနုတ်သူ) တွေကို ဈေးပိုပေးရတယ်။ မိုးထဲရေထဲ ရွှံ့တွေထဲမှာ လုပ်ရလို့။ မိုးခေါင်ပြန်တော့ အထွက်နှုန်းက ကျတယ်။ ရာသီဥတုမှန်မှ ဆောင်းမြေပဲ စိုက်ရတာအဆင်ပြေတာ။ တောင်သူတွေသာ အဆင်မပြေတာပဲကုန်သည်တွေကတော့ အခြေအနေကြည့်ပြီး လုပ်တာဆိုတော့ သူတို့က ပိုလို့အဆင်ပြေတယ်။ တောင်သူတွေအနေနဲ့ ကိုယ်တိုင်ရောင်းမယ်ဆိုရင်တော့ ပိုအဆင်ပြေတာပေါ့" ဟု နှစ်စဉ် ပဲစိုက်ပျိုး လုပ်ကိုင်ရောင်းချလျက်ရှိသော တောင်သူတစ်ဦးက စာရေးသူအား ပြောပြခဲ့သည်။ **(ကျော်သီဟ)**

ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ

လက်ပံပွင့်၊ ပေါက်ပွင့်ခြောက် ကောက်သူများ အပိုဝင်ငွေရ

ရေစကြို မတ် ၂၃

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် လက်ပံပင်များ၊ ပေါက်ပင်များ ပေါများစွာပေါက်ရောက်လျက်ရှိရာ လက်ပံပွင့်များ၊ ပေါက်ပွင့်များကို ကောက်ယူ၍ အခြောက်လှန်းကာ ရောင်းချနေကြသည်ကို တွေ့ရသည်။ အဆိုပါ လက်ပံပွင့်များကို ရေစကြို ပတ်ဝန်းကျင် ကျေးရွာများတွင် ကောက်ယူရရှိ၍ ပေါက်ပွင့်များကို ရေစကြိုမြို့နှင့် နှစ်မိုင်၊ သုံးမိုင်ခန့်ဝေးသော ကြက်ခတ်၊ ဝါယာ ကျေးရွာများသို့ သွားရောက်ကောက်ယူရ၍ တစ်နေ့လျှင် ပြည် ၂၀ ခန့် ရရှိသည်ဟု လက်ပံပွင့်ခြောက်၊ ပေါက်ပွင့်ခြောက် ကောက်ရောင်းသူ ဒေါ်ညိုက ပြောပြသည်။

အပိုဝင်ငွေရရှိ

ပေါက်ပွင့်ခြောက်များကို ရေနွေးနှင့်ဖြော၍ သုပ်စားရ၍ လက်ပံပွင့်ခြောက်များကို အသား၊ ငါးများနှင့် နှပ်ရာတွင်လည်းကောင်း၊ ချဉ်ပေါင်ဟင်းများချက်ရာတွင် လည်းကောင်း ထည့်၍ ချက်ပြုတ်စားရသည်ဟုသိရသည်။ ပေါက်ပွင့်တစ်ပြည်လျှင် ငွေကျပ် ၃၀၀ ဖြင့် ရောင်းချ၍ လက်ပံပွင့်တစ်ပြည်လျှင် ငွေကျပ် ၂၀၀ ဖြင့် ရောင်းချရသည်ဟု သိရသည်။ ထိုလက်ပံပွင့်ခြောက်၊ ပေါက်ပွင့်ခြောက်များကို ရေစကြိုမြို့ပေါ်ဈေးများတွင်သာမကဘဲ တပေါင်းလတွင် ရေစကြိုမြို့နယ် နန်းဦးကျေးရွာ၌ ကျင်းပမြဲဖြစ်သော ရွှေကူနီပွဲ (ခေါ်) ကိုကြီးကျော်နတ်ပွဲသို့လည်း သွားရောက်ရောင်းချ၍ အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

အိမ္မွန်ဆွေ(ရေစကြို)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မီးလောင်ကျွမ်းခဲ့သော ကသာမြို့ မြို့မဈေး အသစ်ဆောက်လုပ်ရန် မြေသန့်ပရိတ်တရားနာ

ကသာ မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မီးလောင်ခဲ့ရသော မြို့မဈေးကွင်းပြင်ကြီးကို အသစ်တစ်ဖန် ဆောက်လုပ်ရန် ညှိနှိုင်းတိုင်းတာပြီး မတ် ၂၀ ရက် နံနက် ၇ နာရီမှစ၍ မြေငါးနေရာကို ပင့်သံဃာ ၁၉ ပါးဖြင့် မြေသန့်မင်္ဂလာ ပရိတ်တရားနာ ကျင်းပလျက်ရှိကြောင်း သိရသည်။ အဆိုပါ မြေသန့်မင်္ဂလာ ပရိတ်တရားနာအခမ်းအနားကို ကသာမြို့ရှိ သံဃနာယကဆရာတော်၊ သံဃာတော်များနှင့်စည်ပင်သာယာအဖွဲ့များ၊ ကသာခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ဈေးသူဈေးသားများတက်ရောက်၍ ပရိတ်တရားတော်နာယူကြလျက် မတ် ၂၅ ရက် နံနက် ၇ နာရီမှစ၍ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဈေးသူ ဈေးသားများသိရှိစေရန် အဆောက်အအုံ ဒီဇိုင်း၊ မြေပုံဗီနိုင်းကို ချိတ်ဆွဲပြသထားလျက်ရှိရာ ဒေသခံများ စိတ်ဝင်တစားကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

ဈေးကြီးပုံစံအတိုင်း အမှန်တကယ် ဆောက်လုပ်မည်ဆိုလျှင် ဈေးကြီးကို တိုးတက်ဖွံ့ဖြိုးအောင် အနည်းဆုံး နှစ်ထပ်ဈေးအဖြစ် တိုးမြှင့်ဆောက်လုပ်လိုက်မည်ဆိုလျှင် ဈေးတစ်ခုသာမကဘဲ အခြားဘက်တွင်ပါ တိုးတက်စည်ကားလာသော မြို့ကြီးတစ်ခုဖြစ်သွားနိုင်သည်ဟု ဒေသခံတစ်ဦးက သုံးသပ်အကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွား

ကျောက်ပန်းတောင်း မတ် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နှင့် ၁၂ မိုင်ခန့်ကွာဝေးသည့် ပွေးကျစ်ကျေးရွာအုပ်စု ပွေးကျစ်မြောက်ရွာတွင် မတ် ၂၀ ရက် ည ၈ နာရီ ၂၅ မိနစ်ခန့်က နေအိမ်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ပွေးကျစ်မြောက်ရွာ နေဦးဖြိုး(ခ)ပြည့်ဖြိုးအောင် (၃၂နှစ်)၏ နေအိမ် (၅×၃)ပင်ပတ်လည် နံကပ်သွပ်မိုး မြေစိုက်အဆောက်အအုံအတွင်းရှိ ဘုရားစင်တွင် ဘုရားမီး ပူဇော်ထားသည့် ဖယောင်းတိုင်မီးမှ ဘုရားစင်အား မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ပြီး လူနေအိမ်အပြင် နွားတင်းကုပ်တစ်လုံးနှင့် ဒေါ်တင်နု (၆၁ နှစ်)၏ မြေစိုက် အဆောက်အအုံတစ်လုံးကိုပါ ကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ်နှစ်လုံးနှင့် နွားတင်းကုပ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကို ကျေးရွာပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈နာရီ ၃၅မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး ၈နာရီ မိနစ်၄၀တွင် မီး လုံးဝငြိမ်းသွားခဲ့ကြောင်း သိရပြီး မီးပေါ့ဆစွာသုံးစွဲသူ ဦးဖြိုး(ခ)ပြည့်ဖြိုးအောင်ကို ပွေးကျစ်ရဲစခန်းမှ စခန်းမှူးရဲအုပ်ဘိုဘိုက တရားလိုပြုလုပ်၍ အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။ **(၄၁၈)**

စင်ကာပူနိုင်ငံ နည်းပညာသိပ္ပံ ITE မှ အောင်လက်မှတ်ပေးအပ်ပြီး
စင်ကာပူအစိုးရမှ Low Levy အသိအမှတ်ပြုသည့်
General Fitter သင်တန်း
သင်တန်းပြီးလျှင် စင်ကာပူနိုင်ငံရှိ Process Industry တွင် အလုပ်ရမည်။

သင်တန်းကာလ	- (၂-လခွဲ)	လစာ	- S$ 400+OT+100
ပညာအရည်အချင်း	- (၈)တန်း နှင့် အထက်	ရာထူး	- General Fitter
အသက်	- (၁၈ မှ ၃၂) နှစ်	နေစရာ နှင့် အလုပ် (သွား/ပြန်)	- အခမဲ့

ISO 9001 : 2008 လက်မှတ်ရ
သုခစုံ
Quality Summit
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ
စင်ကာပူနိုင်ငံ ITE လက်မှတ်ရ စက်မှုလက်မှု သင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၆၃ ၊ ၃၇၇ ၃၆၆ ၊ ၃၈ ၅၇ ၅၈ ၊ ၃၈ ၆၈ ၇၇ ၊ ၃၉ ၂၂ ၃၃

ဦးခင်မင်းလတ် [B.E(Electronic),Project Engineer,Singapore]
ဒေါ်သက်သက်နိုင် [D.H.E(UK),P.G.D.B.A(Singapore),P.G.D.G.E(Yangon University),B.Sc(Chem)]
တို့ဦးစီးတည်ထောင်သော
FUTURE BRIGHT STAR
Education Center
၅-၆-၇-၈-၉-၁၀ (တက္ကသိုလ်ဝင်တန်း)
အဆင့်မြင့်သီးသန့် စာသင်/စာကျက်ဝိုင်းနှင့်ဒေါ်ခါ
ကိုယ်ပိုင်စာသင်ကျောင်း
မြန်မာစာ Dr. မင်းထက် B.A(Hons),M.A,Ph.D(Myanmar)
အင်္ဂလိပ်စာ B.A(English); Dip.English Language Teaching
သင်္ချာ [B.Sc (Hons:) M.Sc (Maths:)F,]
ရူပဗေဒ ဦးအောင်စိုးဝင်း,(B.E,Electronic)
ဇီဝဗေဒ Dr. (M.B.B.S)(The Best Biology)
ဓာတုဗေဒ [B.Sc (Chemistry),D.C.G.H]
ဘောဂဗေဒ B.Ed
အမှတ် ၂၄၇/၂၄၉ (၅-လွှာ) (A)၊United Condo၊ ဗိုလ်မြတ်ထွန်းလမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဒေါ်သက်သက်နိုင်- ၀၉ ၅၀၁ ၂၅၁၈၊ ၀၉ ၄၅၀၀၃၆၆၁၉

မူးလျှင်ရှူ မောလျှင်သောက်
ရွှေမှုန်းဂေါ်
အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR

“လျှင်မြန်စွာပျောက်ကင်းသက်သာချင်သူများအတွက်”
ကပ်းငတ်ဆီနှင့် လင်းစီးဆီ တို့ဖြင့်
အချိုးကျ ဖော်စပ်ထားသော
ရွှေသပင်ကပ်းငတ်ဒက်ကြေလိမ်းဆေးရှိပါတယ်။
ရွှေသပင်
ဖုနာ၊ သိုးနာ၊ အသစ်အမြစ်နာ၊ အကြောတက်ဝေဒနာနှင့်ကျိုးပေါင်းရောဂါများကို ပျောက်ကင်းစေပါသည်။
အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၆၆၀၅၉၃၊ ၆၆၁၁၁၉၊ ၆၆၇၆၀၅

FAME
Aloeheal®
Herbal cracked heels cream
ခြေဖနောင့်ကွဲအက်ပျောက်ဆေး
0313 YR 008394
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Wheatgrass
For rejuvenation
ဂျုံမြက်နုဆေး
TMR 009442 (1014)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သီပေါမြို့ ဘော်ကြိုဘုရား ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ

သီပေါ မတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် သမိုင်းဝင် ဘော်ကြို(မုဒ္ဒော)စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ဘော်ကြိုဘုရားအရှေ့ဘက်မုခ်၌ ကျင်းပရာ သီပေါမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူပြီး ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ရှမ်း၊ ပလောင်၊ ဗမာတိုင်းရင်းသားများနှင့် သီပေါရောက် နိုင်ငံခြားသားဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့နာယက ဦးကျော်သိန်း၊ ဦးစိုင်းလွန်းသာနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခင်တို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဘော်ကြို(မုဒ္ဒော)စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ပူဇော်ကန်တော့ပြီး ဆရာတော်များက မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

အဆိုပါ ဘော်ကြိုဘုရားပွဲတော်ကို မတ် ၂ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သီပေါကိုလတ်)

၁၀၅ မိုင် ယာဉ်ရပ်နားစခန်းအတွင်း ဒေသခံဆိုင်ငယ်လေးများတိုးပွားလာ

ရန်ကုန် မတ် ၂၃

နေပြည်တော်-ရန်ကုန် အမြန်လမ်းမအဝေးပြေးယာဉ်ရပ်နားစခန်းဖြစ်သည့် ၁၀၅မိုင် ယာဉ်ရပ်နားစခန်း၌ယခင်က ဆိုင်ကြီးများလောက်သာ ရှိခဲ့သော်လည်း ယခုအခါ ဆိုင်ငယ်လေးများတိုးပွားလာသည်ကို တွေ့ရသည်။ “အရင်တုန်းကတော့ ဒီယာဉ်ရပ်နားစခန်းထဲမှာ ရောင်းချခွင့် မပေးပါဘူး။ အခု ဆိုင်ငယ်ပေါင်း ၁၀၀ ကျော်လောက်တော့ရှိမယ် ထင်တယ်။ အစတုန်းက ဆိုင် ၅၀ လောက်ပဲရှိတာ၊ အခုဆိုင်တွေ တိုးလာတာပါ။ အခုလို ဆိုင်လေးတွေ ရောင်းချခွင့်ပေးတဲ့အတွက် ကျွန်မတို့ဒေသခံတွေအတွက် အဆင်ပြေပါတယ်။ ဘာပဲဖြစ်ဖြစ်အလုပ်မရှိတာနဲ့စာရင် တော်သေးတာပေါ့”ဟု ဈေးသည် မဝင်းဝင်းမာက ပြောကြားသည်။

“ကျွန်မတို့ကို အစတုန်းက စည်ပင်က ဒီလိုရောင်းတဲ့အတွက် တစ်နေ့ကို ဆိုင်တစ်ဆိုင်အတွက် ငွေကျပ် ၁၀၀၀ ကောက်ပါတယ်။ အခုတော့ ဆိုင်လေးတွေများလာလို့လားမသိဘူး၊ စည်ပင်က တစ်နေ့လျှင် တစ်ဆိုင် ငွေကျပ်၃၀၀သာလာကောက်ပါတယ်။

သူတို့က ပြောတော့ အမှိုက်ခွန်အတွက်ကောက်တာလို့ပြောပါတယ်”ဟု မဝင်းဝင်းမာက ဆက်လက်ရှင်းပြသည်။ခရီးသည် ဘတ်စ်ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များ၊ ဌာနဆိုင်ရာ ယာဉ်များ ဝင်ထွက်သွားလာရာ ရန်ကုန်-နေပြည်တော် အဝေးပြေးယာဉ်ရပ်နားစခန်း ၁၀၅ မိုင်အတွင်း ယခုကဲ့သို့ ဈေးဆိုင်ငယ်များ တိုးပွားလာခြင်းသည် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာသည်ဆိုသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ပါသော်လည်း နေ့စဉ် ငွေကျပ် ၃၀၀အထိ အခွန်ကောက်ယူနေသည့် အတွက် စည်းကမ်းစနစ်ကျနသော ဈေးဆိုင်ခန်းငယ်လေးများ စီစဉ်ပေးလျှင် ပို၍ကောင်းမည် ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံအတွင်း ပြည်ပခရီးသွားများ လာရောက် လည်ပတ်မှု တဖြည်းဖြည်း တိုးပွားလာလျက်ရှိပါသည်။ ယင်းအတွက် ဒေသခံများလည်း အခွင့်အလမ်းများ ဖြစ်စေသကဲ့သို့ စည်းကမ်းတကျ၊ စနစ်တကျလည်း စီစဉ်ပေးသွားလျှင် ပို၍ကောင်းမွန်နိုင်ပါသည်။

(မြန်မာ့အလင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေး သီပေါ၌ ကျင်းပ

သီပေါ မတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အသင်းသားများအား ချေးငွေများပေးအပ်ခြင်း အခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက ဈေးချိုတော်ဈေး သမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးချိုတော်ဈေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးအေးကျော်က အသင်း၏တိုးတက်မှု အခြေအနေနှင့် ငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး မြို့နယ်လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်ကတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့သည်။

ထို့နောက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းအသင်းသား ၁၀ ဦးအတွက် ချေးငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ဈေးချိုတော်ဈေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးကျော်နှင့်တာဝန်ရှိသူများက တစ်ဦးချင်းချေးငွေများပေးအပ်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဈေးချိုတော်ဈေး သမဝါယမအသင်းသည် ခေါင်းရွက်ဗျပ်ထိုး၊ ပျံကျဈေးသည်များအပြင် တည်ခင်းဆိုင်ဖွင့်ဈေးသည် ၅၂၉ ဦးနှင့် ဖွဲ့စည်းထားပြီး သာမန်ချေးငွေ၊ အထူးချေးငွေနှင့် အရေးပေါ် ချေးငွေများအတွက် အတိုးနှုန်း ချိုသာစွာဖြင့် ငွေကျပ် သိန်းပေါင်း ၁၅၀၀ ကျော်နှင့် လည်ပတ်လျက်ရှိသဖြင့် အခြေခံ လူတန်းစားများအတွက် အားကိုးအားထားရာ အသင်းဖြစ်သကဲ့သို့ သမဝါယမ ဝန်ကြီးဌာနကလည်း စံပြအသင်းအဖြစ် စံနမူနာယူရေး ဂုဏ်ပြုသတ်မှတ်ခြင်းခံရသည့်အသင်းဖြစ်ကြောင်း သိရှိရသည်။

(၀၇၂)

တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု၊ ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု နေရောင်ခြည်စွမ်းအင်ဖြင့် အိမ်သုံးမီးလင်းရေးဖွင့်

ပန်းတောင်း မတ် ၂၃

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု နေရောင်ခြည်စွမ်းအင်ဖြင့် အိမ်သုံးမီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီက ကျွန်းမီးကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြီး ကျေးရွာ ရပ်မိရပ်ဖ ဦးကျော်မြင့်က ကျေးဇူးတင်စကားပြောကြားကာ နေရောင်ခြည်စွမ်းအင်ဖြင့် အိမ်သုံး မီးလင်းရေးဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး အမှုဆောင်အရာရှိ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလင်းရေးတွင် နေရောင်ခြည်စွမ်းအင်ဖြင့် အိမ်ခြေပေါင်း ၁၁၇ အိမ်နှင့် ဘုန်းတော်ကြီးကျောင်းသုံးကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

နေဒူး

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ အမှတ် ၁၃၊ ငါးလွှာ(က)၊ ခေါင်းရင်းခန်းအား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားပြသ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်သန်း(လမ်းမတော်)B.Sc,HGP-RL

တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၅၉)

အမှတ် ၁၁၄၊ ဆင်မင်းလမ်း(ခုနစ်လွှာ)၊ ဌာနာရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၉၃၃၁၂

ပြင်ဦးလွင်မြို့-ရပ်ကွက်ကြီး(၁၂)မှ

မြေကွက်ရောင်းမည်။

မြေအကျယ် (70 x 70)ပေ - 350 သိန်း

Ph(ဖုန်းဆက်သွယ်ရန်): 09 40 255 14 52 / 09 40 255 14 85

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဒါလီခိုင် ဦးစိုးလှိုင်ဇော်

စဉ်-၃၅၁၁ LL.B, D.B.L စဉ်-၃၈၄၆ LL.B, D.B.L, D.M.L

(အထက်တန်းရှေ့နေများ)

အများသိစေရန် ကြေညာခြင်း

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဒါလီခိုင် စဉ်-၃၅၁၁ LL.B, D.B.L (အထက်တန်းရှေ့နေ)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (ယခင် ထန်းတပင်မြို့နယ်)၊ ရေဥက္ကံကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၇၆-ခ၊ (သောင်ကြီးလေးကျေးရွာ) ဦးပိုင်အမှတ် ၄၀/၁၊ ၄၀/၂ နှင့် ၄၀/၃နှင့်ပတ်သက်၍

အသိပေးကြေညာချက်

အထက်ဖော်ပြပါမြေများနှင့်ပတ်သက်၍ မြေလုပ်ကိုင်ခဲ့သူများဖြစ်ကြသော ဦးပေါကြွယ်၊ ဦးထွန်းတင်၊ ဦးကြည်လင်းတို့အား ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ကရုဏာကြေးများပေးအပ်မည်ဖြစ်ပါ၍ အထက်ပါမြေများနှင့်ပတ်သက်၍ ခံစားခွင့်ရှိသူများရှိပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း အောက်ပါလိပ်စာအတိုင်းဆက်သွယ်၍ ခိုင်လုံသောတရားဝင်စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် တင်ပြလျှောက်ထားနိုင်ကြပါကြောင်း ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဝင်းရွှေ M.Dev.S, B.Econ. (P&D), R.L, D.M.A, D.B.L, D.M.L, D.I.L, H.G.P(စဉ်-၄၇၂၀)

ဦးတင်နိုင်(မြိတ်) B.A, H.G.P, R.L, D.B.L, D.M.L, D.I.L, D.I.R (စဉ်-၄၅၅၄)

တရားလွှတ်တော်ရှေ့နေများ

ဒေါ်သီတာရွှေ LL.B(Ygn) အထက်တန်းရှေ့နေ(စဉ်-၂၂၄၆၅)

ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ရှေ့နေများ

အမှတ် ၃၅၄၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၁၈၄၈၈၊ ၀၉-၅၁၄၁၃၈၇၊ ၀၁-၂၂၃၅၉၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၃၇၇၊ သရဖီလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အိမ်၊ မြေ၊ ခြံ ပေ (၄၀×၆၀)၊ တယ်လီဖုန်းနှင့်တကွ လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဖြူလှိုင် ၁၂/ပဘတ(နိုင်)၀၀၇၈၁၉ထံမှ ဦးတင်အောင် ၁၂/ဥကတ(နိုင်)၀၃၇၈၁၇က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်အောင်

အမှတ် ၁၃၃၊ ပါရမီလမ်း၊ ၄/ကေတုမာလာရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၁-၅၇၈၁၉၀

ဂရိတ်ဝေါ

ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊ သွေးသားမမှန်ခြင်း ဝေဒနာများအတွက်

မီးယပ်အကိုက်အခဲပျောက် **မြဲကောရီ** အသားလုနပျိုဆေး

နှစ်ပေါင်းများစွာကတည်းကပင် နစ်မြုပ်စွာ သုံးစွဲလျက်ရှိသော ဆေးဖြစ်ပါသည်။ လစဉ်လတိုင်းမှာ ဓမ္မတာလာစဉ် ဗိုက်ကိုက်၊ ခါးကိုက်၊ ဗိုက်အောင့်၊ မအီမသာစသည့် နာကျင်ကိုက်ခဲခြင်းဝေဒနာများကို ယခုနေ့ ယခုသောက် ချက်ချင်းနှင့် သက်သာပျောက်ကင်းစေပါသည်။ ဆေးတောင့် (၃) တောင့် မှ (၅) တောင့်ထိသောက်ပါ။

ကြော်ငြာ

မေတ္တာရှင် (ရွှေပြည်သာ)ဆရာတော်မှ ကြီးမှူးကျင်းပသော နှလုံးသားဝယ် ဘုရားတည်ခြင်းစာမေးပွဲ ဖြေဆိုမည့်သူများအား

အသိပေး နှိုးဆော်ခြင်း

စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာနများနှင့် သွားလာရေးလမ်းညွှန်များ

စာမေးပွဲဖြေဆိုရမည့် နေ့ရက်နှင့် အချိန်

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ (သောကြာနေ့)။
၂၀၁၃ ခုနှစ် ဧပြီလ ၁၂ ရက်၊ နံနက် ၁၀ နာရီတွင် စာမေးပွဲ စတင်ဖြေဆိုရမည် ဖြစ်ပါသည်။

ရွှေပြည်သာမြို့နယ် အမှတ်(၁)အထက်တန်းကျောင်း စာစစ်ဌာနတွင် ဖြေဆိုရမည့်မြို့နယ်များ

ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ အလုံမြို့နယ်၊ လှိုင်သာယာမြို့နယ်များနှင့် သမိုင်းလမ်းဆုံဝန်းကျင် မှ စာရင်း ပေးသွင်းထားသူများ ဖြစ်ပါသည်။

အထက-(၁)စာစစ်ဌာန ရွှေပြည်သာသို့ သွားလာရေး လမ်းညွှန်များ

၁၇၇-ပါရမီကား ၁၉၉-မဟာသ ကား ရွှေအောင်ဝကား ၅၇ ယိုးဒယားကား ၉၉ ဦးနာကား ယာဉ်ယဉ်ကိုးလတ်ကားများစီး၍ ကားကြီးဝိတ်မှတ်တိုင်တွင် ဆင်းရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအတွင်းကျန်ရှိနေသော မြို့နယ်များသည် မှော်ဘီမြို့ အမှတ်(၂) အထက်တန်းကျောင်း စာစစ်ဌာနတွင် ဖြေဆိုကြရမည်ဖြစ်သည်။

နယ်အသီးသီးမှ လာရောက်ဖြေဆိုသူများသည် မှော်ဘီမြို့ ဓမ္မဓိကုန်းကျေးရွာ သုဒ္ဓိပဿနာရိပ်သာ စာစစ်ဌာနတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

သုဒ္ဓိပဿနာရိပ်သာစာစစ်ဌာန မှော်ဘီသို့ သွားလာရေးလမ်းညွှန်များ

မှော်ဘီ ↔ ရန်ကုန်ကား၊ ထိုက်ကြီး ↔ ရန်ကုန်ကားနှင့်ပြည် ↔ ရန်ကုန်သို့ပြေးဆွဲနေသော ကားများစီး၍ စမ်းချောင်းပေါက် မှတ်တိုင် မှော်ဘီ အမှတ်(၂) အထက်တန်းကျောင်းရှေ့တွင် ဆင်းရပါမည်။

ယခုစာမေးပွဲသည် ရန်ကုန်တိုင်းအတွင်း ၄၅ မြို့နယ်အတွက်သာ ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။ နယ်မှ စာမေးပွဲဖြေဆိုရန် အခက်အခဲ ရှိသူများအတွက် အမြို့မြို့အနယ်နယ်တွင် စာမေးပွဲ ကျင်းပပေးမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဆက်လက်ကျင်းပမည့် မြို့များမှာ

တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ မကွေး၊ ရေနံချောင်း၊ အမရပူရ၊ မော်လမြိုင်၊ ကျွန်း၊ တောင်ကြီး၊ ရပ်စောက်၊ ဝန်းမော်မြို့နယ်များ ဖြစ်ပါသည်။

မရှင်းလင်းသည်များကို စုံစမ်းမေးမြန်းရန် {စာမေးပွဲ ဖြစ်မြောက်ရေးအဖွဲ့}

၆/၁၀ရပ်ကွက်၊ ချင်းတွင်းလမ်း၊ မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၅၀၀၆၆၆၃၊ ၀၉-၇၃၁၂၇၇၅၀၊ ၀၁-၆၀၀၆၂၂၊ ၀၁- ၆၀၀၄၅၇။

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

Bamar Snack Volume 1 & 2 နှစ်အုပ်တွဲအတွက် (၁၁)ကြိမ်မြောက် ဆရာဝန်တင်ရွှေဆုကို ထိုက်တန်စွာရရှိခဲ့သည့် ဒေါ်ဥမ္မာသျှားအား ဂုဏ်ပြုမှတ်တမ်းတင်ကာ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုစာပေများကို ဆက်လက်ရေးသားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(၁) ဦးအောင်ဝင်း၊ ဒေါ်စန္ဒာမြင့်
Seven Golden Lions Ent; Ltd.

(၂) ဒေါ်ခင်စန်းကြည်
Sun Rays Trading & Industrial Co., Ltd.

(၃) ဦးဇော်မင်းအောင်
Vegetable Daily Growth
International Trading Co., Ltd.

(၄) ပါမောက္ခဒေါ်တီတီချို

(၅) ဦးဝင်းမောင် (MD)
ငွေလသာကုမ္ပဏီ

(၆) ဦးသန်းမောင် (MD)
ရွှေလသာရောင်းဝယ်ရေး

(၇) ဦးစိုးမြင့်(ခနုဖြူ)၊ ဒေါ်ခင်ဝင်းမြင့်
တရားလွှတ်တော်ရှေ့နေ

(၈) ဒေါ်မြင့်မြင့်စန်း
တရားလွှတ်တော်ရှေ့နေ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၄၁

ဦးအုံ့ကြွယ်	နှင့်	၁။ ဒေါ်သန်းသန်းဝင်း အမှတ် ၇၊ တတိယထပ်၊ ခြေရင်းခန်း၊ စံရိပ်ငြိမ် ၁ လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။	၂။ ဒေါ်နေခြည်နုထွေး ၃။ ဦးမြတ်သွေးကြည် အမှတ် ၃၇၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		တရားပြိုင်များ	

၂-တရားပြိုင် ဒေါ်နေခြည်နုထွေးနှင့် ၃-တရားပြိုင် ဦးမြတ်သွေးကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအုံ့ကြွယ်က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၄၇၅/၂၀၁၁ အမှုတွင် ချမှတ်ခဲ့သည့် ၁၃-၃-၂၀၁၂ ရက်စွဲပါ မမှန်မကန် ရယူထားသည့် တစ်ဖက်သတ် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိ၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှဲလှဲအေး
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်) **နာယက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ပင်း** အား အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ Indian Institute of Oriental Heritage, Astrological Research Development မှ Hony. Doctor of Astrology (Ph.D) (ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့) ချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကီအကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြောက်ဦးမြို့နယ်အသင်း (ရန်ကုန်)

သခင်မြသန်း

စိုးပိုင်

(ဒုတိယအကြိမ်)

မင်းသားကြီးဦးထွန်းဝေနှင့် ဒေါ်ခင်ယုမေတို့ပါဝင်ခဲ့သော ရုပ်ရှင်ဇာတ်ကားကြီး ဒေါ်ခင်ယုမေ၏ ထမီတိုဖက်ရှင်သည် ဤဇာတ်ကားမှ ဖြစ်ပါသည်။

ပြုးစာပေ ဖုန်း- ၀၉-၄၂၁၀၀၀၂၇၁၊ ၀၉-၇၃၁၅၄၉၈၅

စည်သူမြသန်း

ကျွန်တော် ဒဂုန်တာရာ ကိုတွေ့ချင်တယ် နှင့်

အခြားဆောင်းပါးစာစုများ
(လူထုစိန်ဝင်းအမှာစာဖြင့်)

ပြုးစာပေ ဖုန်း- ၀၉-၄၂၁၀၀၀၂၇၁၊ ၀၉-၇၃၁၅၄၉၈၅

ကျိုက္ကလော့သင်္ကြန်တရားစခန်းပွဲ

ဆရာတော် ဒေါက်တာဘန္ဒန္တစန္ဒာဝရာဘိဝံသဦးစီး၍ ကျင်းပပြုလုပ်အပ်သော မင်္ဂလာဒုံ ကျိုက္ကလော့ သင်္ကြန်တရားစခန်းပွဲကို ၂၀၁၃ခုနှစ် ဧပြီ ၁၂ရက်မှ ၂၁ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ စခန်းပွဲဝင်ရောက်အားထုတ်လိုသော ယောဂီများသည် ဧပြီ ၁၁ရက် ညနေ ၆နာရီတွင် လာရောက်ကြရန် နှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၈၅၈၁၆၇၅၊ ၀၉-၇၃၂၀၂၅၈၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀-က)
ပြင်ဦးလွင်ခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉

ဒေါ်သန်းသန်းဆင့်	နှင့်	ဦးရောမစ် ပါ-၃
တရားလို		**တရားပြိုင်များ**

(၁) ဦးရောမစ်၊ (၂) ဒေါ်သာရာဒေဝီ (အတူနေလင်မယား) အမှတ် ဗ-၄၂၊ ကသည်းအုပ်စု၊ ကသည်းဗိုလ်ကုန်းရပ်၊ မိုးကုတ်မြို့ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်သန်းသန်းဆင့်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြရွှေကျော်)
ဒုတိယခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

အမည်ပြောင်း

ဦးစိုးဝင်း၏သား အထက(၅)၊ မင်္ဂလာတောင်ညွန့်၊ Grade 10(B)မှ မောင်ဟိန်းထက်လင်းအား မောင်တင်လင်းဟုပြောင်းလဲခေါ်ပါရန်။

မောင်တင်လင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၃၀၈၃ Nissan Diesel၊ Truck (8×4) T/S R ယာဉ်လက်ဝယ်ရှိသူ Win Hnin Sei Trading Company Limited က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် ၁၈၈၊ မြေကွက်တည်နေရာအမှတ် ၁၈၈၊ သုသိတာလမ်းမ၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးအုန်းမောင် ၁၂/ဥကမ(နိုင်)၁၁၇၈၀၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ကွယ်လွန်သဖြင့် ဦးစန်းမြင့် ၁၂/ဥကမ(နိုင်) ၁၃၀၉၈၆၊ ဦးတင်မြင့် ၁၂/ဥကမ(နိုင်) ၁၂၉၆၄၆၊ ဒေါ်သင်းသင်းရီ ၁၂/ဗတထ(နိုင်) ၀၀၄၃၃၇၊ ဦးထွန်းမြင့် ၁၂/ဥကမ (နိုင်) ၁၃၀၆၂၂၊ ဒေါ်လှလှဝင်း ၁၂/ဥကမ(နိုင်) ၀၀၂၈၆၇၊ ဦးနေဝင်း၁၂/ဥကမ(နိုင်)၁၁၆၆၇၄၊ ဒေါ်မင်းမင်းရီ၁၂/ဥကမ(နိုင်)၁၂၈၇၂၀ဦးအောင်သူ ၁၂/ဥကမ(နိုင်)၁၃၀၆၂၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ၁၁၂ အမည်ပေါက် ဒေါ်တင်လှိုင် အိုင်အက်စ်အန်- ၀၃၃၅၉၃က ငွေသွင်းချလန်ပျောက်ဆုံးနေပြီး မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

စတုတ္ထအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မဟာသက္ကျအတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး၌ ဂေါပကအဖွဲ့မှကြီးမှူး၍ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ၁-၄-၂၀၁၃ ရက်မှ ၁၀-၄-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ၁၁နာရီအထိ အောက်ဖော်ပြပါ ဆရာမများမှ သင်ကြားပို့ချပေးပါမည်။

(၁) ဆရာမ ဒေါ်စန်းစန်းဝင်း(ဆုထူးပန် အဘိဓမ္မာ)

(၂) ဆရာမ ဒေါ်ခင်သန္တာဦး၊ သဒ္ဓမ္မဇောတိကဓဇ(ငွေလုရတနာအဘိဓမ္မာ)

(၃) ဆရာမ ဒေါ်ငွေရည်ဦး(သံသရာလမ်းညွှန် အဘိဓမ္မာ)

သင်တန်းတက်ရောက်သင်ကြားလိုသော ကလေးသူငယ်များ(အသက် ၉ နှစ်မှအထက်) ဂေါပကအဖွဲ့ရုံးသို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၅၄၂၁၇၇ သို့ ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဂေါပကအဖွဲ့
ငါးထပ်ကြီးဘုရား

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၄/ဗ၅၊ မြေကွက်တည်နေရာအမှတ် ၉၊ အောင်ဘောဂလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်ခင်မီ ပါ-၈ အမည်ပေါက်ဘီ(လ/န ၃၉)မြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၆၃/၂၃-၇-၁၉၈၅ဖြင့် ဝယ်ယူထားသူ ဦးညွန့်ဝေ(ကိုယ်စား) အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၂၇/၁-၂-၂၀၁၃ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်လွင်ဦး ၁၂/လမန(နိုင်)၀၁၄၁၆၆က အရောင်းအဝယ်စာချုပ်အမှတ် ၆၆၃/၁၉၈၅၏ မိတ္တူမှန်တင်ပြ၍ မြေကွက်ခွဲရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည် (ဖုန်း – ၀၉၄၉၂၆၂၅၅၉)

သာကေတရှုခင်းသာမြို့ပတ်လမ်း၊ နိုင်ရွှေဝါမှတ်တိုင် ၂၀'×၆၀'၊ ၂ထပ်၊ BN၊ ကျွန်းပါကေးခင်း၊ ကားဂိုဒေါင်ပါ၊ (၃၄)ဘတ်စ်ကားပြေး၊ သိန်း(၉၈၀)

လှည်းတန်းစံရိပ်ငြိမ်နီလာလမ်း (ဗဟိုလမ်းနောက်ကျော)၊ ၁၂½'× ၅၀'၊ မြေညီ၊ ထပ်နိုး၊ သိန်း(၄၀၀)

သကြိန်ရက်ရှည်ပိတ်မယ်ဗျို့

N0301

သကြိန်ရက်ရှည်ပိတ်မယ်ဆိုတော့
အဲ့ဒီရက်တွေမှာ ဖုန်းဆက်လို့မရရင် စိတ်မဆိုးပါနဲ့။
ခုထဲက ကြိုမှာထားပေါ့ တစ်အိတ်တစ်လေ ပို့ထားပေးတာပေါ့လည်း
သကြိန်ရက်ထဲ လှူချင်ရင် လှူလို့ ရတာပေါ့

PP-18/03/2013

ကျန်းမာချမ်းသာကြပါစေ

📱: 09-73077711 📱: 09-73077722, 📱: 09-73077733
☎ 682844 ☎ 682944 ☎ 682928 ☎ 686212

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏အမှုသည်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၆၄/စီ နေ (၁)ဦးမျိုးဝင်း၊ (၂)ဒေါ်ပေါ်လီတို့ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်-စက်မှုဒေသ၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ (၁)ဦးမျိုးဝင်း၏ အမည်ပေါက်မြေကွက်အမှတ် ၅၂/က မြေကွက်နှင့် (၂)ဒေါ်ပေါ်လီ၏ အမည်ပေါက် မြေကွက်အမှတ် ၅၂/ခ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရပ်ကွက်အမှတ် ၄၂၊ အမှတ်၅၂ ဟု ခေါ်တွင်သော အဆောက်အအုံများကို လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်များ၊ အဆောက်အအုံများနှင့်ပတ်သက်၍ ဆိုင်ရာဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာရှိသူများသည် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားအခိုင်အလုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်အပြီးအပိုင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝင်း B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇)
အမှတ် ၃၅(ပထမထပ်)၊ ၂၁ လမ်း၊ လသာမြို့နယ်၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၈၃၊ အလျားပေ၆၀၊ အနံပေ၄၀၊ စတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာ ၁၃ လမ်း၊ အမှတ် ၉၈၃ဟုခေါ်တွင်သောနေအိမ်သည် ဒေါ်သန်းရီ CF-၁၀၂၂၄၆အမည်ဖြင့် အမည်ပေါက်လျက်ရှိပါသည်။ မြေအမည်ပေါက်ပိုင်ရှင် ဒေါ်သန်းရီနှင့် ၎င်း၏ခင်ပွန်း ဦးခင်မောင်တို့ကွယ်လွန်ကြပြီးဖြစ်၍ ဒေါ်သန်းရီနှင့် ဦးခင်မောင်တို့၏ သားသမီးများဖြစ်ကြသော ဦးအောင်မြင့် ၁၄/ပသန(နိုင်)၀၂၅၄၉၂နှင့် ဒေါ်အေးအေးမြ ၁၂/လမန(နိုင်)၁၀၂၆၁၁တို့က အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ဦးအောင်မြင့်နှင့် ဒေါ်အေးအေးမြတို့ပိုင်ဆိုင်သော အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်ကို ဦးအောင်မြင့်နှင့်ဒေါ်အေးအေးမြတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်မည့်သူရှိပါက ဤသတင်းစာတွင်ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက်၍ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သောနေ့ရက်တွင် ကန့်ကွက်မည့်သူမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစံမြ(ပုလော)	ဒေါ်ကျေးမြင့်(ပုလော)	ဒေါ်သဥ္ဇာမွေး
LL.B	LL.B, D.I.L, D.M.L	LL.B
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၄၇၇၁)	(စဉ်-၃၀၈၄၁)	(စဉ်-၃၈၃၂၉)

အမှတ် ၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၅၀၇၉၉၊ ၀၉-၈၆၁၃၃၅၉၊ ၀၉-၄၃၀၈၂၄၃၇

သွားလေရာသို့ ပိဋကတ်တိုက်ကြီး သယ်ဆောင်သွားနိုင်ပြီ...

အိတ်ဆောင်စာကြည့်တိုက်

“ဆဋ္ဌသင်္ဂါယနာတင်မှ ပိဋကတ်သုံးပုံ အစုံပါရှိပါသည်။ ပါဠိ-မြန်မာ အဘိဓာန် အတွဲများ အားလုံးပါရှိပါသည်။

(Mdy) 02-63252, 73395 (Ygn) : (09) 73024327, 73024328 (01) 374544, 376564 (09) 5140000

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၁၆-ရပ်ကွက် မာလာမြိုင် (၁) မြစ်လမ်း အမှတ်-၃၁/ခ (မြေညီထပ်) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသော ဦးလှအောင် (၁၂/လသန (နိုင်) ၀၁၇၉၂၅) နှင့် ဦးအေးညွန့်ဆွေ (၁၂/လသန (နိုင်) ၁၄၁၂၅၈) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသဖြင့် တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက တရားဝင်စာရွက်စာတမ်း (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးအုန်းမြင့် (B.A., H.G.P., B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၂၈၂၃/၈၄)
တိုက် (၁၀/၁၂) ပထမထပ်၊ အခန်း (ဘီ/၅) ၃၅–လမ်း (လယ်ဘက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ တိုက်အမှတ် ၅၇/အေ၊ ခုနစ်လွှာ(ခေါင်းရင်းခြမ်း)တိုက်ခန်းကို ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်စိုး ၁၂/ကမတ (နိုင်)၀၄၆၉၁၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ကျွန်ုပ်ထံ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အဆိုပါတိုက်ခန်းကို ဥပဒေနှင့်အညီ လက်ရောက်ရယူကာ ဝယ်ယူသူ အမည်ပေါက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော်(အထက်တန်းရှေ့နေ)	တိုက် ၆/၁/၃၊ ဆရာများရိပ်သာ၊
B.Sc, H.G.P, D.B.L, D.I.L, D.M.L,	လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊
DL-IP, WIPO in Geneva	ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၆၈၃

E-mail:myomaw2007@ gmail.com

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်း(၁၂/ဥကတ(နိုင်)၀၅၀၉၉၇)၏ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးအောင်သန်း၏ကွယ်လွန်သူဖခင်ကြီး ဦးထွန်းရင်(ဘ)ဦးရန်ရှင်း(၁၂/ဥကတ(နိုင်)၀၅၁၀၀၇)အမည်ပေါက်ပိုင်ဆိုင်သည့်နှစ်(၆၀)မြေငှားဂရန်စာချုပ်အမှတ်-တဥ(၆/၀၇၅၃/၉၃)ဖြင့် မြေတိုင်းရပ်ကွက်အမှတ်(၆) လူနေရပ်ကွက်အမှတ်(၆)၊ အမှတ်(၁၀၂၈)၊ သုမင်္ဂလာလမ်း၌တည်ရှိသည့် မြေဧရိယာ အလျား(၆၀)ပေ x အနံ(၂၀) ပေ(၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့်တကွမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ် အဆောက်အဦးတို့သည် (၁)ဒေါ်ချမ်း(DKU-၀၀၂၈၂၀)(ဦးလှသိန်း(ကွယ်လွန်)၏ဇနီး) (၂)ဦးအောင်သန်း(၁၂/ဥကတ(နိုင်)၀၅၀၉၉၇)(၃)ဒေါ်နုသည်(၁၂/ဥကတ(နိုင်)၀၅၅၀၀၆)တို့ (၃)ဦးသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်သောအမွေဆိုင်ပစ္စည်းများသာဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဦးအောင်သန်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ပူးတွဲပိုင်ဆိုင်သည့်အထက်ပါအမွေဆိုင်ပစ္စည်းများကိုကျွန်ုပ်၏မိတ်ဆွေဦးအောင်သန်း၏ ဥပဒေနှင့်အညီအတိအလင်းသဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲအခြားသူတစ်ဦးတစ်ယောက်သို့ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းမှစ၍ ပြုလုပ်ခွင့်မရှိပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်သန်း(၁၂/ဥကတ(နိုင်) ၀၅၀၉၉၇)၏ ညွှန်ကြားချက်အရ
ဒေါ်မြတ်သန္တာစော် (LL.B, Dip: IT, C.B.L)အထက်တန်းရှေ့နေ(စဉ် -၃၁၃၈၆)၊
အမှတ် (၁၂၀၂/ခ)၊ ဒေဝဒဟ (၃၃)လမ်း(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းပြီးကြောင်း အများသိစေရန်ကြေညာချက်

ကျွန်မဒေါ်နှင်းရီ(၁၂/လမတ(နိုင်)၀၂၃၉၁၃)သည်ကျွန်မ၏သားဖြစ်သူ ဦးခင်မောင်ဝင်း(၁၂/လမတ(နိုင်)၀၂၃၉၇၁)သို့လွှဲအပ်ပေးထားသည့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၁၂၄၀/၃၁. ၁. ၂၀၀၈)အားကျွန်မဒေါ်နှင်းရီနှင့် ဦးခင်မောင်ဝင်းတို့သည်သဘောတူစွာဖြင့်(၁၂. ၃. ၂၀၁၃)ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ရုပ်သိမ်းပြီးဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းရီ
(၁၂/လမတ(နိုင်)၀၂၃၉၁၃)
အမှတ်(၆၃)၊(၁၀)လမ်း၊(၄)ရပ်ကွက်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

“ဦးဆန်းမင်းဦး(ဘ)ဦးလယ်ဝါး၊ ၁၄/မအပ(နိုင်)၁၈၇၆၁၈၊ အမှတ်(၅၄/စ)၊ ငန်းနီလမ်း၊ (စ)ရပ်ကွက်၊ အင်းစိန်မြို့နယ်နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးတက်ဝင်းမြိုင်တို့၏ (၁၆-၃-၂၀၁၃)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၇)ပါ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း”

[illegible]

၇-၁၂-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၄၊ ဒေါ်အေးကွယ်၏ သားသမီးအရင်းများဖြစ်သော နန်းမြမြမေ၊ နန်းသန်းသန်းညွန့်၊ မညွန့်ညွန့်မေ၊ မဥမ္မာဆွေတို့၏ အများသိစေရန် ကြေညာချက်အား

ပြန်လည်ရှင်းလင်းကြေညာခြင်း

မိခင်ကြီး ဒေါ်အေးကွယ် အသက်(၇၇)နှစ်မှာ ၇-၁-၂၀၁၃ရက် အာရုတော်ဝင်ဆေးရုံ၌ မကွယ်လွန်မီအချိန်အထိ မှတ်ဉာဏ်၊ အသိဉာဏ်၊ စွမ်းရည်များကောင်းပါသည်။ မိခင်ကြီး ဒေါ်အေးကွယ် ဆေးကုသစဉ်ကာလ (၂၀၀၈)ခုနှစ်မှစတင်၍ အနီးကပ်ကျွေးမွေးပြုစုစောင့်ရှောက်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မြို့မကွန်ဒို၊ အမှတ် (အီး-၅)နေ သမီး ဒေါ်နန်းသန်းသန်းရွှေ ၁၂/ဒဂန(နိုင်)၀၂၅၅၇၈သို့ ဒေါ်အေးကွယ်အမည်ပေါက်ပိုင်ဆိုင်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်၊ ဗိုလ်တဲလမ်း၊ အမှတ် (၂၆/ဘီ)၊ ဦးပိုင်အမှတ် (၃၇-ခ)၊ အကွက်အမှတ် ၃၇၊ ဧရိယာ ၀ဒသမ၀၉၂၈ဧက၊ ပိုင်ဆိုင်ခွင့် (အယ်လ်)အိမ်ခြံမြေနှင့် အိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် သီးပင်စားပင် အိမ်ခြံမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းရငွေမှ ကျပ်သိန်း ၁၂၅၀အား ပေးအပ်ရန် ခရစ်ယာန်ဘာသာရေးနှင့်အညီ ဒေါ်အေးကွယ်က အသိသက်သေများရှေ့မှောက်၌ ၇-၃-၂၀၁၂ရက်တွင် လက်မှတ်ရေးထိုး ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်နန်းသန်းသန်းရွှေ ၁၂/ဒဂန(နိုင်)၀၂၅၅၇၈၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ယု(ဆကာကြီး)	ဒေါ်တင်လေးနွယ်(ပြည့်ပြည့်)	ဒေါ်ထက်ထက်လှိုင်

အထက်တန်းရှေ့နေများ
တိုက် -၁၀/၁၂ (ပထမထပ်)၊ အခန်း ၁၀၄(D)၊ ၃၅လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့